# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)**


၁၃၈၁ ခုနှစ်၊ နယုန်လကွယ်နေ့ ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၂၇၄)


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဇွန် ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ယနေ့ရက်စွဲဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ထိရောက်စွာဆောင်ရွက်နိုင်ရေး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေများတွင် စစ်ရေးဆိုင်ရာလှုပ်ရှားမှုအားလုံးအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၁၉ ခုနှစ်၊ ဧပြီ ၃၀ ရက်အထိ ၁ ကြိမ်၊ ၂၀၁၉ ခုနှစ်၊ မေ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၁ ကြိမ် ရပ်ဆိုင်းပေးခဲ့ကြောင်းကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နှင့် ၂၀၁၉ ခုနှစ်၊ ဧပြီ ၃၀ ရက်တို့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း။

၎င်းကဲ့သို့ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများအား ရပ်ဆိုင်းပေးထားသည့်ကာလအတွင်း၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းကဲ့သို့ အခြေအနေမျိုးတွင် တပ်မတော်အနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ငြိမ်းချမ်းရေးအပေါ်မျှော်လင့်ချက်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်မှုအပြည့်ဖြင့် ယခုထက် ပိုမိုဆက်လက်ဆောင်ရွက်နိုင်ရေး ရည်ရွယ်လျက် အထက်ဖော်ပြပါ တိုင်းစစ်ဌာနချုပ် နယ်မြေများ၌ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများအား ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၃၁ ရက်အထိ တိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**

# လေဖိအားနည်းရပ်ဝန်း အားကောင်းလာ မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် ဇွန် ၃၀**

ယနေ့ ညနေ ၆ နာရီခွဲ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားချက်မှုဦးစီးဌာနမှ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိ နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မြန်မာ့အလင်း**





# ဂျပန်နိုင်ငံမှ ပေးပို့လှူဒါန်းသည့် ကမ်းရိုးတန်းသွား ကစ္ဆပနဒီ(၃)ခရီးသည်တင် အမြန်ရေယာဉ် လွှဲပြောင်းပေးအပ်

**ရန်ကုန် ဇွန် ၃၀**

ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများမှ ရခိုင်ပြည်နယ်တွင် ပြေးဆွဲအသုံးပြုရန်အတွက် ပေးပို့လှူဒါန်းသည့် ကမ်းရိုးတန်းသွားကစ္ဆပနဒီ (၃) ခရီးသည်တင် အမြန်ရေယာဉ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့အထက်ပန်းဆိုးတန်းလမ်းရှိ Rose Garden ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က "အခုလွှဲပြောင်းရရှိတဲ့ ကစ္ဆပနဒီ (၃)ရေယာဉ်ဟာ ကမ်းရိုးတန်းသွားရေယာဉ်အမျိုးအစားဖြစ်တာကြောင့် စစ်တွေ-ကျောက်ဖြူခရီးလမ်းကို ကမ်းရိုးတန်းပင်လယ်ပြင်ကနေဖြတ်သန်းပြီး တိုက်ရိုက်ခရီးစဉ် ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ စစ်တွေ-ကျောက်ဖြူခရီးလမ်းကိုအရင်က မြစ်ကြောင်းအတွင်းလမ်းမှသာခုတ်မောင်းခဲ့ရတဲ့အတွက် ခုတ်မောင်းချိန် ခုနစ်နာရီခန့် ကြာမြင့်ခဲ့သော်လည်း အခုအခါမှာ ကမ်းရိုးတန်းအပြင်လမ်းကနေ ခုတ်မောင်းနိုင်မှာဖြစ်တဲ့အတွက် ခုတ်မောင်းချိန် လေးနာရီသာကြာမြင့်တော့မှာဖြစ်ပါတယ်။


*စာမျက်နှာ ၄ ကော်လံ ၁* ❑



C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

မြန်မာ့အလင်း

# သမိုင်းထဲက ခေါင်းဆောင်

သမိုင်းသင်တာ မအ အောင်လို့ဟူသော သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာသန်းထွန်း၏ အဆိုသည် မြန်မာနိုင်ငံသားတို့အကြား လွန်စွာ ထင်ရှားကျော်ကြားပါသည်။

သမိုင်းကို သိမှ သမိုင်းထဲက သင်ခန်းစာယူစရာများ၊ ဂုဏ်ယူစရာများ၊ ဖယ်ချစွန့်ပစ်ရမည်များ၊ ထိန်းသိမ်းစောင့်ရှောက်ရမည်များကို သိမည်။ ထို့ကြောင့် သမိုင်းကို ဂဃနဏ သိရှိအောင်လုပ်ခြင်းသည် နိုင်ငံနှင့်ချီ၍ အရေးကြီးသည်။ တစ်စုံတရာကို ဂဃနဏ သိအောင်လုပ်ခြင်း၊ ကျကျနန နားလည်ခြင်းဖြင့် အမှားအမှန်ကို ချင့်ချိန်ခွဲခြားသိရှိမှုကို ပညာဟု ဆိုခြင်းဖြစ်၏။ သမိုင်းကို သိရှိပြီး သမိုင်းထဲက အဖြစ်အပျက်များအတွင်းက မည်သည်ကမှန်၏မှား၏၊ မည်သည်က သင့်၏မသင့်၏၊ မည်သည်က တန်ဖိုးထားရမည်ဟူသည်ကို ပညာဖြင့် ချင့်ချိန်ခွဲခြားကာ သိဖို့လိုပါမည်။

သမိုင်းမှာ ဘာကို တန်ဖိုးထားရမည်ဆိုသည်ကို နားမလည်ကြ၊ ဖုံးကွယ်ဖယ်ရှားကြ၊ ပြောင်းလဲဖျက်ဆီးကြခြင်းဖြင့် နိုင်ငံ၌ နစ်နာဆုံးရှုံးခဲ့ရသည့် သာဓကများက စာရင်းပြုစုလို့ မကုန်နိုင်အောင် ရှိခဲ့လေသည်။

ခေတ်သစ်မြန်မာနိုင်ငံသမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းကဏ္ဍမှာ အလွန်ကြီးပါသည်။ ကျောင်းသား ကိုအောင်ဆန်း၊ တို့ဗမာသခင်အောင်ဆန်း၊ တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၊ လွတ်လပ်ရေးအရယူပေးနိုင်ခဲ့သည့် နိုင်ငံရေးသမား ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင် ဦးအောင်ဆန်း အစရှိသောဂုဏ်ပုဒ် အမျိုးမျိုးဖြင့် အမျိုးသားခေါင်းဆောင်ကြီး၊ အာဇာနည်ခေါင်းဆောင်ကြီး ဖြစ်ပါသည်။

သူ၏ အလွန်ကြီးကျယ်ခမ်းနားသော ဂုဏ်ပုဒ်တစ်ခုမှာ နိုင်ငံလွတ်လပ်ရေးကို အရယူမည်ဟူသည့် ပိုင်းဖြတ်မှုအပေါ် သစ္စာရှိရှိ စောင့်ထိန်းကာ ဘဝတစ်လျှောက်လုံး အလုပ်လုပ်သွားခဲ့ခြင်းဟု မြင်ပါသည်။ ထိုပိုင်းဖြတ်မှုအတွက် လိုအပ်မည်ဟု သူယူဆထင်မြင်သမျှသော ဆောင်ရွက်မှုတိုင်းကို ပြတ်ပြတ်သားသား ရပ်တည်လုပ်ဆောင်ခဲ့ခြင်းသည်လည်း သူ၏မြင့်မြတ်မှုဟု ဆိုချင်ပါသည်။

လွတ်လပ်ရေးအတွက်ဆိုလျှင် နိုင်ငံရေးလုပ်မှဖြစ်မည်ဟု ပိုင်းဖြတ်ပြီးသည်နှင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ်က နုတ်ထွက်ကာ တို့ဗမာအစည်းအရုံးဝင် သခင်အဖြစ် ခံယူလိုက်၏။ နိုင်ငံလွတ်လပ်ရေးအတွက် အလုပ်လုပ်ရမည်ဆိုသည့် ခေါင်းစဉ်အောက်မှာ မည်သည့်တွေဝေမှုမျှ မရှိ။

လွတ်လပ်ရေးရဖို့ ဗြိတိသျှလက်အောက်က လွတ်မြောက်ဖို့ဆိုလျှင် လက်နက်ကိုင်တော်လှန်ရေးလုပ်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ပြီးသည့်အခါ ရသည့်နည်းဖြင့်ထွက်ကာ လက်နက်ကိုင်၏။ သခင်အောင်ဆန်းအဖြစ်က ဗိုလ်တေဇ၊ နောင် ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာသည်။

စစ်ကြီးအပြီး ဖက်ဆစ်တော်လှန်ရေးအောင်ပွဲနောက်တွင် အမျိုးသားလွတ်လပ်ရေးအတွက် နိုင်ငံရေးအရ ဆက်လက်တိုက်ပွဲဝင်ရမည်ဟု ဆုံးဖြတ်ပြီးသည့်နောက်တွင် တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ဘဝက လုံးဝနုတ်ထွက်လိုက်၏။

နိုင်ငံရေးတိုက်ပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းအဖြစ် ဆက်လက်ဆောင်ရွက်မည်ဆိုလျှင်လည်း ပြည်သူအများစုက သူ့ကိုထောက်ခံပြီးသား။ သို့သော်လည်း သူက သူ့စည်းသူ့ကမ်းဖြင့် ရပ်တည်သည်။ နိုင်ငံရေးကို နိုင်ငံရေးပီပီသသ လုပ်မည်ဟူသော သစ္စာကြီးသည့် လုပ်ရပ်။ သည်လိုနှင့် ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင် နိုင်ငံရေးသမား ဦးအောင်ဆန်းအဖြစ် တိုက်ပွဲကို ခေါင်းဆောင်သည်။

မြန်မာနိုင်ငံ၏ ကံကြမ္မာဟုပင် ယိုးစွပ်ရမည်လား၊ နိုင်ငံရေး အတွေးအယူ သိမ်ဖျင်းသည့် လက်နက်အားကိုးသမားတို့ကြောင့်ဟုပဲ ဆိုရမည်လား မသိ။ ရက်စက်လှသည့် မသမာသူတို့၏ လုပ်ကြံမှုခံရကာ လူ့ဘဝသက်တမ်းဖြင့် နှိုင်းစာလျှင် အလွန်ငယ်ရွယ်သေးသည်ဟု ဆိုရမည့်အချိန်မှာ ကျဆုံးခဲ့ရရှာသည်။

နိုင်ငံရေးအမြော်အမြင်ကြီးသည့် ခေါင်းဆောင်တစ်ဦး၏ တာဝန်ကျေပွန်သော ဆောင်ရွက်ချက်များက သူကျဆုံးကွယ်လွန်သွားသည့်တိုင်အောင် သူမျှော်မှန်းခဲ့သည့် မြန်မာ့လွတ်လပ်ရေးပန်းတိုင်ဆီသို့ အရောက်ခေါ်ယူသွားနိုင်ခဲ့ခြင်းက သမိုင်းမှတ်တမ်းတစ်ခုအဖြစ် မော်ကွန်းတည်ခဲ့ပါကြောင်း။ ။


အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၆)ရက် (စနေနေ့)

MOALI

6 2019 July #coopsday International Day of Cooperatives

International Co-operative Alliance

" Coops 4 Decent Work "

"အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖို့ သမဝါယမအသင်းများဆောင်ရွက်စို့"


## ကျိုက်လတ်၌ ရွှေခရုဥမြုံ့ကာကွယ်နှိမ်နင်းမှု လက်တွေ့ကောက်ယူအသိပညာပေး

ကျိုက်လတ် ဇွန် ၃၀

မိုးစပါးစိုက်ပျိုးရာသီတွင် ကျရောက်လေ့ရှိသည့် ရွှေခရုများအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ကျရောက်လာပါက စနစ်တကျကာကွယ်နှိမ်နင်းနိုင်ရေးအတွက် ရွှေခရုနှင့် ဥမြုံ့များ ကောက်ယူရှင်းလင်း အသိပညာပေးပွဲကို ဇွန် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ထင်းကွင်းကျေးရွာအုပ်စု၌ ကျင်းပသည်။ အသိပညာပေးပွဲတွင် ကျိုက်လတ်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းလှိုင်၊ တိုင်းဒေသကြီး ပိုးမွှားတာဝန်ခံ ဦးဝင်းစိုးနှင့် ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်တို့က ဒေသတွင်း စပါးစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံဖျက်ပိုးမွှားကာကွယ်ရေး၊



ရွှေခရုဥမြုံ့ကာကွယ်နှိမ်နင်းမှု လက်တွေ့ကောက်ယူဆောင်ရွက်ကြစဉ်။

ရွှေခရုဖျက်ဆီးမှုကာကွယ် ရေးနည်းလမ်းများ စနစ်တကျ အသုံးပြုနိုင်ရေး၊ ရွှေခရုဖျက်ဆီးမှုအပြင် အခြားသော အဖျက်အဆီးများ မကျရောက်စေရေး၊ တောင်သူများစိုက်ပျိုးရေး အသိပညာ ပိုမိုမြင့်မား တိုးတက်လာစေရေး စသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပေါင်းစပ်၍ လက်တွေ့ ရွှေခရုဥမြုံ့နှင့် အကောင်များ ကောက်ယူနှိမ်နင်းမှုကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ပညာပေးပွဲကို ကျိုက်လတ်မြို့နယ် ထင်းကွင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၄-အေ)၊ ဦးပိုင်အမှတ် (၁/၇)ရှိ တောင်သူဦးမြင့်သောင်း၏ လယ်အတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရွှေခရုအကောင် ၁၈ တင်း နှစ်ပြည် နှင့် ဥမြုံ့ တစ်တင်း ရှစ်ပြည်ကို သတ်မှတ်နည်းလမ်းအတိုင်း ဖျက်ဆီးပေးခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

## အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များတွင် ပါဝင်မည့် အဖွဲ့ဝင်ကိုယ်စားလှယ်များရွေးချယ်ရေး လုပ်ထုံးလုပ်နည်း(မူကြမ်း)ဆွေးနွေး

ရန်ကုန် ဇွန် ၃၀

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ယမန်နေ့က ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတွင် ပါဝင်မည့် အဖွဲ့ဝင်ကိုယ်စားလှယ်များ ရွေးချယ်ရေး လုပ်ထုံးလုပ်နည်း(မူကြမ်း) ဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အိုင်အယ်လ်အို (ရန်ကုန်ရုံး)မှ Ms.Anne Boyd၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များမှ အတွင်းရေးမှူးများနှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေအား ၃-၆-၂၀၁၉ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ အဆိုပါဥပဒေနှင့် ညီညွတ်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရန် လိုအပ်သဖြင့် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များတွင် ပါဝင်မည့် အဖွဲ့ဝင်ကိုယ်စားလှယ်များ ရွေးချယ်ရေးလုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ အဆိုပါ လုပ်ထုံးလုပ်နည်းကို ရေးဆွဲသတ်မှတ်ခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားများကို ကိုယ်စားပြုသည့် စစ်မှန်သော ကိုယ်စားလှယ်များအား စနစ်တကျ ရွေးချယ်နိုင်မည်ဖြစ်ကြောင်းနှင့် ရေးဆွဲထားသည့် လုပ်ထုံးလုပ်နည်း(မူကြမ်း) အပေါ် တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ထင်သာမြင်သာပြုပြင်စရာ

## ကတ္တရာလမ်းပေါ် ချိုင့်ခွက်ကြီးများ ပြုပြင်ပေးစေလို

ဝန်ထမ်းပေါင်းစုံရုံးစိုက်ရာအနီး သွားလာအသုံးပြုလျက်ရှိသော ခန္တီးမြို့ ရုံးကြီးလမ်းသည် နှစ်ပေါင်းများစွာ ကြာမြင့်နေသည့်အတွက် ယခုအချိန်တွင် လမ်းပျက်စီးကာ ကတ္တရာလမ်းမပေါ်၌ ချိုင့်ခွက်ကြီးများ၊ ရေအိုင်ကြီးများ ဖြစ်ပေါ်နေ၍ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနပေါင်းစုံဝန်ထမ်းများ သွားလာမှု အဆင်မပြေကြောင်း သိရသည်။

"လမ်းပျက်စီးနေတာ တစ်နှစ်ပြည့်တော့မယ်။ မိုးမရွာခင်ကတည်းက ကတ္တရာလမ်းတွေပျက်စီးပြီး ချိုင့်ခွက်ကြီးတွေ အများအပြားဖြစ်ပေါ်နေတာပါ။ မိုးရွာရင်တော့ ဆိုင်ကယ်စီးလို့မရဘူး။ ကျောင်းသား ကျောင်းသူတွေ၊ ဒေသခံပြည်သူတွေ ခက်ခက်ခဲခဲသွားလာနေရပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ ရုံးကြီးလမ်းတစ်လျှောက်နှင့် ဗိုလ်ချုပ်လမ်း ကမ္ဘာဇဘဏ်ရှေ့ကတ္တရာလမ်းချိုင့်ခွက်ကြီးဖြစ်ပေါ်နေသောလမ်းသည် ခန္တီးမြို့၏ အဓိကလမ်းမကြီး



ရေအိုင်များဖြစ်ပေါ်လျက်ရှိသော ရုံးကြီးလမ်း။

တစ်ခုဖြစ်ပြီး ရေအိုင်ကြီးများ ဖြစ်ပေါ်နေသောကြောင့် အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း သိရသည်။

**ချန်လော (ခန္တီး)**



## စုပေါင်းလုပ်မှ အကျိုးရှိနိုင်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် KIO, MNTJP, PSLF, ULA တို့ အထူးဒေသ (၄) မိုင်းလားတွင် တွေ့ဆုံဆွေးနွေး

**မိုင်းလား ဇွန် ၃၀**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ရေးထိုးခြင်းမပြုရသေးသည့် KIO (ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့)၊ MNTJP (မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ)၊ PSLF (ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး) နှင့် ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) တို့သည် ယနေ့နံနက် ၁၀ နာရီခွဲက ရှမ်းပြည်နယ် အရှေ့ပိုင်း၊ အထူးဒေသ(၄) မိုင်းလားရှိ Orient Hotel တွင် တွေ့ဆုံခဲ့ကြကြောင်း ငြိမ်းချမ်းရေး ကော်မရှင် အကြံပေးဦးလှမောင်ရွှေထံမှ သိရသည်။

**ပြန်လည်တွေ့ဆုံရန် ကမ်းလှမ်း**

အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် KIO၊ MNTJP၊ PSLF၊ ULA တို့သည် တစ်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အစိုးရ၏အပစ်အခတ်ရပ်စဲရေး Bilateral မူကြမ်းနှင့် ပတ်သက်သည့် အဆိုပြုချက်များကိုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း လေးဖွဲ့ထံပေးအပ်ခဲ့ပြီး ဇူလိုင်လဒုတိယပတ် (သို့မဟုတ်) တတိယပတ်တွင် ပြန်လည်တွေ့ဆုံရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အစိုးရနှင့် KIO+၃ တွေ့ဆုံမှုနှင့်ပတ်သက်၍ ဦးလှမောင်ရွှေက "တက်ရောက်နိုင်ဖို့ညှိနှိုင်းပေးတာက မိုင်းလားအထူးဒေသ(၄) ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေ ပါပါတယ်။ အခက်အခဲကြားက တွေ့ဆုံနိုင်တဲ့ ဒီနေ့တွေ့ဆုံမှုမှာတော့ ငြိမ်းချမ်းရေးကော်မရှင် ဒုဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့က ဒုတိယမူကြမ်းလို့ ပြောလို့ရတဲ့ အစိုးရရဲ့ အပစ်အခတ်ရပ်စဲရေး Bilateral မူကြမ်းနဲ့ပတ်သက်တဲ့ အဆိုပြုချက်တွေ ပေးအပ်ခဲ့တာရှိပါတယ်။ သက်ဆိုင်ရာ လေးဖွဲ့ကလည်း သူတို့ပြောကြားလိုတဲ့ ကိစ္စတွေကို ပြောကြားခဲ့တာ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နောက်နှစ်ပတ် (သို့မဟုတ်) သုံးပတ်အတွင်းမှာ တွေ့ဆုံဆွေးနွေးဖို့ အဆိုပြုခဲ့တာရှိပါတယ်။ ကျွန်တော်တို့ မျှော်လင့်တာကတော့ ကျွန်တော်တို့ Bilateral အဆိုပြုချက်တွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေမှာ ပြန်ပြီးတော့ သုံးသပ်ပြီးရင် ကျွန်တော်တို့နဲ့ ပြန်လည်တွေ့ဆုံပြီးတော့ Bilateral ကိစ္စတွေကို ညှိနှိုင်းဆွေးနွေးနိုင်မယ်လို့ ထင်ပါတယ်။ လေ့လာသူတွေအဖြစ် SSPP နဲ့ NDAA (မိုင်းလား) က တွဲဖက်အတွင်းရေးမှူးတွေ တက်ရောက်ပါတယ်" ဟု ပြောသည်။



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် KIO, MNTJP, PSLF, ULA တို့ အထူးဒေသ (၄) မိုင်းလားတွင် တွေ့ဆုံဆွေးနွေးစဉ်။

ယနေ့ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ကိုယ်စားလှယ်များအဖြစ် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ ငြိမ်းချမ်းရေး ကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) နှင့် ငြိမ်းချမ်းရေးကော်မရှင် အကြံပေးများဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဒေါက်တာ မင်းဇော်ဦး၊ ဦးမိုးဇော်ဦးနှင့် ငြိမ်းချမ်းရေး အကျိုးဆောင် ဦးသက်နိုင်တို့ တက်ရောက်ကြပြီး KIO (ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့)၊ MNTJP (မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ)၊ ULA (ရခိုင်အမျိုးသားအဖွဲ့ချုပ်) နှင့် PSLF (ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး) တို့မှ တာဝန်ရှိသူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး လေ့လာသူများအဖြစ် SSPP (ရှမ်းပြည်တိုးတက်ရေးပါတီ) နှင့် PSC (ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ-မိုင်းလား) တို့မှ တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်ကိစ္စရပ်များ ဆွေးနွေး**

အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် အဆိုပါတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း လေးဖွဲ့တို့သည် ပြီးခဲ့သည့် ဧပြီ ၃၀ ရက်ကလည်း မူဆယ်မြို့ရှိ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Bilateral Ceasefire Agreement) တွင်ပါဝင်သည့် NCA စာချုပ်လက်မှတ်ရေးထိုးရန် ကတိကဝတ်၊ တပ်ပိုင်းဆိုင်ရာနေရာချထားရေးကိစ္စရပ်များ၊ တိုက်ပွဲများမဖြစ်ပွားစေရန် ဆောင်ရွက်မည့်နည်းလမ်းများ အပါအဝင် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အဆိုပြုမူကြမ်းတွင် တိတိကျကျ ထည့်သွင်းရန် လိုအပ်သည့်အချက်များ စသည့် ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်ကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-HMS**

# သက်ကြီးဘဝသည် သာယာစိုပြည်သောဘဝဖြစ်သည် ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**မန္တလေး ဇွန် ၃၀**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) သက်ကြီး ဆရာဝန်များ ထောက်ကူအဖွဲ့မှကြီးမှူး၍ သက်ကြီးဆရာဝန်ကြီးများ၏ ဘဝစိုပြည်စေရေးအတွက် စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ချမ်းအေးသာစံမြို့နယ် ၃၁×၇၀ လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ရတနာပုံခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ပါမောက္ခ ဒေါက်တာဒေါ်ကြူကြူဆွေက ဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က အမှာစကားပြောကြားသည်။

**သိရှိလိုသည်များ မေးမြန်း**

ထို့နောက် ပါမောက္ခဒေါက်တာအောင်ကြီးက Moderator အဖြစ် ဆောင်ရွက်၍ အဆိုရှင်များအဖြစ် ဒေါက်တာ စိုးထွန်း(ပါမောက္ခချုပ်-ငြိမ်း)၊ ဒေါက်တာ ဒေါ်စန်းရီ (ပါမောက္ခ/ဌာနမှူး-ငြိမ်း)၊ ဒေါက်တာ သန်းထွန်းဦး၊ အချေရှင်များအဖြစ် ဒေါက်တာ ဝင်းရှိန်(ဆေးရုံအုပ်ကြီး-ငြိမ်း)၊ ဒေါက်တာ တင်အေးကြည် (ဆေးရုံအုပ်ကြီး-ငြိမ်း)၊ ဒေါက်တာ ကျော်လှတို့က ဆောင်ရွက်ကာ "သက်ကြီးဘဝသည် သာယာစိုပြည်သော ဘဝဖြစ်သည်" ခေါင်းစဉ်ဖြင့် သက်ကြီးဆရာဝန်ကြီးများ၏ ဘဝဆည်းဆာသာယာ စိုပြည်ရေး၊ ယင်းတို့ဖြတ်သန်းခဲ့ရသည့် ဘဝအတွေ့အကြုံများကို ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဂွမြို့တွင် ၅ ဒသမ ၅၁ လက်မ၊ မြိတ်မြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ဘားအံ (စိုက်ပျိုးရေးမိုးလေဝသ)တွင် ၃ ဒသမ ၃၄ လက်မ၊ ပိုင်ကျုံမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၁၅ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ဝ၇ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ဝ၃ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၈၃ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မော်လမြိုင်မြို့နှင့် ပေါင်မြို့တို့တွင် ၂ ဒသမ ၅၂ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/၉လ**



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဂျပန်နိုင်ငံအစိုးရမှ ပေးပို့လှူဒါန်းသည့် ကမ်းရိုးတန်းသွား ကစ္ဆပနဒီ(၃)အမြန်ရေယာဉ် လွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

❑ *ရှေ့ဖုံးမှ*

ဒါကြောင့် စစ်တွေ-ကျောက်ဖြူသို့ တိုက်ရိုက်သွားရောက်မယ့် ခရီးသည်တွေအနေဖြင့် အချိန်ကုန်သက်သာစွာဖြင့် ပိုမိုမြန်ဆန်စွာသွားလာနိုင်တော့မှာ ဖြစ်ပါတယ်။ စစ်တွေ-မြေပုံ-ကျောက်ဖြူအတွင်း လမ်းခရီးစဉ်ကိုလည်း လက်ရှိပြေးဆွဲပေးနေတဲ့ ရေယာဉ်တွေနဲ့ ဆက်လက်ပြေးဆွဲပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်” ဟု ပြောသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ Parliamentary Vice-Minister of Land, Infrastructure, Transport and Tourism , Mr.Masashi Adachi နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် Mr.Masashi Adachi က ပြည်ထောင်စုဝန်ကြီးထံ ကစ္ဆပနဒီ(၃) ခရီးသည်တင် အမြန်ရေယာဉ်သစ် လွှဲပြောင်းပေးအပ်ခြင်းနှင့် အထိမ်းအမှတ် ရေယာဉ်ပုံစံငယ်အားပေးအပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့အားအမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ယခုလွှဲပြောင်းလက်ခံရရှိသော ကစ္ဆပနဒီ(၃)ရေယာဉ်သည် ဂျပန်နိုင်ငံ၏ Grant Aid for the Economic and Social Development Program 2016 အစီအစဉ်ဖြင့် ဂျပန်ပြည်သူများကပေးအပ်လှူဒါန်းငွေ ယန်းသန်း ၁၀၀၀ ဖြင့် ဂျပန်နိုင်ငံ စုမိဒဂဝသင်္ဘောကျင်းတွင် အသစ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သင်္ဘော၏ အလျားမှာ ၃၄ ဒသမ ၇၁ မီတာဖြစ်ပြီးအကျယ် ခြောက်မီတာရှိကာအမြင့် ၂ ဒသမ ၇၀ မီတာရှိကြောင်း သိရသည်။ ရေစူးမှာ ၁ ဒသမ ၂၆ မီတာရှိပြီး ရေယာဉ်ကိုယ်ထည်အမျိုးအစားမှာစတီးနှင့် အလူမီနီယံအလွှိုင်း အသုံးပြုထားကြောင်း သိရသည်။ အင်ဂျင်အမျိုးအစားမှာ Marine Diesel MTU 12V2000M72, 1080 BKW x 1406 rpm x 2 Nos ဖြစ်ကြောင်း သိရသည်။ ရေယာဉ်အမြန်နှုန်းကို တစ်နာရီလျှင် ရေမိုင် ၂၀ ခုတ်မောင်းနိုင်ပြီး သင်္ဘောဝန်ထမ်း ၁၀ ဦးနှင့် ခရီးသည် ၁၅၀ တင်ဆောင် မောင်းနှင်နိုင်ကြောင်း သိရသည်။ ကစ္ဆပနဒီ(၃)ခရီးသည်တင် အမြန်ရေယာဉ်သည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် ကျောက်ဖြူဆိပ်ကမ်းသို့ ၂၀၁၉ ခုနှစ် မတ် ၈ ရက်တွင် ရောက်ရှိခဲ့ပြီး ဧပြီ ၅ ရက်မှစ၍ ခရီးစဉ်ကို စတင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ပထမအသုတ်အနေဖြင့် ဂျပန်ယန်းသန်း ၅၀၀ တန်ဖိုးရှိ ဂျပန်နိုင်ငံတွင်အသုံးပြုဆဲဖြစ်သည့် ရေယာဉ်များအား ကစ္ဆပနဒီ(၁) နှင့် ကစ္ဆပနဒီ(၂) ဟူ၍ အမည်ပေးပြီး မြန်မာနိုင်ငံအားပေးပို့ခဲ့ပြီး ဖြစ်သည်။ ကစ္ဆပနဒီ(၁) သည် ၂၀၁၇ ခုနှစ် မတ် ၁၄ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ၂၀၁၇ ခုနှစ် ဧပြီ ၁၀ ရက်၌ စစ်တွေ-မြေပုံ-ကျောက်ဖြူခရီးလမ်းတွင် ပြေးဆွဲခဲ့ကြောင်း၊ ကစ္ဆပနဒီ (၂) ရေယာဉ်သည် ၂၀၁၇ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ရောက်ရှိပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ စစ်တွေ၊ မြေပုံ၊ ကျောက်ဖြူခရီးလမ်းကို အားဖြည့်ပြေးဆွဲခဲ့ကြောင်း သိရသည်။

ထို့ပြင် စစ်တွေမြို့နှင့် တောင်ကုတ်မြို့ ဆိပ်ကမ်းများတွင်အသုံးပြုရန် ဆိပ်ခံတံတားနှစ်စင်းကိုလည်း ဂျပန်နိုင်ငံ၏ စံချိန်စံညွှန်းများနှင့်အညီ အပိုင်းလိုက်တည်ဆောက်၍ ပင်လယ်ကူးသင်္ဘောများဖြင့်သယ်ယူပြီး မြန်မာနိုင်ငံ၌တပ်ဆင်ခဲ့ကာ ရေယာဉ်များ ဆိုက်ကပ်အသုံးပြုလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဒေသသည် မြန်မာနိုင်ငံ၏ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင်တည်ရှိပြီး မြစ်၊ ချောင်းများပေါများကာသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေလမ်းခရီးကိုအဓိကထားပြီးအသုံးပြုလျက်ရှိသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ခရီးသွားပြည်သူများရေလမ်းခရီးကို ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် လုံခြုံစိတ်ချခိုင်ခံ့သော ခေတ်မီရေယာဉ်များ လိုအပ်လျက်ရှိကြောင်း သိရသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်တောင်ပိုင်းဒေသသည် တစ်နေရာနှင့်တစ်နေရာ သွားလာရာတွင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဖြတ်သန်းသွားလာရသည့်အတွက် အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရန် ကမ်းရိုးတန်းသွားခရီးသည်တင် အမြန်ရေယာဉ်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိရာ ရခိုင်ဒေသအတွက် လုံခြုံစိတ်ချရသည့် ခေတ်မီကမ်းရိုးတန်းသွား လူစီးအမြန်ရေယာဉ်များ အမြန်ဆုံးရရှိနိုင်ရေးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံအစိုးရတို့ ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အတွက် ယခုကဲ့သို့ ခရီးသည်တင်အမြန်ရေယာဉ် သုံးစင်းအား ဂျပန်နိုင်ငံမှ ပေးအပ်လှူဒါန်းသည့်အစီအစဉ် အကောင်အထည်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - အာကာစိုး**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေး

**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီအတွင်းရှိ ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော်အတွင်းရှိ ကလေးမိဘများ၊ ကလေးပြုစုစောင့်ရှောက်သူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရအနေဖြင့် လတ်တလောပြည်သူများ၏ လိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေရှည်တွင် စွမ်းရည်ပြည့်ဝပြီး အရည်အချင်းရှိသော လူသားအရင်းအမြစ် ဖြစ်ပေါ်လာအောင် ရှေးဦးအရွယ်ကလေး သူငယ်ဘဝမှ စတင်ပြုစုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူတစ်ယောက်၏ ဦးနှောက်ဖွံ့ဖြိုးမှုသည် ကလေးငယ်၏ ရက်ပေါင်းတစ်ထောင်အတွင်းသာဖြစ်သည့်အတွက် ထိုအချိန်အတွင်း စနစ်တကျပြုစုစောင့်ရှောက်ရန် မိဘများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ဘဝဖွံ့ဖြိုးတိုးတက်အောင် တာဝန်ယူဆောင်ရွက်နေသော မိမိတို့ဝန်ကြီးဌာနအနေဖြင့် မိဘများကို ပညာပေးရန် ဝန်ထမ်းများကိုယ်တိုင် စွမ်းဆောင်ရည်မြင့်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အစိုးရကဆောင်ရွက်လျက်ရှိသော နေ့ကလေးထိန်း ဂေဟာများ၊ အစိုးရမူကြိုကျောင်းများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရေအတွက်အလွန်နည်းပါးပြီး လိုအပ်ချက်များ ရှိကြောင်း၊ အစိုးရအနေဖြင့် ကိုယ်ထူကိုယ်ထ မူကြိုကျောင်းများ၊ မိခင်ဝိုင်းများကို ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပါကြောင်း၊ ယခုဖြန့်ဝေထားသော သုံးနှစ်အောက် ရှေးဦးအရွယ် ကလေးသူငယ်များ ပြုစုစောင့်ရှောက်မှု လမ်းညွှန်လက်ကမ်းစာစောင်သည် ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်အချက်များ ထည့်သွင်းထားသည့်အတွက် ကလေးမိဘများအတွက်များစွာ ဗဟုသုတ ရရှိမည်ဖြစ်ပါကြောင်း၊ မိဘများနှင့် မိသားစုဝင်များသည် သုံးနှစ်အောက် ကလေးငယ်များကို ပုံမှန်ဖွံ့ဖြိုးမှုရှိမရှိ ဆန်းစစ်နိုင်ပြီး ပုံမှန်မဟုတ်ပါက ဆောလျင်စွာ သိရှိပြုပြင်စောင့်ရှောက်ကုသခြင်းဖြင့် မသန်စွမ်းမှုဖြစ်ခြင်းကို လျှော့ချနိုင်ပါကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် မိဘများကသိရှိလိုသည်များကို မေးမြန်းရာ ရှေးဦးအရွယ်ကလေးသူငယ် စောင့်ရှောက်ရေး၊ မသန်စွမ်းကလေးများ ပညာသင်ကြားရမှု၊ အကြားအာရုံချို့တဲ့ မသန်စွမ်းများအတွက် ပိုမိုအလေးထား ပူးပေါင်းဆောင်ရွက်ပေးနိုင်မည့် ကိစ္စ၊ အိမ်အခြေပြု နေ့ကလေးထိန်းမိခင်ဝိုင်း ထူထောင်ရန်လိုအပ်မည့် သင်တန်းနှင့် နည်းစနစ်များ သင်ကြားပေးနိုင်ရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီရှိ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

အစည်းဝေးတွင် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြစ်ပေါ်လျက်ရှိသော ကလေးသူငယ် အကြမ်းဖက်ခံရမှုဖြစ်စဉ်နှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေ့မှစ၍ ယနေ့အချိန်ထိ အထူးအလေးထား၍ ဝန်ကြီးဌာန၏တာဝန်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ လူမှုဝန်ထမ်းဦးစီးဌာနက စိစစ်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူလတန်းကြိုကျောင်းများတွင် အသက်သုံးနှစ်မှ ငါးနှစ်အထိကိုသာ လက်ခံဆောင်ရွက်ရန် ထုတ်ပြန်ထားကြောင်း၊ ကျောင်းဖွင့်ခွင့်ပြုမိန့်မရရှိမီကာလအတွင်း ဖွင့်လှစ်ခြင်းမပြုရန် ထုတ်ပြန်ထားကြောင်း၊ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေး ကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ဒေသခံပြည်သူများတွေ့ဆုံပွဲ မော်လမြိုင်ကျွန်းမြို့၌ ကျင်းပ

**ပုသိမ် ဇွန် ၃၀**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဒေသခံပြည်သူများတွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်ကျွန်းမြို့အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဘတ်ဂျက်ခွဲဝေသုံးစွဲမှုအပေါ် ဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းစဉ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ လူမှုရေးဝန်ကြီးတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက်မြို့အဝင် တပင်ရွှေထီးလမ်းမကြီးအပိုင်း- ၄ ကွန်ကရစ်လမ်းခင်းရန် ဦးကျော်ဌေးပါ ဒေသခံခြောက်ဦးက ငွေကျပ်သိန်း ၆၀ လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်လိုအပ်ချက်များ တင်ပြဆွေးနွေးကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် “ဒုတိယအကြိမ်စားပွဲဝိုင်းဆွေးနွေးပွဲ” ကျင်းပ

ရန်ကုန် ဇွန် ၃၀

**မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် “ဒုတိယအကြိမ် စားပွဲဝိုင်းဆွေးနွေးပွဲ” ကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၌ ကျင်းပသည်။**

ဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ ရန်ကုန်စတော့အိတ်ချိန်း၊ စာရင်းဝင်ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် JPX, JICA, Daiwa Securities, Asia Frontier Capital တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

**ရေရှည်ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရန်**

ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆောင်ရွက်ပြီး အမှာစကားပြောကြားရာတွင် စကားဝိုင်းဆွေးနွေးပွဲ ဒုတိယအကြိမ်တွင် ဈေးကွက်ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကာလတို-ကာလလတ် အစီအစဉ်များ၊ ဈေးကွက်တွင် ပါဝင်သူတစ်ဦးချင်းစီ၏ ကြိုးပမ်းအားထုတ်မှုများနှင့် အစိုးရဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားများ ဈေးကွက်အတွင်း ပါဝင်ရင်းနှီးမြှုပ်နှံခွင့်ပြုမည့်အမိန့်ကြော်ငြာစာ မကြာမီထုတ်ပြန်နိုင်တော့မည်ဖြစ်သည့်အတွက် နိုင်ငံခြားသားအဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများ၊ Private Equity Fund များ၊ JPX နှင့် Daiwa Securities တို့မှ လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူများကိုလည်း ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း တွင် ဖော်ပြထားသော မဟာဗျူဟာလုပ်ငန်းစဉ်များတွင်လည်း အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန် ထည့်သွင်းထားကြောင်း၊ အများပြည်သူများအနေဖြင့် ရေတိုရင်းနှီးမြှုပ်နှံမှုအပေါ်သာ အလေးထားလေ့ရှိကြသည့်အတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်ရန်အတွက် အသိပညာပေးခြင်း၊ ဆွေးနွေးပွဲများ ကျင်းပရန်လိုအပ်မည်ဖြစ်ကြောင်း။




**မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယအကြိမ် စားပွဲဝိုင်းဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းဆွေးနွေးစဉ်။** သတင်းစဉ်

Securities Company များအနေဖြင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင် အမျိုးအစားလေးမျိုး လုပ်ကိုင်နိုင်ရန် ခွင့်ပြုထားသော်လည်း ကနဦးအစုရှယ်ယာထုတ်ဝေရောင်းချလာစေရေးအတွက် Under-writing လုပ်ငန်းနှင့်အကြံဉာဏ်ပေးခြင်း လုပ်ငန်းများဆောင်ရွက်မှုအားနည်းနေပါကြောင်း၊ ဈေးကွက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် SECM နှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအနေဖြင့် လစဉ်ပုံမှန်အစည်းအဝေးများလည်း ကျင်းပလျက်ရှိပါကြောင်း။

**ဈေးကွက်ဖွံ့ဖြိုးရေးအဖြေရှာ**

ယခုစားပွဲဝိုင်းဆွေးနွေးပွဲမှ တစ်ဆင့် လက်ရှိ ဈေးကွက်အခြေအနေနှင့် စပ်လျဉ်း၍ ဈေးကွက်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများအားလုံးသည် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းအဖြေရှာသွားနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

**အကြံပြုတိုက်တွန်းချက်များဆွေးနွေး**

ဆက်လက်၍ စားပွဲဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဈေးကွက်တွင် ပါဝင်သူများထံမှ ကောက်ယူရရှိသည့် အရင်းအနှီးဈေးကွက်ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရှေ့ဆက်ဆောင်ရွက်သင့်သည့် အကြံပြုတိုက်တွန်းချက်များကို တက်ကြွစွာပါဝင် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံတွင် ပထမဆုံး နိုင်ငံတကာအဆင့်မီ မြန်မာ့ငါးပြတိုက်ကို ၂၀၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံတွင် ပထမဆုံးသော နိုင်ငံတကာအဆင့်မီ မြန်မာ့ငါးပြတိုက်**(အောက်ပုံ)**ကို ၂၀၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ဒီထဲမှာတော့ Under Water World လို့ခေါ်တဲ့ ဖန်လိုဏ်ခေါင်းထဲကနေ လူတွေဝင်သွားပြီး အပေါ်က ငါးတွေကိုကြည့်လို့ရတဲ့ ကန်အကြီးကြီးပါတယ်။ အဲဒီဟာတွေ ပါတဲ့အတွက် ဘေးကင်းလုံခြုံမှုအပိုင်းကို အများကြီးစဉ်းစားရပါတယ်။ ဒါကြောင့် နည်းပညာပိုင်းကို နိုင်ငံခြားကနေ အကူအညီယူရတယ်။ ဒီဇိုင်းတွေ သေချာဆွဲရတယ်။ ပစ္စည်းဆိုရင်လည်း ဈေးကွက်ထဲက ပစ္စည်းမျိုးမဟုတ်တဲ့အတွက် ကြိုပြီးမှာရတယ်။ ဒါကြောင့် အချိန်တစ်ခုပေးရတယ်။ အခုအဆောက်အအုံပိုင်းကတော့ အားလုံးပြီးစီးသွားပြီ။ အတွင်းပိုင်းမှာ Light Sporting System နဲ့ ငါးထည့်ဖို့လောက်ပဲ ကျန်တော့တာပါ။ ၂၀၂၀ ပြည့်နှစ်မှာ ပြီးစီးအောင် ကြိုးစားဆောင်ရွက်နေပါတယ်” ဟု Mottama Development Group မှ ဒါရိုက်တာ ဦးတင်မောင်ထွန်းက ပြောသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

အဆိုပါ ငါးပြတိုက်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့ ကန်တော်ကြီးရှိ မြေငါးကေပေါ်တွင် ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

**ငါးအမျိုးမျိုးကြည့်ရှုလေ့လာနိုင်**

ငါးပြတိုက်တွင် မြန်မာနိုင်ငံ၏ မြောက်ဖျားဒေသမှ ရေချိုငါးအမျိုးအစားများ၊ ရခိုင်ကမ်းရိုးတန်းပင်လယ်ဒေသရှိ ငါးအမျိုးအစားများ၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိငါးများကို အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ကြစေရန် ထည့်သွင်းပြသသွားမည် ဖြစ်သည်။

ဖွင့်လှစ်ပါက ဝင်ကြေးများအနေဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများကို အထူးဈေးနှုန်းများဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ရန်စီစဉ်ထားသည့်အပြင် အများပြည်သူအတွက်လည်း လူတန်းစားမရွေး လက်ခံနိုင်သည့် ဈေးနှုန်းမျိုးသတ်မှတ်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆွေးနွေးထားကြောင်း သိရသည်။

ဒါရိုက်တာ ဦးတင်မောင်ထွန်းက“ အများပြည်သူလေ့လာနိုင်ဖို့အတွက် ဦးတည်ပြီးလုပ်နေတာပါ။ ကမ္ဘာ့အဆင့်အတန်းမီဖြစ်တယ်။ ပြမယ့်ငါးတွေကလည်း မြန်မာပြည်မြောက်ဖျားပိုင်းကနေပြီး တောင်ဘက်ဖျားပိုင်း အတွင်းမှာရှိနေတဲ့ ရေချို၊ ရေငန်ငါးမျိုးစိတ်တွေကို ပြသသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ငါးမျိုးစိတ်တွေ အားလုံးကို ဒီနေရာမှာကြည့်လို့ရတဲ့ နေရာတစ်ခုဖြစ်သွားတဲ့အတွက် ကမ္ဘာလှည့်ခရီးသည်တွေအတွက်လည်း လာရောက်လေ့လာစရာနေရာတစ်ခုဖြစ်သွားမယ်။ နိုင်ငံခြားသားတွေအတွက်ကိုတော့ ဈေးနှုန်းတစ်ခု သတ်မှတ်ပြီးယူမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

အဆိုပါ ငါးပြတိုက်တွင် ငါးပြကွက်ပေါင်း ၂၀ ကျော်ကို ပါဝင်ပြသသွားမည်ဖြစ်ပြီး လာရောက်ကြည့်ရှုကြမည့် ပြည်သူများအတွက် ငါးပြတိုက်အဝင်ဝတွင် ငါးအမျိုးအစားများနှင့် ပြကွက်များအကြောင်းကို ရှင်းလင်းပြောကြားပေးခြင်းအပြင် အချို့ငါးပြကွက်များရှိ ငါးများကို ကလေးငယ်များက လက်ဖြင့်ကိုင်၍ ဆော့ကစားနိုင်ရန် စီစဉ်ထားခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **ဇော်ကြီး**



# သွေးသန့်အလှူရှင်ကို ဘယ်လိုရှာကြမလဲ

**တက္ကသိုလ်ဇော်ထူးဦး**

အရေးပေါ်သွေးသွင်းကုသဖို့ လိုအပ်သည့်အချိန်တွင် သွေးသန့်အလှူရှင်ရရှိရန် လိုအပ်၏။ ထိုအချိန် လူနာရှင်မိသားစုမှာ သောကဗျာပါဒနှင့် သွေးရရှိရေးအတွက် စိတ်ပန်းလူပန်းဖြစ်ကြရ၏။ ရရာသွေးလှူရှင် ရရာသွေးဖြင့် သွေးသွင်းကုသကြမည်လား။ ဖတ်ဖူးကြားဖူးသည်က သွေးမသန့်လျှင် သွေးကတစ်ဆင့်ရောဂါကူးစက်ခံနိုင်၏။ ပြင်ပတွင် သွေးတစ်ပုလင်းကို လေးငါးသောင်းပေးဝယ်ရ၏။ ဒါကလည်း စိတ်ချရပါ၏လား။

မခိုင်လုံသောဆုံးဖြတ်ချက်ကို ရုတ်တရက်ချပြီး မိမိ၏လူနာအသက်ရှင်သန်ရေးအတွက် ရတက်မအေးရသည့် လူနာရှင်မိသားစု၏အဖြစ်က ရင်နင့်စရာ ဖြစ်သည်။

**သွေးသန့်ရရှိရေးသည် အဓိကလိုအပ်ချက်**

သွေးသွင်းကုသရာတွင် အဓိကလိုအပ်ချက်မှာ အန္တရာယ်ကင်းစင်သော သွေး သို့မဟုတ် ရောဂါပိုး မပါသောသွေး သို့မဟုတ် သွေးသန့်ရရှိရေးပင်ဖြစ်၏။ ဆေးဘက်ဆိုင်ရာများအနေဖြင့် ယင်းသို့ သွေးသန့်ရရှိရေးကို အလေးထားစစ်ဆေးကြသော်လည်း အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကဲ့သို့ ကူးစက်ရောဂါအချို့ကိုမူ အရေးပေါ်အခြေအနေများတွင် စစ်ဆေးရန် စိန်ခေါ်မှုများရှိနေသေး၏။ ယနေ့တိုင်အတု မပြုလုပ်နိုင်သေးသောသွေးကို အသက်ရှင်လျက်ရှိသော လူကိုယ်ခန္ဓာအတွင်းမှသာ ထုတ်ယူရရှိနိုင်သည်ဖြစ်ရာ အရေးပေါ် သွေးလိုအပ်မှုအတွက် သွေးလှူရှင်များကိုသာ ရှာဖွေရမည်ပင်ဖြစ်သည်။




သွေးဖြင့်အသက်ကယ်ရန်အတွက် သွေးလှူရှင်များကို အားကိုးရသည်မှန်သော်လည်း မျက်မှောက်ခေတ်အတွက် သွေးလှူရှင်တိုင်း သွေးသန့်အလှူရှင်မဖြစ်နိုင်တော့ပါ။ သွေးလိုအပ်သူတိုင်း သွေးသန့်အလှူရှင်(ကူးစက်ရောဂါပိုးကင်းစင်သော သွေးလှူရှင်) ကိုသာ ရှာဖွေရမည်ဖြစ်သည်။

သွေးလှူရှင်များကိုလေ့လာကြည့်ပါက သုံးမျိုးတွေ့ရ၏။ ပထမအမျိုးအစားမှာ အစားထိုးလှူဒါန်းသော မိသားစုဝင် (သို့) မိတ်ဆွေသွေးလှူရှင်များ။ ဒုတိယအမျိုးအစားမှာ အခကြေးငွေဖြင့်လှူဒါန်းသော စီးပွားရေးသွေးလှူရှင်များနှင့် တတိယအမျိုးအစားမှာ မိမိဆန္ဒအလျောက် အခကြေးငွေမယူဘဲ လှူဒါန်းသော သွေးလှူရှင်များဖြစ်၏။

အဆိုပါသွေးလှူရှင် သုံးမျိုးအနက် သွေးကိုရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုသူများ၊ ဝင်ငွေ ရရှိရေးအတွက် သွေးကိုရောင်းစားသူများမှာ ကူးစက်ရောဂါဖြစ်စေနိုင်သည့် ဘေးအန္တရာယ်အများဆုံး ပုဂ္ဂိုလ်များဖြစ်၏။ ၎င်းတို့ သွေးလှူပေးခြင်းမှာ အသက်ကယ်လိုမှုအတွက်မဟုတ်ဘဲ ငွေကြေးရယူလိုမှုအတွက်ဖြစ်၏။ ထိုသူတို့အနေဖြင့် သွေးပေးလှူရန် မသင့်လျော်သောအခြေအနေ ရှိနေသော်လည်း ထုတ်ဖော်ပြောကြားမည့် အလားအလာနည်းပါး၏။ ယင်းလှူဒါန်းသောသွေးဖြင့် သွေးသွင်းကုသရာတွင် ရောဂါကူးစက်မှုနှုန်းအမြင့်မားဆုံးဖြစ်သည်။

မိသားစုဝင် သို့မဟုတ် မိတ်ဆွေသွေးလှူရှင်များထံမှရရှိသောသွေးသည် အခကြေးငွေဖြင့်လှူဒါန်းသူများ၏သွေးထက်နှိုင်းစာလျှင် ပိုမိုဘေးအန္တရာယ်ကင်းရှင်းနိုင်သော်လည်း၊ ရာနှုန်းပြည့်ဘေးအန္တရာယ် ကင်းရှင်းမည်ဟု မပြောနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မိမိ၏စိတ်ဆန္ဒမပါဘဲ မိသားစု မိတ်ဆွေအပေါင်းသင်း၏ တိုက်တွန်းဖိအားပေးမှုကြောင့်လှူရသည့်အတွက် မိမိ၏ကျန်းမာရေးအခြေအနေ၊ အန္တရာယ်များပြားသောအပြုအမူများကို ထုတ်ဖော်ပြောကြားခြင်း မပြုကြသောကြောင့်ဖြစ်သည်။

**အန္တရာယ်ကင်းသော သွေးအလှူရှင်များ**

မိမိဆန္ဒအလျောက် အခကြေးငွေမယူဘဲ ပုံမှန်သွေးပေးလှူနေသူများမှာ ဘေးအန္တရာယ်ကင်းရှင်းသော သွေးလှူရှင်များဖြစ်၏။ ပုံမှန်သွေးလှူဒါန်းနေသည့်အတွက် ကျန်းမာရေးနှင့်သွေးကို ပုံမှန်စစ်ဆေးခံထားရသူများဖြစ်၏။ စေတနာသွေးလှူရှင်များဖြစ်ကြ၏။ သွေးသွင်းကုသရန်လိုအပ်နေသူများအတွက် သွေးသန့်အလှူရှင်ကိုရွေးချယ်ရာတွင် ပုံမှန်လှူဒါန်းနေသော စေတနာသွေးလှူရှင်ကိုသာ ရွေးချယ်သင့်ပါသည်။

စေတနာသွေးလှူရှင်ဆိုသည်မှာ သွေး သို့မဟုတ် သွေးအစိတ်အပိုင်းများကို မိမိသဘောဆန္ဒအရ ပေးလှူပြီး ထိုသို့ပေးလှူသည့်အတွက် ငွေသားဖြစ်စေ၊ ငွေကြေးအစားထိုးဟုယူဆနိုင်သော ပစ္စည်းဖြစ်စေ၊ တစ်စုံတစ်ရာ အခကြေးငွေဖြစ်စေ မရရှိသော သွေးလှူရှင်ကိုခေါ်သည်။

၂၀၀၈ မှ ၂၀၁၃ ခုနှစ်အတွင်း ၁၅၉ နိုင်ငံ၏ ပေးပို့သောစာရင်းများအရ စေတနာအလျောက် အခကြေးငွေမယူဘဲ သွေးလှူဒါန်းမှု ၁၀ ဒသမ ၇ သန်းရှိခဲ့ရာ၊ ၇၅ ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှဒေသ၊ ၃၇ ရာခိုင်နှုန်းမှာ အာဖရိကဒေသတို့ဖြစ်၏။ သွေးလှူရှင်စာရင်းအရ ၅ ဒသမ ၃ သန်းမှာ အရှေ့တောင်အာရှ ဒေသမှဖြစ်ပြီး ၂ ဒသမ ၂ သန်းမှာ အနောက်ပစိဖိတ်ဒေသတို့မှဖြစ်၏။ သွေးစုဆောင်းရရှိမှုတွင် ၉၀ ရာခိုင်နှုန်းမှာ စေတနာအလျောက်လှူဒါန်းမှုဖြစ်၏။ စေတနာ အလျောက်လှူဒါန်းမှုတွင် ဝင်ငွေများသောနိုင်ငံများက ၃၉ ရာခိုင်နှုန်း၊ အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံများက ၂၆ ရာခိုင်နှုန်း၊ ဝင်ငွေနည်းသောနိုင်ငံများက ၉ ရာခိုင်နှုန်းဖြစ်၏။ သို့သော်လည်း ၇၁ နိုင်ငံတွင် သွေးလှူဒါန်းမှုနှင့်ဖြန့်ဖြူးမှု ၅၀ ရာခိုင်နှုန်းကို မိသားစုဝင် ဆွေမျိုးမိတ်ဆွေများနှင့် အခကြေးငွေပေးရသူများကို အားကိုးနေရဆဲဖြစ်၏။ ၂၀၁၃ ခုနှစ်အတွင်း ၂၄ နိုင်ငံ စာရင်းများအရ သွေးလှူဒါန်းမှုစုစုပေါင်း ၁၆၅၀၀၀၀ ခန့်မှာ အခကြေးငွေပေးခဲ့ရကြောင်းဖော်ပြထားသည်။

ယနေ့ကမ္ဘာတွင် စေတနာအလျောက် အခကြေးငွေမယူဘဲ သွေးလှူဒါန်းမှုကို စည်းရုံးလုပ်ဆောင်နေကြသော အဖွဲ့အစည်းများဖြစ်သည့် ၁၉၂ နိုင်ငံပါဝင်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ နိုင်ငံ ၁၉၀ ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC)၊ နိုင်ငံ ၅၀ ပါဝင်သော နိုင်ငံတကာသွေးလှူရှင်အဖွဲ့များဖက်ဒရေးရှင်း (FIBDO)၊ နိုင်ငံတကာသွေးသွင်းကုသမှုအဖွဲ့ (ISBT) တို့က စေတနာရှင်တို့၏ မွန်မြတ်သော အလှူဒါနကို အသိအမှတ်ပြုရေး အထိမ်းအမှတ် နေ့တစ်နေ့ သတ်မှတ်ဂုဏ်ပြုရန်စဉ်းစားခဲ့ကြ၏။ ၁၉၇၅ ခုနှစ်တွင် ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးညီလာခံက အခကြေးငွေမယူဘဲ စေတနာအလျောက် သွေးလှူဒါန်းမှုအပေါ်အခြေခံကာ မိမိတို့နိုင်ငံအလိုက် နိုင်ငံတော်အဆင့် သွေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရန်တိုက်တွန်းခဲ့သည်။

**နိုင်ငံတကာမှ ပါဝင်ဆင်နွှဲကြစေရန် ရည်ရွယ်**

၂၀၀၀ ပြည့်နှစ် ကမ္ဘာ့ကျန်းမာရေးနေ့ဆောင်ပုဒ်ဖြစ်သော Blood Safe Lives, Safe Blood start with me ဆောင်ပုဒ်ကိုအခြေခံကာ ရွေးချယ်ရန် ရည်ရွယ်ခဲ့ကြ၏။ ထိုသို့ရွေးချယ်ရာတွင် အေ၊ ဘီ၊ အို သွေးအုပ်စုကို ရှာဖွေတွေ့ရှိခဲ့သူ နိုဘယ်ဆုရှင် ကားလန်စတိန်းနား (Karl Landsteiner) ၏ မွေးနေ့ဖြစ်သော ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့ (World Blood Donor Day) အဖြစ် သတ်မှတ်ရန်ဆုံးဖြတ်ခဲ့၏။ အဆိုပါနေ့သည် မိမိတို့နိုင်ငံများအလိုက် သတ်မှတ် ထားသော သွေးလှူရှင်နေ့ကို အစားထိုးရန်ရည်ရွယ်ခြင်း မဟုတ်ဘဲ နိုင်ငံတကာပါဝင် ဆင်နွှဲနိုင်ရန် ရည်ရွယ်ခဲ့သည်။

၂၀၁၂ ခုနှစ်မှစတင်ပြီး နှစ်စဉ် ဆောင်ပုဒ်တစ်ခု နိုင်ငံတစ်နိုင်ငံကိုရွေးချယ်ပြီး ကမ္ဘာ့လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့ရာ ၂၀၁၂ ခုနှစ်တွင် တောင်ကိုရီးယား၊ ၂၀၁၃ ခုနှစ်တွင် ပြင်သစ်၊ ၂၀၁၄ ခုနှစ်တွင် သီရိလင်္ကာ၊ ၂၀၁၅ ခုနှစ်တွင် တရုတ်၊ ၂၀၁၆ ခုနှစ်တွင် နယ်သာလန်၊ ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်၊ ၂၀၁၈ ခုနှစ်တွင် ဂရိနိုင်ငံတို့တွင်ကျင်းပခဲ့၏။ ၂၀၁၉ ခုနှစ် ယခုနှစ်တွင် ရဝမ်ဒါနိုင်ငံ ကိုင်ဂါလီမြို့တွင် ကျင်းပခဲ့သည်။

ယနေ့ချိန်ခါတွင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွေးသွင်းကုသမှုများ အန္တရာယ် ကင်းရှင်းစေရန်အတွက် စေတနာသွေးလှူရှင်များပေါ်ပေါက်ရေးကို စည်းရုံးဆောင်ရွက်နေကြ၏။ အလားအလာရှိသူများအားလည်း ရောဂါကူးစက်မှု ဖြစ်စေတတ်သည့် အပြုအမူများကိုရှောင်ကြဉ်ကြရန်နှင့် အန္တရာယ်ဖြစ်စေသော အပြုအမူ တစ်စုံ တစ်ရာ ပြုလုပ်ထားမိပါက သွေးလှူဒါန်းမှု မပြုကြရန် ပညာပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း အမျိုးသားသွေးဌာနအနေဖြင့် ဆေးရုံများတွင် သွေးသွင်းကုသမှုအတွက် လိုအပ်သောသွေးကို ပုံမှန်လှူဒါန်းနေကြသော စေတနာသွေးလှူရှင်များထံမှ စုဆောင်းလျက်ရှိ၏။ ထို့အပြင် စေတနာသွေးလှူရှင်အဖွဲ့များကလည်း ပုံမှန် သွေးလှူဒါန်းမှုများကိုပြုလုပ်နေကြ၏။ အရေးပေါ်သွေးသွင်း ကုသမှုများအတွက် ပုံမှန်လှူဒါန်းနေသည့်စေတနာသွေးလှူရှင်များကိုရှာဖွေခြင်းဖြင့် အန္တရာယ်နည်းပါးသော သွေးသန့်ကိုရှာဖွေရရှိနိုင်မည်ဖြစ်သည်။ ။

**“မိမိဆန္ဒအလျောက် အခကြေးငွေမယူဘဲ ပုံမှန်သွေးပေးလှူနေသူများမှာ ဘေးအန္တရာယ်ကင်းရှင်းသော သွေးလှူရှင်များဖြစ်၏။ ပုံမှန်သွေးလှူဒါန်းနေသည့်အတွက် ကျန်းမာရေးနှင့်သွေးကို ပုံမှန်စစ်ဆေးခံထားရသူများဖြစ်၏။ စေတနာ သွေးလှူရှင်များဖြစ်ကြ၏။ သွေးသွင်းကုသရန်လိုအပ်နေသူများအတွက် သွေးသန့်အလှူရှင်ကိုရွေးချယ်ရာတွင် ပုံမှန်လှူဒါန်းနေသော စေတနာသွေးလှူရှင်ကိုသာ ရွေးချယ်သင့်”**

## မူဆယ်-မန္တလေးရထားလမ်းကြောင့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှု ဆန်းစစ်ခြင်းဆိုင်ရာ လူထုတွေ့ဆုံပွဲကျင်းပ

**ကျောက်မဲ ဇွန် ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်မည့် မူဆယ်-မန္တလေး ရထားလမ်းဖောက်လုပ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှု ဆန်းစစ်ခြင်း(Environmental Impact Assessment-EIA)ဆိုင်ရာ လူထုတွေ့ဆုံပွဲကို ဇွန် ၂၇ ရက်က ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲသို့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအုန်းကျော်နှင့် ဦးစိုင်းထွန်းအောင်၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဘူမိဗေဒ ပညာရှင်များနှင့် ကျောက်မဲမြို့နယ်အတွင်း ကျေးရွာများမှ ပြည်သူများ တက်ရောက်ခဲ့ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်လင်းနိုင်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အထက် မြန်မာပြည်) ဦးမျိုးဝင်းက ရထားလမ်းဖောက်လုပ်ခြင်းစီမံကိန်းဆိုင်ရာ ဆောင်ရွက်နေမှုကို လည်းကောင်း၊ Ever Green Teach Environmental Services and Training မှ ဒေါက်တာကျော်စွာတင့်နှင့် ဇီဝနည်းပညာဌာနမှ ဒေါက်တာဝိုင်းနွေနွေဦးတို့က စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်နိုင်မှုနှင့် ကာကွယ်ဆောင်ရွက်သွားမည့် နည်းလမ်းများကို လည်းကောင်း ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားခဲ့ကြပြီး တွေ့ဆုံပွဲသို့တက်ရောက်သော မြို့မိ မြို့ဖများနှင့် ကျေးရွာများမှ ပြည်သူများက စီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြကာ စီမံကိန်းမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် မသန်စွမ်းသူများအား အိမ်တိုင်ရာရောက်ထောက်ပံ့

**ပြည်ကြီးတံခွန် ဇွန် ၃၀**

လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးပင်စင်အဖြစ် သက်ကြီးအဘိုးအဘွားများနှင့် မသန်စွမ်းသူများအား လစဉ်ထောက်ပံ့လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် မသန်စွမ်းသူများအား အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်စန်းရီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်နှင့်တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် မြို့နယ်အတွင်းရှိ သက်ကြီးအဘိုးအဘွားများနှင့် မသန်စွမ်းသူများအား အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွား ၃၃၀ နှင့် မသန်စွမ်းသူ ၆၀ တို့အား လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးပင်စင်အဖြစ် တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



ကမ်းပါးပြိုကျ၍ ကျေးရွာချင်းဆက်လမ်း ပဲ့ကျသွားသည့်နေရာ။

## စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ပြောင်းခင်းများ ပျက်စီးမည်ကို တောင်သူများစိုးရိမ်နေ

**ရေတာရှည် ဇွန် ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့အရှေ့တောင်ဘက် စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ သရက်တောကျေးရွာအနီး၌ စစ်တောင်းမြစ်ကမ်းပါးများ ပြိုကျလျက်ရှိရာ ဇေယျသိမ်ကျေးရွာနှင့် သရက်တောကျေးရွာကြားရှိ ကျေးရွာချင်းဆက်လမ်း ပဲ့ကျသွားသည့်အပြင် ဆက်လက်၍လည်း ကမ်းပြိုကျနိုင်သဖြင့် လမ်းဘေးကပ်လျက်၌ စိုက်ပျိုးထားသည့် ပြောင်းစိုက်ခင်းများ ပျက်စီးဆုံးရှုံးမည်ကို ဒေသခံတောင်သူများ စိုးရိမ်နေကြကြောင်း သိရသည်။

"အထက်ပိုင်းဒေသတွေမှာ မိုးရွာလို့ ဖြစ်မယ်ထင်တယ်။ မြစ်ရေက ကြွလာလိုက်၊ ပြန်ကျသွားလိုက်ဆိုတော့ ကမ်းပါးတွေကို ရေတိုက်စားမှု များလာတယ်။ မြစ်အနောက်ဘက်ကမ်းက ရေနီစက္ကူစက်၊ ရေစက်ရုံဇော်ယာဘက်ကို ရေထိုးပြီးတော့ ဒီဘက်ခြမ်းက ရေဦးတိုက်လို့ ဖြစ်သွားတာ"ဟု သရက်တောကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ကမ်းပါးပြိုကျမှုများမှာ နေ့ရောညပါ ဖြစ်ပွားနေ၍ မြစ်ကမ်းနှင့် ကပ်လျက်ရှိသည့် ပြောင်းစိုက်ခင်းများမှာ ကမ်းပြိုသည့်နေရာနှင့် အလွန်နီးကပ်သည့် အခြေအနေတွင် ရောက်ရှိနေပြီဖြစ်သည်။

"ပြောင်းတွေက မကြာခင် ခုတ်ရတော့မှာ၊ ကမ်းတစ်လျှောက်က ပြောင်းခင်းတွေတော့ ပါတော့မယ်ထင်တယ်။ ဘယ်လိုမှလည်း မတတ်နိုင်ဘူး၊ ကံတရားပဲ"ဟု အဆိုပါ တောင်သူက ဆက်ပြောသည်။

မိုးရာသီကာလရောက်တိုင်း ရေနီမြို့ အရှေ့တောင်ဘက်ရှိ သရက်တောကျေးရွာ၊ သာဂရမြို့ အရှေ့မြောက်ဘက်ရှိ ကက္ကူကျေးရွာ၊ ဆွာမြို့အရှေ့ရှိ ရွှေကဇောင်းကျေးရွာနှင့် ရေတာရှည်မြို့ အရှေ့ဘက်ရှိ ကျွဲရိုင်းပြင်ကျေးရွာများမှာ ကမ်းပြိုမှုများ နှစ်စဉ်ကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## မိုင်းဖြတ်မြို့နယ်၌ ကုန်းမြင့်လယ်ယာမြေ ဧက ၆၀ ဖော်ထုတ်ပေး

**မိုင်းဖြတ် ဇွန် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ကုန်းမြင့်လယ်ယာဦးစီးဌာနအနေဖြင့် ဒေသခံ တောင်သူလယ်သမားများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၆၂ သန်းဖြင့် ကုန်းမြင့်လယ်ယာမြေ ဧက ၆၀ ကို အိုက်လုံကျေးရွာအုပ်စု ဟာကြားမုဒိကျေးရွာ၌ ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းကို ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၆၂ သန်းဖြင့် နမ့်ယွန်းတောင်ပေါ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ကော်မတီဝင်များက ဇွန် ၂၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါ ကုန်းမြင့်လယ်ယာ ဧက ၆၀ ကို ဖော်ထုတ်ပြီးပါက ဟာကြားမုဒိကျေးရွာမှ တောင်သူ ၃၇ ဦးအနေဖြင့် လယ်ယာလုပ်ငန်းများကို ပိုမိုအဆင်ပြေစွာ လုပ်ကိုင်သွားနိုင်မည်ဟု သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**



မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အကြား လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးစဉ်။

## မြန်မာ့စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ဈေးကွက်သစ် ဖော်ဆောင်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အကြား လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန် ရည်ရွယ်၍ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Zhang Xiu Long နှင့်အဖွဲ့သည် ယမန်နေ့က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် တာဝန်ရှိသူများအား လာရောက်တွေ့ဆုံသည်။

နှစ်ဖက်ဆွေးနွေးရာတွင် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ဒေသ၏ စားသုံးမှု လိုအပ်ချက်အရ ဈေးကွက်လိုအပ်ချက်ရှိနေမှု၊ နှစ်ဖက်ပညာရှင်များအကြား စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်၊ ကွမ်ရှီးကျွမ့်ဒေသတွင် လက်ရှိအောင်မြင်နေသည့် အစေ့ထုတ်ပြောင်းစိုက်ပျိုးမှုသည် မြန်မာနိုင်ငံ၌ ဖြစ်ထွန်းနိုင်မှု၊ ဓာတုပိုးသတ်ဆေးများ လျှော့ချပြီး သဘာဝနည်းဖြင့် အဖျက်ပိုးကာကွယ်နှိမ်နင်းမှု နည်းပညာဖလှယ်ရေး၊ မြန်မာ့စိန်တစ်လုံးသရက်၏ အရည်အသွေးသည် ကွမ်ရှီးကျွမ့်ဒေသ၌ ဈေးကွက်ဝင် ဈေးကောင်းရရှိနိုင်မှု၊ ကြံဝယ်ယူနိုင်ရေးအတွက် နှစ်ဖက်တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအကြား ညှိနှိုင်းဆွေးနွေးရန် လိုအပ်ချက်၊ တရုတ်နိုင်ငံတွင် အောင်မြင်လျက်ရှိသည့် ဝက်မွေးမြူရေး နည်းစနစ်သစ် အသုံးပြုနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘုတ်ပြင်း-အုန်းတောကမ်းကျေးလက်တံတား တံတားအထူးအဖွဲ့(၁၃)က တာဝန်ယူတည်ဆောက်

**ရန်ကုန် ဇွန် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်း-အုန်းတောကမ်းကားလမ်း ဘုတ်ပြင်းချောင်းပေါ်မှ အလျားပေ ၁၂၀၀ ရှိသော ဘုတ်ပြင်း-အုန်းတောကမ်း ကျေးလက်တံတားတစ်စင်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ တာဝန်ပေးမှု တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဦးစီးတို့၏ ကြီးကြပ်မှုဖြင့် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၃)က တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

တံတားအရှည် ပေ ၁၂၀၀၊ တံတားအကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် ၃ ပေ၊ တံတားအမျိုးအစားမှာ ကွန်ကရစ်တံတားဖြစ်ပြီး တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်ဟု တံတားအထူးအဖွဲ့(၁၃)မှ တာဝန်ရှိ အင်ဂျင်နီယာတစ်ဦးက ပြောသည်။

အဆိုပါ ကျေးလက်တံတားကြီးပြီးသွားလျှင် ဘုတ်ပြင်းတစ်ဖက်ကမ်း အုတ်တောကမ်းကျေးရွာအုပ်စုမှ အုန်းတောကမ်းရွာ၊ ဝက်ခြံရွာ၊ ထောင်စုမဟတ်ရွာ၊ ချောင်းကတုံးရွာ၊ နီးပါးရွာ၊ ပါစပ်ကုန်းရွာ၊ လိပ်ဥချောင်းရွာ၊ ဆောင်ကဖီးရွာ၊ စတိန်ရွာစသည့် ကျေးရွာပေါင်းကိုးရွာမှ ကျေးလက်ပြည်သူများသည် မိမိတို့၏မြို့နယ်မှတစ်ဆင့် ထားဝယ်၊ မြိတ်၊ ဘုတ်ပြင်း၊ ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ် တက်၍ အနယ်နယ်အရပ်ရပ်သို့ သွားနိုင်ကြတော့မည်ဖြစ်သည်။

**ခရမ်းစိုးမြင့်**



ဘုတ်ပြင်း-အုန်းတောကမ်းကျေးလက်တံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။

# အထင်ကရပုဂ္ဂိုလ်များမွေးဖွားပေးရာ ဂုဏ်သတင်းကြီးခဲ့သည့် ရန်ကုန်တက္ကသိုလ်

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၃၆၊ ၁၉၃၈ ခုနှစ် ကာလများတွင် ကိုနု၊ ကိုအောင်ဆန်း၊ ကိုကျော်ငြိမ်း၊ ကိုဗဟိန်း၊ ကိုဗဆွေ စသည့် ပညာတတ်ကျောင်းသားများ မြကျွန်းညိုညို ရန်ကုန်တက္ကသိုလ်မှ ပေါ်ထွက်ခဲ့ပြီး နိုင်ငံရေးပါတီများ၊ ပြည်သူ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံ့လွတ်လပ်ရေးကို ဆောင်ကြဉ်းရယူပေးခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစ ၁၉၅၀ ကျော်နှစ်များတွင်မူ ရန်ကုန်တက္ကသိုလ်၏ ဂုဏ်သတင်းသည် အရှေ့တောင်အာရှနိုင်ငံများအကြားတွင်ပါ အထူးရေပန်းစားလာခဲ့ပြီး ဒေသတွင်းနိုင်ငံများမှ ကျောင်းသား ကျောင်းသူများသည် ၎င်းတို့၏ ဘဝရည်မှန်းချက်အတွက် ရန်ကုန်တက္ကသိုလ်သို့ တကူးတက လာရောက်ပညာရှာမှီးခဲ့ကြရသည်။

ထို့နောက် ၁၉၆၄ ခုနှစ်တွင် ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး ၁၉၈၁ ခုနှစ်မှ ယခုအချိန်ထိ ရန်ကုန်တက္ကသိုလ်ဟု အမည်တွင်ခဲ့သည်။

**၂၀၁၃ ခုနှစ်မှာ ဘွဲ့ကြိုသင်တန်းတွေ ပြန်လည်လက်ခံ**

ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းကြောင်းနှင့် လက်ခံသင်ကြားပို့ချလျက်ရှိသည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက "ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်ဆိုရင် ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်ပါပြီ။ ဘွဲ့ကြိုသင်တန်းတွေကို ရန်ကုန်တက္ကသိုလ်စတင်တည်ထောင်စဉ်ကတည်းက ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၀ အလွန်လောက်မှာ အကြောင်းအမျိုးမျိုးကြောင့် ဘွဲ့ကြိုသင်တန်းတွေ ရပ်ဆိုင်းခဲ့ပါတယ်။ နောက် ၂၀၁၃ ခုနှစ်မှာ ဘွဲ့ကြိုသင်တန်းတွေကို စတင်ပြီး ပြန်လည်လက်ခံပါတယ်။ အခုဆိုရင် တက္ကသိုလ်ဝင်တန်း အောင်မြင်တဲ့သူတွေကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် လက်ခံတော့မှာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ဘာသာရပ်ဌာနပေါင်း ၂၀ ရှိပါတယ်။ ဘာသာရပ် ရှစ်ခုက သိပ္ပံဘာသာရပ်ဖြစ်ပါတယ်။ ကျန်တဲ့ဘာသာရပ် ၁၂ ခုကတော့ ဝိဇ္ဇာ ဘာသာရပ်တွေဖြစ်ပါတယ်။ သို့သော်လည်း တချို့ဌာနတွေအနေနဲ့ တိုးချဲ့ပြီးသင်ကြားနေတဲ့ဘာသာရပ်တွေလည်းရှိပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်သူတွေအတွက် ဘာသာရပ်ပေါင်း ၂၆ ခုကို လက်ခံသွားမှာဖြစ်ပါတယ်။ အမှတ်နဲ့ခွဲထားပြီး တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်မှာ ဖော်ပြထားပါတယ်။

"လူ့စွမ်းအား အရင်းအမြစ် အစီအစဉ်နဲ့ ဖွင့်တဲ့သင်တန်းတွေလည်းရှိပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်အရ နိုင်ငံတကာဆက်ဆံရေးပညာ ဒီပလိုမာသင်တန်း(DIR)၊ နိုင်ငံရေးသိပ္ပံ ဒီပလိုမာသင်တန်း (DPS)၊ အလုကုန်လုပ်ငန်းအတတ်ပညာသင်တန်း၊ Certificate in Food Technology၊ ဘွဲ့လွန် ကွန်ပျူတာဒီပလိုမာသင်တန်း (DCS)၊ ဘွဲ့လွန် ကွန်ပျူတာဒီပလိုမာသင်တန်း (PDCS)၊ ဘွဲ့လွန် ကွန်ပျူတာဒီပလိုမာသင်တန်း(PGDCA)၊ မြန်မာနိုင်ငံ သမိုင်းနှင့်ယဉ်ကျေးမှုဘွဲ့လွန်ဒီပလိုမာသင်တန်း (DMHC)၊ မျက်မှောက်ခေတ်မြန်မာ့ရေးရာ ဒီပလိုမာ (PGDCMS)၊ အရှေ့တိုင်းပညာဒီပလိုမာသင်တန်း (DOS)၊ စီးပွားရေးလုပ်ငန်း ဥပဒေဒီပလိုမာသင်တန်း (DBL)၊ အပြည်ပြည်ဆိုင်ရာ ဥပဒေဒီပလိုမာသင်တန်း(DIL)၊ ပင်လယ်ရေကြောင်း ဥပဒေဒီပလိုမာသင်တန်း(DML)၊ Diploma in Intellectual Property Law (DIPL)၊ Post Graduate Diploma in Environmental Studies၊ GIS၊ Diploma in Myanmar Language Proficiency for Foreigners (DMLPF)၊ စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှုအတတ်ပညာဒီပလိုမာသင်တန်း (DCWE)၊ ကျောက်မျက်ခွဲခြားခြင်း ဒီပလိုမာသင်တန်း (DGI)၊ အသုံးချ ဒဿနပညာဒီပလိုမာ(PGDA Phil)၊ မဟာဘွဲ့တွေကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာမှာ Computer Science၊ စီးပွားရေးလုပ်ငန်း ဥပဒေပညာမဟာသင်တန်း (MBL)၊ Basic Myanmar Language သင်တန်းတွေကိုလည်း နိုင်ငံခြားသားတွေအတွက် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနနဲ့ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတို့ ပူးပေါင်းပြီး Global English Course ကိုလည်း ဖွင့်လှစ်ပေးလျက်ရှိပါတယ်" ဟု ပြောသည်။



ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ။



ဒေါက်တာဖိုးကောင်း (ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်)

**အရှေ့တောင်အာရှ နိုင်ငံတွေကို စေလွှတ်**

နိုင်ငံခြားပညာသင်စေလွှတ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍လည်း "ဘွဲ့ကြိုသင်တန်းတွေ အများဆုံးစေလွှတ်တာကတော့ EU (ဥရောပ သမဂ္ဂ) ထောက်ပံ့တဲ့ EU Share ဆိုတာရှိပါတယ်။ အဲဒီကျောင်းသားဖလှယ်ရေး အစီအစဉ်အရ ရန်ကုန်တက္ကသိုလ်က ကျောင်းသားတွေကို အရှေ့တောင်အာရှနိုင်ငံတွေကို စေလွှတ်တယ်။ ဥရောပနိုင်ငံတွေက တက္ကသိုလ်အချို့ကိုလည်း စေလွှတ်ပါတယ်။ အပြန်အလှန်အနေနဲ့ အရှေ့တောင်အာရှနိုင်ငံတက္ကသိုလ်တွေက ကျောင်းသား ကျောင်းသူတွေကိုလည်း ပြန်လည်လက်ခံတယ်။ ဘွဲ့လွန်သင်တန်းတွေက အများကြီး စေလွှတ်ပါတယ်။ အဓိကကတော့ အာဆီယံတက္ကသိုလ်ကွန်ရက်(AUN)အောက်မှာရှိတဲ့ AUN/SEED-Net တစ်ခုပါ။ ပါရဂူသင်တန်း၊ မဟာဘွဲ့သင်တန်းတွေ၊ ဘွဲ့လွန်သင်တန်းတွေကို ဂျပန်နိုင်ငံ၊ အရှေ့တောင်အာရှ နိုင်ငံတွေကို စေလွှတ်ပါတယ်။

"ရန်ကုန်တက္ကသိုလ်က တချို့ဘာသာရပ်တွေက အလုပ်အကိုင်အခွင့်အလမ်းရဖို့ တိုက်ရိုက်အထောက်အကူပြုပါတယ်။ တချို့ကတော့ တိုက်ရိုက်တော့ မဟုတ်ဘူး။

*စာမျက်နှာ ၉ သို့*



ရန်ကုန်တက္ကသိုလ်အတွင်းရှိ သစ်ပုတ်ပင်။

**"ဘွဲ့ကြိုသင်တန်းတွေ အများဆုံးစေလွှတ်တာကတော့ EU (ဥရောပသမဂ္ဂ) ထောက်ပံ့တဲ့ EU Share ဆိုတာရှိပါတယ်။ အဲဒီကျောင်းသားဖလှယ်ရေး အစီအစဉ်အရ ရန်ကုန်တက္ကသိုလ်က ကျောင်းသားတွေကို အရှေ့တောင်အာရှနိုင်ငံတွေကို စေလွှတ်တယ်။ ဥရောပနိုင်ငံတွေက တက္ကသိုလ်အချို့ကိုလည်း စေလွှတ်ပါတယ်။ အပြန်အလှန်အနေနဲ့ အရှေ့တောင်အာရှနိုင်ငံ တက္ကသိုလ်တွေက ကျောင်းသား ကျောင်းသူတွေကိုလည်း ပြန်လည်လက်ခံတယ်။ ဘွဲ့လွန်သင်တန်းတွေက အများကြီး စေလွှတ်ပါတယ်"**

*စာမျက်နှာ ၈ မှ*

သွယ်ဝိုက်အထောက်အကူပြုပါတယ်။ ဥပမာ တိုက်ရိုက်အထောက်အကူပြုတာဆိုရင် ဥပဒေဘာသာရပ်က မွေးထုတ်ပေးတဲ့ ဘွဲ့ရတွေက ဥပဒေနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေကို လုပ်ကိုင်နိုင်ပါတယ်။ ထို့အတူ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံဌာနတို့ဆိုရင် မွေးထုတ်ပေးလိုက်တဲ့ ဘွဲ့ရတွေဟာ ဓာတုဗေဒလုပ်ငန်းတွေ၊ IT နဲ့ပတ်သက်တဲ့၊ သတင်းအချက်အလက်၊ နည်းပညာနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေမှာ ကျောင်းသားတွေအနေနဲ့ အလုပ်အကိုင် အခွင့်အလမ်းရရှိပါတယ်။ သွယ်ဝိုက်အထောက်အကူပြုတာကတော့ ရန်ကုန်တက္ကသိုလ်က မွေးထုတ်လိုက်တဲ့ ကျောင်းသားတွေက မြန်မာစာဆိုရင်လည်း မြန်မာစာနဲ့ နီးနွယ်နေတဲ့ အလုပ်အကိုင်တွေရပါတယ်။ အင်္ဂလိပ်စာဆိုရင်လည်း ပုဂ္ဂလိကကျောင်းတွေမှာ အင်္ဂလိပ်စာ ဆရာတွေဖြစ်ကြတယ်။ အသုံးချစိတ်ပညာဆိုလည်း အသုံးဝင်တဲ့ ဘာသာရပ်ပါ။ တိုက်ရိုက်တော့မဟုတ်ဘူး၊ သွယ်ဝိုက်ပြီးတော့ အကျိုးပြုနေတယ်၊ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိနေပါတယ်။ နောက်တစ်ခုက ပညာရေးဝန်ကြီးဌာန ကိုယ်တိုင်က ထူးချွန်တဲ့ ကျောင်းသားတွေကို ပထမအဆင့်အနေနဲ့ အချိန်ပိုင်း သရုပ်ပြ၊ နည်းပြအနေနဲ့ ခန့်ပေးထားတာရှိတယ်” ဟု ပါမောက္ခချုပ်က ပြောသည်။

**လူတွေ့နှုတ်ဖြေစာမေးပွဲ ရှိ**

ရန်ကုန်တက္ကသိုလ်ဝင်ခွင့်နှင့် ပတ်သက်၍ ပါမောက္ခချုပ်က ဆက်လက်ပြောကြားရာတွင် “ဘာသာရပ် နှစ်ခုရှိပါတယ်။ ရိုးရိုးတန်းက ၄ နှစ်ပါ။ ဒုတိယနှစ်ပြီးရင် ရိုးရိုးတန်းနဲ့ ဂုဏ်ထူးတန်းကို ခွဲပါတယ်။ ရိုးရိုးတန်းကို တက်မယ့်သူတွေက နောက်ထပ် နှစ်နှစ် ဆက်တက်ရပါတယ်။ စုစုပေါင်း လေးနှစ်ပါ။ ဂုဏ်ထူးတန်းကိုတက်မယ့် လူတွေက နောက်ထပ် သုံးနှစ်ထပ်တက်ရတော့ စုစုပေါင်း ၅ နှစ်ကြာပါတယ်။ ရန်ကုန်မြို့နယ်နိမိတ် ပြင်ပ ကျောင်းသား ကျောင်းသူတိုင်းအတွက် အဆောင်စီစဉ်ပေးပါတယ်။ ရန်ကုန်တက္ကသိုလ်က လူတွေ့နှုတ်ဖြေ ဖြေရမယ့် တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် ဦးစားပေးသီးသန့် လျှောက်ထားတဲ့သူတွေအတွက် လူတွေ့နှုတ်ဖြေစာမေးပွဲရှိပါတယ်။ တက္ကသိုလ်ဝင်တန်းမှာ ရခဲ့တဲ့အမှတ်တွေ သတ်မှတ်ထားတဲ့ အရည်အချင်းကိုက်ညီမယ်ဆိုရင် လူတွေ့နှုတ်ဖြေ ဖြေရမယ်။ လူတွေ့နှုတ်ဖြေဖြေပြီးတော့မှ ရန်ကုန်တက္ကသိုလ်က လက်ခံနိုင်တဲ့ ဦးရေအတွင်းမှာ လက်ခံသွားမှာဖြစ်ပါတယ်။

“ရန်ကုန်တက္ကသိုလ်က စုစုပေါင်း ၂၁၃၀ လက်ခံဖို့ရှိပါတယ်။ မေဂျာအားလုံးပေါင်းပါ။ တစ်ခုနဲ့တစ်ခုတော့မတူပါဘူး။ တချို့ဘာသာရပ်တွေကတော့ များများလက်ခံနိုင်တယ်။ သူတို့ရဲ့ဆရာ ဆရာမဦးရေ သင်ကြားနိုင်တဲ့အပေါ် မူတည်ပြီးတော့ များများလက်ခံနိုင်တာရှိတယ်။ တချို့ကလည်း နည်းနည်းလက်ခံတယ်။ ဘာသာရပ်တစ်ခုကို ပျမ်းမျှအနေနဲ့ ၈၀ လောက်လက်ခံပါတယ်။ ဝင်ခွင့်လမ်းညွှန်ကတော့ ထုတ်ပြီးသားပါ။ ဝင်ခွင့်လမ်းညွှန်ကို တက္ကသိုလ် ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က သက်ဆိုင်ရာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ စင်တာတွေကို ထုတ်ပေးပြီးဖြစ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်နဲ့ ပတ်သက်တာရော၊ နောက်ရန်ကုန်တက္ကသိုလ်အကြောင်းရော www.uy.edu.mm မှာ ကြည့်လို့ရပါတယ်။ ရန်ကုန်တက္ကသိုလ်က မကြာခင် နှစ်၁၀၀ ပြည့် တော့မှာပါ။ ရန်ကုန်တက္ကသိုလ်ကို ရုပ်ပိုင်းဆိုင်ရာရော၊ ပညာရေးပိုင်းဆိုင်ရာရော အဆင့်မြှင့်တင်ဆောင်ရွက်နေပါတယ်။ ကျောင်းသား ကျောင်းသူဟောင်းတွေရော၊ မိဘဆရာတွေရော၊ ယခုလက်ရှိ ကျောင်းသား ကျောင်းသူတွေရော အားလုံးဝိုင်းဝန်း ဆောင်ရွက်ဖို့လိုပါတယ်။ ဝိုင်းဝန်းပူးပေါင်းဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဝိုင်းဝန်းပူးပေါင်းတဲ့အခါ လူအား၊ ကာယအား၊ ဉာဏအား၊ ငွေအားအကုန်လုံးကို ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်” ဟု ဆိုသည်။

**အားကစားသမားများစွာ မွေးထုတ်ပေး**

ရန်ကုန်တက္ကသိုလ်သည် နိုင်ငံ့ခေါင်းဆောင်များ၊ အသိပညာရှင် အတတ်ပညာရှင်များသာမက ထင်ရှားကျော်ကြားလှသော အနုပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများစွာတို့ကိုလည်း မွေးထုတ်ပေးခဲ့သည်။

**အားကစားအသင်းအဖွဲ့လည်း ရှိ**

“ရန်ကုန်တက္ကသိုလ်ရဲ့အနုပညာအသင်းကတော့ အစဉ်အလာရှိတဲ့အသင်းပါ။ အနုပညာအသင်းမှာ ဆို၊ က၊ ရေး၊ တီး အကုန်ပါတယ်။ အနုပညာအသင်းအောက်မှာ ပန်းချီအသင်းရှိပါတယ်။ ဒါတွေကို ကျောင်းသားဟောင်းတွေက ပံ့ပိုးပါတယ်။ ရန်ကုန်တက္ကသိုလ်အတွက် အနုပညာရှင်တွေကလည်း ပံ့ပိုးပါတယ်။ ပန်းချီပညာရှင်တွေကလည်း လာရောက် သင်တန်းပို့ချတာရှိတယ်။ ပန်းချီဆိုရင် သင်တန်းဆင်းပန်းချီပြပွဲ လုပ်တယ်။ နောက်တစ်ခါ ဂျပန်၊ တရုတ်တက္ကသိုလ်က ပန်းချီပညာရှင်တွေနဲ့ပေါင်းပြီး ပြပွဲလုပ်ပါတယ်။ အလားတူ အားကစားနဲ့ပတ်သက်တဲ့ဌာနလည်းရှိပါတယ်။ အားကစားအသင်းအဖွဲ့လည်း ရှိပါတယ်။ သူတို့ကလည်း သက်ဆိုင်ရာ အားကစားအောင်မြင်တဲ့သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။

**ထူးချွန်တဲ့သူတွေကို ပညာသင်ဆုပေး**

“ရန်ကုန်တက္ကသိုလ်က နိုင်ငံခြားတက္ကသိုလ်တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ ရန်ကုန်တက္ကသိုလ်ဟာ အင်တာနက်ပေါ်က Ranking အနေနဲ့ မြန်မာနိုင်ငံမှာ အကောင်းဆုံးဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ဝင်လာတဲ့ ကျောင်းသား ကျောင်းသူတွေမှာ တက္ကသိုလ်ဝင်တန်း ထူးချွန်အောင်လာတဲ့ ကလေးတွေရှိတယ်။ ခုဆိုရင် ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် မီရဲ့သားနဲ့ မသွားဘဲ ဒီကိုလာတက်တာရှိပါတယ်။ အဲဒီလို လာတက်တဲ့သူတွေဘာသာရပ်တွေမှာ ထူးချွန်တဲ့သူတွေကို နိုင်ငံတော်ကလည်း ပညာသင်ဆုပေးပါတယ်။ ဝိဇ္ဇာထူးချွန်သူ၊ သိပ္ပံထူးချွန်သူ တစ်လကို တစ်သိန်းပေးပါတယ်။ အဲဒါလည်း ထူးခြားပါတယ်။ ဟိုအရင်ကလည်း ရှိပါတယ်။ သိပ္ပံချွန်ဆိုတာ ရှိပါတယ်။ အခုတော့ ဝိဇ္ဇာချွန်ရော၊ သိပ္ပံထူးချွန်ရော ဘာသာရပ်အကုန်လုံးနီးပါး ကျောင်းတက်နေတဲ့ တစ်လျှောက်လုံး ချီးမြှင့်သွားမှာ ဖြစ်ပါတယ်” ဟု ပါမောက္ခချုပ်က ပြောသည်။

ရန်ကုန်တက္ကသိုလ် ပထမနှစ် ဝင်ခွင့်လျှောက်ထားသူများသည် ၂၀၁၉ ခုနှစ်တွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့သူဖြစ်ရမည်။ နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ ဝင်ခွင့်လျှောက်ထားချိန်တွင် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ (မှတ်ပုံတင်မိတ္တူများ ပူးတွဲတင်ပြရန်)။ တက္ကသိုလ်မှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်ဒေသမှမဆို တန်းတူလျှောက်ထားနိုင်ပြီး လျှောက်ထားလိုသူများသည် ရန်ကုန်တက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ကာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ဦးရေ ၂၁၃၀ လက်ခံသွားမည်ဖြစ်သည်။



ရန်ကုန်တက္ကသိုလ်အတွင်းရှိ ဂျပ်စင်။

ရန်ကုန်တက္ကသိုလ် ဝင်ခွင့်လျှောက်ထားသူသည် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် စာအုပ်ပါ စာမျက်နှာ (၃၄)၊ အပိုဒ် (၁၆)တွင် ရေးသားဖော်ပြထားသော ရန်ကုန်တက္ကသိုလ်အတွက် လမ်းညွှန်ချက်ကို သေချာစွာ ဖတ်ရှုရန် လိုအပ်မည်ဖြစ်သည်။

**ဆက်သွယ်မေးမြန်းနိုင်**

ထို့ပြင်တက္ကသိုလ်ဝင်ခွင့်ကို အရည်အချင်းစစ် လူတွေ့နှုတ်ဖြေ စာမေးပွဲဖြင့် ရွေးချယ်ဆောင်ရွက်မည်ဖြစ်ပြီး ဘူမိဗေဒဘာသာရပ်သို့ လျှောက်ထားသူများသည် လူတွေ့နှုတ်ဖြေစာမေးပွဲအပြင် သတ်မှတ်ထားသော စည်းမျဉ်းနှင့်အညီ မိုင် ၂၀ လမ်းလျှောက် နိုင်ရမည်ဖြစ်သည်။ ဝေးလံခေါင်ဖျားဒေသများမှ လျှောက်ထားသော ကျောင်းသား ကျောင်းသူများအတွက် ခွဲတမ်းကို ဘာသာရပ်အသီးသီးတွင် လက်ခံမည့် ဦးရေ၏ ၂ ရာခိုင်နှုန်းထားရှိမည်ဖြစ်ကြောင်းလည်း သိရသည်။ ရန်ကုန်တက္ကသိုလ်၌ တက်ရောက်ခွင့်ရရှိသူ အမည်စာရင်းကို www.uy.edu.mm တွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာ ကြော်ငြာသင်ပုန်းတွင်လည်းကောင်း ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရန်ကုန်တက္ကသိုလ်မော်ကွန်းထိန်း (သင်တန်း) ၀၁-၅၃၄၀၂၄၊ လက်ထောက် မော်ကွန်းထိန်း(ကျောင်းသားရေးရာ) ၀၁-၅၃၄၃၉၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် ဝင်ခွင့်လျှောက်ထားသူများအနေဖြင့် အပိုဒ်(၁၆)ပါ အပိုဒ်ခွဲများနှင့် ကိုက်ညီသူများကိုသာ လက်ခံမည်ဖြစ်ပြီး အပိုဒ်ခွဲများနှင့်ကိုက်ညီမှုမရှိသည့် လျှောက်လွှာများကို လုံးဝ လက်ခံမည်မဟုတ်ကြောင်း သိရသည်။ ရန်ကုန်တက္ကသိုလ်သို့ လျှောက်ထားသူသည် ရန်ကုန်တက္ကသိုလ်ရှိ ဘာသာရပ် ၂၆ ခု အနက် သုံးခုကိုသာ ဦးစားပေး လျှောက်ထားခွင့်ရှိပြီး ဝင်ခွင့်လျှောက်လွှာပါ ဦးစားပေး(၁)တွင် ရန်ကုန်တက္ကသိုလ်ကို လျှောက်ထားသူများသည် မိမိလျှောက်ထားသော ဘာသာရပ်၏ သတ်မှတ်ချက်နှင့်ကိုက်ညီပါက ဝင်ခွင့်ပုံစံကို ရန်ကုန်တက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားနိုင်ကာ လူတွေ့ဖြေဆိုရမည်ဖြစ်ကြောင်း၊ ဘာသာရပ်ဌာနအလိုက် လူတွေ့ဖြေဆိုရမည့်ရက်နှင့် အချိန်ကို အချိန်မီ ကြေညာပေးမည်ဖြစ်ကြောင်း၊ ဝင်ခွင့်ဖြေဆိုခွင့်ရှိသူ အမည်စာရင်းကို ဖုန်းဖြင့် အကြောင်းကြားခြင်း၊ ရန်ကုန်တက္ကသိုလ် website ဖြစ်သော www.uy.edu.mm တွင် ကြေညာခြင်းတို့ဖြင့် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူများ သတိပြုရမည့် အချက်များမှာ စာတိုက်မှတစ်ဆင့် ဝင်ခွင့်လျှောက်ထားသူများသည် အချိန်မီပေးပို့ပေးရန် လိုအပ်ကြောင်း၊ ဝင်ခွင့်ဖြေဆိုရန် အကြောင်းကြားပေးနိုင်ရေးအတွက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ဖြည့်စွက်ထားရန်လိုအပ်ကြောင်း၊ ဦးစားပေးတွင် ပါဝင်သူများအားလုံး လူတွေ့ဖြေဆိုရမည်ဖြစ်ပြီး လူတွေ့ဖြေဆိုရန် ရက်၊ အချိန် မသိ၍ ပျက်ကွက်သူများ နောက်ဆက်တွဲဖြေဆိုခွင့်မရှိကြောင်း၊ ရန်ကုန်တက္ကသိုလ်ထက် အမှတ်မြင့်သော တက္ကသိုလ်များမှ ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ခွင့်မရှိကြောင်း၊ ရန်ကုန်တက္ကသိုလ်တွင် ဝင်ခွင့်ရရှိသော ဘာသာရပ်များအချင်းချင်း အမှတ်မီ၍ ပြောင်းရွှေ့လိုပါက ရန်ကုန်တက္ကသိုလ်ပညာရေးအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်းဖြစ်ကြောင်း၊ အခြား ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များမှ အမှတ်မီ၍ ပြောင်းရွှေ့ခွင့်လျှောက်ထားခြင်းအား ခွင့်မပြုကြောင်း သိရသည်။

“ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်တော့မယ်။ ရန်ကုန်တက္ကသိုလ်ကို ပညာရပ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာရော အဆင့်မြင့်ဖို့လုပ်တယ်။ ရန်ကုန်တက္ကသိုလ် သက်ဆိုင်တဲ့ ကျောင်းသား ကျောင်းသူဟောင်း၊ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူတွေ၊ မိဘ ဆရာတွေအားလုံး ပူးပေါင်းဆောင်ရွက်ပြီး ရန်ကုန်တက္ကသိုလ် တိုးတက်ရာတိုးတက်ကြောင်း ကူညီပါလို့ မေတ္တာရပ်ခံပါတယ်။

“ရန်ကုန်တက္ကသိုလ်ရဲ့ ဂုဏ်သိက္ခာနဲ့အညီ ရှေ့ဆောင်ဂုဏ်ဆောင်တက္ကသိုလ် ဂုဏ်သိက္ခာနဲ့အညီ တက္ကသိုလ်ကျောင်းသားတွေ ဂုဏ်သိက္ခာထိန်းပါ။ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်ကြိုးစားပါ။ ဘာသာရပ်ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်၊ ကိုယ့်တက္ကသိုလ်ကိုလည်း တိုးတက်အောင် ကူညီဆောင်ရွက်ကြပါ”ဟုဆိုသည့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဦးဖိုးကောင်း၏ အမှာစကားကလည်း အမိတက္ကသိုလ်၏ ဂုဏ်ရောင်ကို ဆက်လက်ထွန်းပြောင်စေမည့် နှိုးဆော်တိုက်တွန်း စကားဟုသာ ဆိုရပါမည်။

**သတင်းဆောင်းပါး-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ရဲထွဋ်**

## ရန်ကုန်တက္ကသိုလ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ပထမနှစ်ဝင်ခွင့်သတ်မှတ်မှုပြင်ဆင်ချက်

| စဉ် | ဘာသာရပ် | အရည်အချင်းသတ်မှတ်ချက် | | | သင်တန်းကာလ | အပ်နှင်းမည့်ဘွဲ့ |
|---|---|---|---|---|---|---|
| | | ဘာသာရပ် | အနိမ့်ဆုံးရမှတ် | အနိမ့်ဆုံး စုစုပေါင်းရမှတ် | | |
| ၁ | မြန်မာ | မြန်မာစာ | ၇၀ | ၄၁၀ | ၄ နှစ် | B.A. |
| ၂ | မြန်မာမှုပညာ | မြန်မာစာ | ၆၀ | ၄၀၀ | ၄ နှစ် | B.A. |
| | | အင်္ဂလိပ်စာ | ၆၀ | | | |
| ၃ | အင်္ဂလိပ်စာ | အင်္ဂလိပ်စာ | ၇၀ | ၄၅၀ | ၄ နှစ် | B.A. |
| ၄ | ပထဝီဝင် | | | ၃၆၀ | ၄ နှစ် | B.A. |
| ၅ | ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုပညာ | အင်္ဂလိပ်စာ | ၆၅ | ၄၀၀ | ၄ နှစ် | B.ES. |
| ၆ | သမိုင်း | အင်္ဂလိပ်စာ | ၆၀ | ၃၆၀ | ၄ နှစ် | B.A. |
| | *ပြင်ဆင်ချက်-တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် သမိုင်းအထူးပြုအတွက် အရည်အချင်းသတ်မှတ်ချက် ဘာသာရပ်တွင် သမိုင်း အစား အင်္ဂလိပ်စာ ဖြစ်ရမည်။* | | | | | |
| ၇ | ဒဿနိကဗေဒ | အင်္ဂလိပ်စာ | ၆၀ | ၃၆၀ | ၄ နှစ် | B.A. |
| ၈ | စိတ်ပညာ | အင်္ဂလိပ်စာ | ၆၅ | ၄၀၀ | ၄ နှစ် | B.A. |
| ၉ | အရှေ့တိုင်းပညာ | အင်္ဂလိပ်စာ | ၆၀ | ၃၆၀ | ၄ နှစ် | B.A. |
| ၁၀ | နိုင်ငံတကာဆက်ဆံရေးပညာ | အင်္ဂလိပ်စာ | ၇၀ | ၄၇၀ | ၄ နှစ် | B.A. |
| ၁၁ | နိုင်ငံရေးသိပ္ပံ | အင်္ဂလိပ်စာ | ၆၅ | ၄၂၀ | ၄ နှစ် | B.A. |
| ၁၂ | မနုဿဗေဒ | အင်္ဂလိပ်စာ | ၆၀ | ၃၆၀ | ၄ နှစ် | B.A. |
| ၁၃ | ရှေးဟောင်းသုတေသနပညာ | အင်္ဂလိပ်စာ | ၆၀ | ၃၈၀ | ၄ နှစ် | B.A. |
| ၁၄ | စာကြည့်တိုက်နှင့်သုတပညာ | အင်္ဂလိပ်စာ | ၆၀ | ၃၆၀ | ၄ နှစ် | B.A. |
| ၁၅ | ဥပဒေပညာ | အင်္ဂလိပ်စာ | ၆၅ | ၄၂၅ | ၅ နှစ် | LLB |
| ၁၆ | ဓာတုဗေဒ | ဓာတုဗေဒ | ၈၀ | ၄၀၀ | ၄ နှစ် | B.Sc. |
| ၁၇ | ဇီဝဓာတုဗေဒ | ဓာတုဗေဒ | ၈၀ | ၄၀၀ | ၄ နှစ် | B.Sc. |
| | | ဇီဝဗေဒ | ၇၀ | | | |
| ၁၈ | ကုန်ထုတ်ဓာတုဗေဒ | ဓာတုဗေဒ | ၈၀ | ၄၀၀ | ၄ နှစ် | B.Sc. |
| ၁၉ | ရူပဗေဒ | ရူပဗေဒ | ၈၀ | ၄၀၀ | ၄ နှစ် | B.Sc. |
| ၂၀ | သင်္ချာ | သင်္ချာ | ၈၀ | ၄၀၀ | ၄ နှစ် | B.Sc. |
| ၂၁ | သတ္တဗေဒ | ဇီဝဗေဒ | ၇၅ | ၄၀၀ | ၄ နှစ် | B.Sc. |
| ၂၂ | ရုက္ခဗေဒ | ဇီဝဗေဒ | ၇၅ | ၄၀၀ | ၄ နှစ် | B.Sc. |
| ၂၃ | အဏုဇီဝဗေဒ | ဇီဝဗေဒ | ၇၅ | ၄၀၀ | ၄ နှစ် | B.Sc. |
| ၂၄ | ဘူမိဗေဒ | ရူပ/ဓာတု | ၇၀ | ၄၀၀ | ၄ နှစ် | B.Sc. |
| ၂၅ | ကွန်ပျူတာသိပ္ပံ | သင်္ချာ | ၈၀ | ၄၅၀ | ၄ နှစ် | B.Sc. |
| ၂၆ | ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် | အင်္ဂလိပ်စာ | ၆၀ | ၄၂၀ | ၄ နှစ် | B.Sc. |
| | | ဇီဝဗေဒ | ၇၅ | | | |

# IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတ ဆွီဒင်နိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံတွင် ငြိမ်းချမ်းရေးမိန့်ခွန်းပြောကြား

**မန္တလေး ဇွန် ၃၀**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ မြို့တော်ခန်းမတွင် ဇွန် ၃၀ ရက်မှ ဇူလိုင် ၃ ရက်အထိ ကျင်းပသည့် Stockholm World Peace Conference - 2019 ကမ္ဘာ့ငြိမ်းချမ်းရေးဆု ပေးအပ်ပွဲနှင့် ငြိမ်းချမ်းရေး ညီလာခံအခမ်းအနားသို့ IBEC- အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်၊ စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင်၊ IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတသည် မြန်မာနိုင်ငံကိုယ်စားပြု အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် စတင်ကျင်းပခဲ့ပြီး ဆရာတော်က International Humanitarian Law ခေါင်းစဉ်ဖြင့် ငြိမ်းချမ်းရေးမိန့်ခွန်း မိန့်ကြားခဲ့ကြောင်း သိရသည်။(ယာပုံ)

ငြိမ်းချမ်းရေးမိန့်ခွန်း မိန့်ကြားရခြင်းနှင့်ပတ်သက်၍ ဆရာတော်က "ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးထဲမှာ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ တန်ဖိုးထားရသော ဗုဒ္ဓဘာသာရဲ့ဓမ္မတရားတွေဟာ လူသားတိုင်းအတွက် ငြိမ်းချမ်းခြင်းကို ဆောင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကိုယ်စား၊ ဗုဒ္ဓဘာသာရဲ့ကိုယ်စား နိုင်ငံတကာရဲ့ အထင်အမြင်တွေ လွဲမှားနေရာကနေ ပြေပျောက်စေဖို့အတွက် ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါးအနေဖြင့် နိုင်ငံတကာမှာ speaker အဖြစ်နဲ့ လိုက်လံပြီးတော့ မိန့်ကြားနေရခြင်းဖြစ်ပြီး ဗုဒ္ဓဘာသာရှုထောင့်ကနေပြီးတော့ နိုင်ငံတကာ လူ့အခွင့်အရေးနဲ့ဆိုင်တဲ့ ဥပဒေတွေကို ချဉ်းကပ်ပြီး မိန့်ကြားပေးခဲ့တာပါ"ဟု မိန့်ကြားသည်။

ဆရာတော်သည် ၂၀၁၈ခုနှစ် ဇွန် ၃၀ ရက်တွင် ပြုလုပ်ခဲ့သော ပထမအကြိမ် ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံတွင် စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေးဆုအား ဆက်ကပ်ခြင်းခံထားရကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် ဆရာတော်၏ ကပ္ပိယများအဖြစ် လန်ဒန်မြန်မာသံရုံးမှ သံမှူးကြီး ဦးချစ်ဝင်းနှင့် နယ်သာလန်နိုင်ငံမှ ဦးအောင်သူတို့ လိုက်ပါကုသိုလ်ပြု ဆောင်ရွက်ခဲ့ကြကြောင်း IBEC သတင်းနှင့်ပြန်ကြားရေးဌာနမှ သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**






## တပ်ကုန်းမြို့နယ်၌ တောင်သူများအား ပိုးမွှားကာကွယ်နှိမ်နင်းရေးပညာပေး၍ ဆေးဖျန်းပုံးများ ထောက်ပံ့

**တပ်ကုန်း ဇွန် ၃၀**

တပ်ကုန်းမြို့နယ် ကင်မွန်းတန်းအုပ်စုအတွင်း အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးသည့်ကျေးရွာ ခုနစ်ရွာရှိ တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနက ငမြှောင်တောင်ပိုးကျရောက်မှုမှ ကာကွယ်နှိမ်နင်းနိုင်ရန် နည်းပညာပေးဟောပြောပွဲနှင့် ဆေးဖျန်းပုံးများထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲကို တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ကွင်းတာဝန်ခံများက တောင်သူများ ငမြှောင်တောင်ပိုးကာကွယ် နှိမ်နင်းရေးအတွက် နည်းပညာပေးဆွေးနွေးပြီး အစေ့ထုတ်ပြောင်းစိုက်တောင်သူများအား ဆေးဖျန်းပုံးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

## အာရှဖွံ့ဖြိုးရေးဘဏ်၏ချေးငွေဖြင့် စိုက်ပျိုးစီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက်ကို ခုနစ်နှစ်စီမံကိန်းဖြင့် ဆောင်ရွက်မည်

**မန္တလေး ဇွန် ၃၀**

တိုင်းဒေသကြီးသုံးခုရှိ မြို့နယ် ၁၄ မြို့နယ်တို့တွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်းကို ခုနစ်နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံကိန်းဒါရိုက်တာ ဦးအေးကိုကိုက ပြောကြားသည်။

အဆိုပါ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းနှင့် Global Agriculture and Food Security Program (GAFSP) ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၇ သန်းဖြင့် တိုင်းဒေသကြီးသုံးခုရှိ မြို့နယ် ၁၄ မြို့နယ်တို့တွင်ရှိသော မျိုးစေ့ထုတ်ခြံ ၁၀ ခြံတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းတို့မှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တောင်သူများနှင့် စားသုံးသူပြည်သူများအတွက် ရာသီဥတုနှင့် လိုက်လျောညီထွေ ဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက် ခုနစ်နှစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

### ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးဖို့လို

"အခု ဒီစီမံကိန်းကြီးဟာ အကြီးကြီးဖြစ်ပါတယ်။ ဌာနပေါင်းစုံတွေ၊ ပုဂ္ဂလိကကဏ္ဍတွေရော၊ စိုက်ပျိုးရေးတောင်သူတွေရော၊ ရောင်းဝယ်ဖောက်ကားသူတွေရော အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးဖို့ လိုပါတယ်။ အစိုးရကနေပြီးတော့ အာရှဖွံ့ဖြိုးရေးဘဏ် ချေးငွေယူပြီး ဆောင်ရွက်ပေးတာပါ။ ချေးငွေ ပြန်ဆပ်တဲ့ကာလကတော့ ၃၂ နှစ် ပြန်လည်ပေးဆပ်ရမှာပါ။ ခုလုပ်တဲ့ စီမံကိန်းရည်ရွယ်ချက်ကတော့ စိုက်ပျိုးစီးပွားရေး ကွင်းဆက်အောက်မှာရှိတဲ့ တိုင်းဒေသကြီးသုံးခုရဲ့မြို့နယ် ၁၄ မြို့နယ်မှာ စပါးသီးနှံ၊ ပဲမျိုးစုံသီးနှံနဲ့ ဆီထွက်သီးနှံတွေရဲ့ အရည်အသွေးမြင့်မားတဲ့ ထုတ်ကုန်တွေ တိုးတက်ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ ပြည်သူတွေ၊ စိုက်ပျိုးရေး တောင်သူတွေ ဝင်ငွေတိုးပွားရရှိပြီးတော့ စားသုံးသူပြည်သူတွေအနေနဲ့ အစားအစာတွေ လုံခြုံစိတ်ချရဖို့ ဖြစ်ပါတယ်။ ဓာတ်ခွဲခန်းတွေကိုပါ အဆင့်မြှင့်တင်သွားဖို့ ရှိပါတယ်။ ဒါ့အပြင် သွင်းအားစုပစ္စည်းတွေ ဝယ်တာရောင်းတာတွေနဲ့ ပတ်သက်လို့ တောင်သူတွေဟာ ကတ်တွေကိုင်ဆောင်ပြီးတော့ လုပ်နိုင်ဖို့ ရည်ရွယ်ပါတယ်။ တောင်သူတွေအတွက် အကျိုးရှိမယ့် ခုနစ်နှစ်တာကာလ စီမံကိန်းကို နိုင်ငံတော်အစိုးရနဲ့ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ ချေးငွေအထောက်အပံ့ အကူအညီယူပြီးတော့ လုပ်ဆောင်ပေးနေတာပါ"ဟု ၎င်းက ပြောကြားသည်။

အဆိုပါစီမံကိန်းကို ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ စုစုပေါင်း ခုနစ်နှစ် စီမံကိန်းကာလဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ပျော်ဘွယ်မြို့နယ်၊ မလှိုင်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် နွားထိုးကြီးမြို့နယ် စသည့် လေးမြို့နယ်ဖြစ်ပြီး မျိုးစေ့ထုတ်ခြံများအဖြစ် မန္တလေးဇဟိုခြံ၊ မလှိုင်ခြံ နှင့် ကြက်မောက်တောင်ခြံ စသည့်ခြံများနှင့် မြို့နယ်များရှိ စပါးသီးနှံ၊ ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံတို့၏ အရည်အသွေးမြင့်မားပြီး ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

### တစ်ပြေးညီဆောင်ရွက်သွားမည်

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ စလင်းကြီး၊ ယင်းမာပင်၊ ရွှေဘို၊ စစ်ကိုင်း စသည့်မြို့နယ်ငါးမြို့နယ်နှင့် ခြံများမှာ ဝက်တိုးခြံ ၁ ၊ ဝက်တိုးခြံ ၂ ၊ ငွေးကုန်း၊ ချီပါခြံ၊ ကန့်ပလူခြံနှင့် မြေမွန်ခြံတို့ဖြစ်ပြီး မကွေးတိုင်းဒေသကြီးတွင် မကွေး၊ ပွင့်ဖြူ၊ နတ်မောက်၊ အောင်လံနှင့် ပခုက္ကူ စသည့်မြို့နယ် ငါးမြို့နယ်နှင့် မျိုးစေ့ထုတ်ခြံမှာ ပွင့်ဖြူခြံတို့၌ အဆိုပါစီမံကိန်းကြီးကို ခုနစ်နှစ်ကာလဖြင့် တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ပျဉ်းမနားမြို့နယ်ရှိ သက်ကြီးရွယ်အိုများအား ထောက်ပံ့

**ပျဉ်းမနား ဇွန် ၃၀**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား နိုင်ငံတော်မှပေးအပ်သည့် သက်ကြီးထောက်ပံ့ကြေးများ ပေးအပ်ခြင်းကို ဇွန် ၂၇ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အဘိုးအဘွားများ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်သည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုးနှင့် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု၊ တောင်သာအုပ်စု၊ ရွှေချီရပ်ကွက်အတွင်းရှိ အဘိုးအဘွားများကို နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကြေးငွေများ လက်ရောက်ပေးအပ်ခဲ့သည်။ ထို့အပြင် နန်းချိုရေအားလျှပ်စစ်စက်ရုံတွင် ငါးတဲစုကျေးရွာအတွက် လျှပ်စစ်မီးသွယ်တန်းမှု၊ စက်ရုံဧရိယာအတွင်း မူလတောင်သူများ၏ မြေများ ပြန်လည်စွန့်လွှတ် ပေးရန်ကိစ္စများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းနှင့် ကျောက်တစ်လုံး ကြိုးပြင်ကာကွယ်တောစီမံချက်အတွက် မူလတောင်သူမြေများမပါရှိရေးအတွက် ရွှေပြည်သာယာကျေးရွာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်တွင် စက်လှေကားအသစ် တပ်ဆင်

**မန္တလေး ဇွန် ၃၀**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အဆင့်မြင့်ဈေးချိုတော်တွင် ၁၉၉၄ ခုနှစ် ဈေးချိုတော် စတင်ဖွင့်လှစ်စဉ်ကတည်းက တပ်ဆင်ထားရှိသည့် စက်လှေကားများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် အသစ်တပ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

ဈေးချိုမှဈေးသူ ဈေးသားများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ဈေးဝယ်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန်အတွက် ဈေးအကျိုးတော်ဆောင်အဖွဲ့မှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ တင်ပြချက်အရ ယခုဘဏ္ဍာရေးနှစ်အတွင်း တပ်ဆင်ပေးရန် ပါဝင်ခဲ့ပြီး လုပ်ငန်းများကို နှစ်လအတွင်း အပြီးဆောင်ရွက်နိုင်ရန် လျာထားကြောင်း၊ ဓာတ်လှေကားတစ်စင်းကိုလည်း အသစ်တပ်ဆင်သွားမည်ဖြစ်ကြောင်း ဈေးအကျိုးတော်ဆောင်အဖွဲ့ထံမှ သိရသည်။

အဆင့်မြင့်ဈေးချိုတော်တွင် အထပ်လေးထပ်ရှိပြီး စက်လှေကားများ အသစ်လဲလှယ်တပ်ဆင်ကာ ပုံမှန်မောင်းနှင်နိုင်ပါက လာရောက်ဈေးဝယ်ယူသူများ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်၍ အရောင်းအဝယ် ပိုမိုကောင်းမွန်လာစေရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အောင်စံမောင်**

## မိုးသက်လေပြင်းများ ကျရောက်မည်

**နေပြည်တော် ဇွန် ၃၀-** မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၃၀

**၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။**




**မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်သို့ အလှူရှင်တစ်ဦးက ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင် လက်ခံရယူစဉ်။**

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်အေးအေးရွှေက အဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူရှင်များက လှူဒါန်းငွေကျပ်သိန်း ၂၅၀ အား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်သို့ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

### ကျန်းမာဖို့လိုလာပြီ

"ကျွန်မတို့ အမျိုးသမီးတွေက အလုပ်ပိုများကြပါတယ်။ အိမ်ထောင်တာဝန်တွေ၊ စီးပွားရေးတာဝန်တွေ၊ မိသားစုတာဝန်တွေ ထမ်းဆောင်ကြရတဲ့အခါတွေကျတော့ အားကစားကို ဘယ်လိုလှုပ်ရှားရမယ်ဆိုတာကို မေ့နေတတ်ကြပါတယ်။ ဘယ်အချိန်မှ သတိရကြလဲဆိုရင် အသက်ကြီးပြီး ဟိုနားနာ၊ ဒီနားနာတဲ့အချိန်တွေရောက်မှပဲ ကျွန်မတို့က အားကစားလေးလုပ်ရင် ကောင်းမယ်၊ ကျန်းမာဖို့လိုလာပြီဆိုတာကို သတိရလာတယ်။ အဲဒီအချိန်ကျမှ သတိရကြတာပါ။ အားကစားလှုပ်ရှားတယ်ဆိုတာကလည်း အိမ်တွင်းမှာရှိနေတဲ့ အမျိုးသမီးတွေ အဓိကလုံ့ဆော်ပြီးတော့ အိမ်မှာပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကျန်းမာရေးအတွက်လုပ်ကိုင်နိုင်အောင်ဆိုပြီး လုပ်ဆောင်ကြတာဖြစ်ပါတယ်"ဟု အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးက ပြောသည်။

### ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်သည် အားကစားလုပ်ငန်းများအား အမျိုးသမီးထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အမျိုးသမီးထု၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ အမျိုးသမီးထုကြီး ကျန်းမာကြံ့ခိုင်၊ ကျန်းမာသန်စွမ်း၍ နိုင်ငံကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုစေရေးအတွက် အားကစားလှုပ်ရှားမှုကို ဆောင်ရွက်ရန်၊ အမျိုးသမီးအားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာလင်း**

# ရန်ကုန်တိုင်းဒေသကြီးတွင် တစ်ရက်လျှင် လျှပ်စစ်မဂ္ဂါဝပ် ၁၅၀၀ ခန့်ဖြန့်ဖြူးပေးလျက်ရှိ

ရန်ကုန် ဇွန် ၃၀

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် နွေရာသီ၌ ရန်ကုန်မြို့ရှိ မြို့နယ်တို့အား အုပ်စုလေးစုခွဲ၍ ၂ နာရီကြာ မီးပိတ်သောစနစ်ကို ဇွန် ၁၅ ရက်မှစတင်၍ ရပ်နားခဲ့ပြီး လျှပ်စစ်မီးအပြည့်အဝသုံးစွဲနိုင်ရန် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ်လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၅၀၀ ခန့်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။**

### ရသလောက် ဖြန့်ဖြူးပေး

"ရန်ကုန်တိုင်းဒေသကြီးမှာ တစ်နေ့ လျှပ်စစ် မဂ္ဂါဝပ် ၁၅၀၀ နီးပါး ဖြန့်ဖြူးပေးနေပါတယ်။ ထုတ်လုပ်ပြီးပို့လွှတ်တဲ့ လျှပ်စစ် ဓာတ်အားအတိုင်း အပြည့်အဝပြန်လည် ဖြန့်ဖြူးနေပါတယ်။ မီးပျက်တာကို မကြိုက်တဲ့အထဲမှာ လျှပ်စစ်မီးသုံးစွဲတဲ့သူလည်းမကြိုက်သလို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကလည်း မကြိုက်ပါဘူး။ ဖြန့်ဖြူးရေးလုပ်ငန်းဟာ ထုတ်လုပ်တဲ့ပမာဏအတိုင်းပဲ ပေးဝေနိုင်ပါတယ်။ မဂ္ဂါဝပ် ၁၅၀၀ ထက်ပိုရရင် ရသလောက် ဖြန့်ဖြူးပေးနိုင်မှာပါ။ ရသလောက်ထိန်းပြီးဖြန့်ဖြူးပေးနေရတာကြောင့် အချို့နေရာတွေမှာ မီးပျက်နေတာရှိပါတယ်။ ထုတ်လုပ်သမျှ ဖြန့်ဖြူးပေးနေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကော်ပိုရေးရှင်းမှ အထွေထွေမန်နေဂျာ ဦးတင်အောင်က ပြောသည်။

### ဓာတ်အားပြတ်တောက်မှုမရှိစေရန် ကြိုးပမ်း

ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးသို့ ဖြန့်ဖြူးပေးလျက်ရှိပြီး မြို့နယ်များတွင် ဓာတ်အားပြတ်တောက်မှုမရှိစေရန် ကြိုးပမ်းလျက်ရှိရာ ရေအား လျှပ်စစ်၊ ဓာတ်ငွေ့ နေရောင်ခြည်စွမ်းအင်၊ ဘဏ္ဍာရေးရရှိမှုနှင့် အခြားကဏ္ဍတို့ဖြင့် လျှပ်စစ်ဓာတ်အားကို လည်ပတ်နိုင်သော်လည်း မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ကိုသာ အဓိကအားပြုနေရသောကြောင့် နွေရာသီ၌ လျှပ်စစ်ဓာတ်အား ရရှိမှု အခက်အခဲဖြစ်ပေါ်ခဲ့၍ အုပ်စုခွဲကာ နှစ်နာရီကြာ ဓာတ်အားပြတ်တောက်မှုဖြင့် ဖြန့်ဖြူးခဲ့ရခြင်းဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများသော ရန်ကုန်မြို့တွင် အများပြည်သူ ပြည့်ဝစွာဓာတ်အား သုံးစွဲနိုင်စေရန် ပေးဝေလိုသော ဆန္ဒရှိပြီး ထုတ်လုပ်နိုင်သမျှဖြင့် မျှ၍သည်းခံစွာသုံးစွဲနေမှုကိုလည်း ကျေးဇူးတင်ပါကြောင်းနှင့် ဆက်လက်တိုးမြှင့်ထုတ်လုပ်၍ ပို့လွှတ်သမျှ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

ရန်ကုန်မြို့တွင်လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခြင်းသည် ဖြန့်ဖြူးသော လျှပ်စစ်နှင့် သုံးစွဲမှုမျှတခြင်းမရှိ၍ ပိတ်ပေးရသောကြောင့် မီးပျက်ခြင်း၊ လျှပ်စစ်လိုင်းနှင့် ခွဲရုံတို့တွင် ပြင်ဆင်နေရ၍မီးပျက်ခြင်း၊ မဖြစ်မနေလုပ်ဆောင်ရသော တည်ဆောက်ရေးလုပ်ငန်းတို့ကြောင့် လျှပ်စစ်ဓာတ်အားပိတ်ပေးရခြင်း၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း လုပ်ဆောင်ရခြင်းတို့ကြောင့် ပိတ်ပေးရခြင်း စသည်တို့ကြောင့် လျှပ်စစ်မီးပြတ်တောက်ရခြင်းဖြစ်ပြီး နေ့စဉ်ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားမှ ရရှိသော လျှပ်စစ်စွမ်းအားအတိုင်း တစ်ရက်လျှင် ၁၅၀၀ မဂ္ဂါဝပ်ဖြင့် ရန်ကုန်မြို့အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကော်ပိုရေးရှင်းမှ သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**



**လျှပ်စစ်ဓာတ်အား အများဆုံးအသုံးပြုသည့် လှိုင်သာယာစက်မှုဇုန်ကို တွေ့ရစဉ်။**



**မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်တော် မြစိမ်းရောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣဿရိယ (သက်တော်ရှည်ဆရာတော်ကြီး)၏ သက်တော် ၉၆ နှစ်ပြည့် ဝိဇာတမွေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့မှ အလှူရှင် ဦးသိန်းယဉ်မိသားစုက ကျေးလက်ဒေသများ၌ သာသနာတော် ပိုမိုထွန်းကားပြန့်ပွားရေးအတွက် ဒေသခံ ရဟန်းသာမဏေ၊ သီလရှင် အပါး ၃၈၀ တို့အား ဇွန် ၃၀ ရက်က သာသနာ့ဘောင်အတွင်း သွတ်သွင်းချီးမြှင့်ခြင်းမင်္ဂလာ ကျင်းပစဉ်။** တင်မောင်ဦး(အလုံ)

## သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် (၀၄း၀၀)အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ (အာဇာနည်လမ်းထိပ်)၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်း ဆောင်ရွက်

**နေပြည်တော် ဇွန် ၃၀**

မောင်တောမြို့နယ် နယ်မြေ(၇)အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ မကျီးချောင်းချောင်းဝရဲကင်းစခန်းမှ ဒုတိယရဲမှူး နိုင်အောင်သူ ဦးစီးတပ်ဖွဲ့ဝင်များသည် ဇွန် ၂၉ ရက် နံနက်ပိုင်းက ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေးရေယာဉ်အမှတ်(၀၀၆)ပါ နှစ်စင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ် Shahparidip BOP ကင်းစခန်းမှ Subedar MD, Nure Alam ဦးစီးတပ်ဖွဲ့ဝင်များသည် စက်တပ်ရေယာဉ်နှစ်စင်း စုစုပေါင်း လေးစင်းတို့သည် နှစ်နိုင်ငံနယ်နိမိတ် နတ်မြစ်အလယ် မကျီးချောင်း ချောင်းဝထိပ် ရေမိုင်အမှတ်(၂)အနီးမှ ကညင်ချောင်း ချောင်းဝထိပ် ရေမိုင်အမှတ်(၅)အနီးအထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၆)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# ဇန်နဝါရီလမှ ဇွန်လအထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၀၉၆ ဦး ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် ဇွန် ၃၀**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ဇန်နဝါရီလမှ ဇွန်လအထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၀၉၆ ဦး ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား အရေအတွက်မှာ အမျိုးသား ၆၉၉ ဦး၊ အမျိုးသမီး ၃၆၁ ဦးနှင့် ကလေး ၃၆ ဦး စုစုပေါင်း ၁၀၉၆ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီးလေးယောက်တွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် အမျိုးသားလေးယောက်တွဲ၌ ရောဝတီတိုင်းဒေသကြီးအသင်းတို့ ပထမဆုရရှိ




**နေပြည်တော် ဇွန် ၃၀**

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပရာ အမျိုးသမီးလေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ တတိယလုပွဲအဖြစ် မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂း၁ ဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို ၂း၁ ဖြင့် လည်းကောင်း အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ အမျိုးသားလေးယောက်တွဲအဖွဲ့လိုက် တတိယလုပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂း၁ ဖြင့် လည်းကောင်း၊ ဗိုလ်လုပွဲအဖြစ် ရောဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂း၁ ဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိသည်။

**အခမဲ့ကြည့်ရှုနိုင်**

အဆိုပါ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ A တွင် နေ့စဉ်နံနက် ၉ နာရီမှစ၍ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများ၊ အမျိုးသားသုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်သဖြင့် ပိုက်ကျော်ခြင်း အားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ ယူ-၁၅ အမျိုးသားအသင်းအတွက် နယ်သာလန်နိုင်ငံသားနည်းပြ ခန့်အပ်မည်

**ရန်ကုန် ဇွန် ၃၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၅ အမျိုးသားအသင်းအတွက် နိုင်ငံခြားသားနည်းပြသစ်တစ်ဦး ခန့်အပ်ရန် ဆောင်ရွက်ခဲ့ရာ နယ်သာလန်နိုင်ငံသားနည်းပြနှင့် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နယ်သာလန်နိုင်ငံသား အသက် ၂၈ နှစ်အရွယ်ရှိ ဟန်ဒရီကတ်မာရီနတ်စ်ကို ခန့်အပ်ရန် သဘောတူညီမှုရခဲ့ခြင်းဖြစ်ပြီး လာရောက်လျှောက်ထားသူ ၁၀၀ ကျော်အနက် အဆင့်ဆင့်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းကို မူလတာဝန်ပေးထားသည့် ဂျပန်နိုင်ငံသား တာကူမာ၏ စွမ်းဆောင်ရည်ကြောင့် နည်းပြအပြောင်းအလဲ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နည်းပြသစ် ဟန်ဒရီကတ်မာရီနတ်စ်သည် လက်ရှိတွင် ဝူဟန် ယူ-၁၄ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်နေသည့် မြန်မာယူ-၁၄ အသင်းပွဲများကို လိုက်လံကြည့်ရှုလျက်ရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ဟန်ဒရီကတ်မာရီနတ်စ် ရောက်ရှိလာပါက စာချုပ်သက်တမ်းအတွက် ဆွေးနွေးမည်ဖြစ်ပြီး ကာလရှည် တာဝန်ပေးဖွယ်ရှိနေသည်။ ၎င်းကိုင်တွယ်မည့် မြန်မာ ယူ-၁၅ အသင်းသည် ဇူလိုင်နောက်ဆုံးပတ်တွင် စတင်မည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အသင်းအား အမြန်ဆုံးကိုင်တွယ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်းသည် ယင်းပြိုင်ပွဲအပြီး စက်တင်ဘာတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၀ အာရှယူ-၁၆ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာယူ-၁၅ အသင်းကို အကယ်ဒမီမှ ကစားသမားများဖြင့် ဖွဲ့စည်းထားပြီး လက်ရှိတွင် ပြည်တွင်းနည်းပြများက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

**ရဲရင့်ရှိန်း**



မြန်မာနိုင်ငံ အားကစားမီဒီယာအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့်ကာယကြံ့ခိုင်မှု မောင်မယ်ပြိုင်ပွဲနှင့် ကာယအလှမယ်ပြိုင်ပွဲကို ဇွန် ၃၀ ရက်က ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့ရာ ကာယအလှမယ် အလွတ်တန်းပြိုင်ပွဲတွင် ပထမဆုရ မစံပယ်သည်းမောင်အား ရန်ကုန်အဝေးသင်တက္ကသိုလ်ပါမောက္ခ (ဌာနမှူး) ဒေါက်တာသဇင်လွင် ဆုချီးမြှင့်စဉ်။ ဗလစိုး

# မြန်မာအမျိုးသမီးအသင်းနှင့် အား/ကာသိပ္ပံ (မော်လမြိုင်) အသင်း ခြေစမ်းပွဲတွင် သရေကျ

**ရန်ကုန် ဇွန် ၃၀**

၂၀၁၉ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မော်လမြိုင်မြို့တွင် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ယနေ့ ညနေပိုင်းက မော်လမြိုင်မြို့ရှိ Southern အသင်း အိမ်ကွင်း၌ အား/ကာသိပ္ပံ (မော်လမြိုင်) အမျိုးသားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေကျခဲ့သည်။

ယခုပွဲတွင် အား/ကာသိပ္ပံ အမျိုးသားအသင်းနှင့် ခြေစမ်းပွဲကစားသောကြောင့် နိုင်ပွဲမရသော်လည်း အကျိုးရှိသည့် ခြေစမ်းပွဲဖြစ်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ခင်မာလာထွန်း၊ ခင်သန်းဝေ၊ ဝင်းသိင်္ဂီထွန်း၊ ခင်မိုမိုထွန်း၊ ဝေဝေအောင်စသည့် အမာခံကစားသမားများကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး နောက်ပိုင်းမှ ကစားသမားများ လဲလှယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် မော်လမြိုင်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲ သရေကျခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ထားဝယ်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲ ဆက်လက်ကစားမည်ဖြစ်ပြီး ဇူလိုင် ၂ ရက်တွင် ထားဝယ်လူငယ်အသင်း၊ ဇူလိုင် ၄ ရက်တွင် ထားဝယ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**

● *ကျောဖုံးမှ*

နှစ်ဂိုးပေးလိုက်ရ၍ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၅ မိနစ်တွင် မက်ဆီမင်က ထောင့်ကန်ဘောကို ပိတ်သွင်းကာ အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ကစားပုံပိုကောင်းလာပြီး ၃၅ မိနစ်တွင် နောက်ခံလူ ဝီလျံက ထောင့်ကန်ဘောကို ခေါင်းတိုက်ပြီး ဒုတိယဂိုးသွင်းယူခဲ့သည်။

စစ်ကိုင်းအသင်းသည် မိနစ် ၃၀ ကျော်အတွင်း နှစ်ဂိုးပေးလိုက်ရသောကြောင့် အောင်လှိုင်ဝင်းနှင့် ဖရိုင်းဒေးကို ထည့်ကာ တိုက်စစ်အားမြှင့်သော်လည်း အိမ်ကွင်း၌ နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့သည်။ ဒုတိယပိုင်း မိနစ် ၈၀ တွင် ရှမ်းဘယ်တောင်ပံကစားသမား နန္ဒကျော်၏ ပြစ်ဒဏ်ဘောကန်ချက် ဘားထိထွက်ခဲ့သလို ၈၁ မိနစ်တွင် စစ်ကိုင်းတိုက်စစ်မှူး ဒိုနယ်၏ အနီးကပ်ပိတ်သွင်းမှုမှာလည်း လွဲချော်ခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက ရတနာပုံအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မထင်မှတ်ဘဲ ဂိုးပြတ်သွားသည့်ပွဲဖြစ်ပြီး ရောဝတီအသင်းက အိမ်ကွင်းဂိုးပြတ်နိုင်ပွဲကြောင့် ဖိအားလျော့သွားသော်လည်း ရတနာပုံအသင်းမှာမူ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးကာ ဖိအားပိုများသွားခဲ့သည်။ ရောဝတီအသင်းအတွက် ဂိုးများကို တိုက်စစ်မှူး မာတူနာက ၂၀၊ ၃၈၊ ၄၇ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ကျန်အနိုင်ဂိုးများကို ၃၃ မိနစ်တွင် သီဟဇော်၊ ၇၈ မိနစ်တွင် အောင်ကောင်းမာန်တို့က သွင်းယူခဲ့သည်။ ရတနာပုံအတွက် ချေပဂိုးများကို ၂၅ မိနစ်တွင် သိန်းသန်းဝင်းနှင့် ၈၅ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဝင်းနိုင်ထွန်းတို့က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းနှင့် ဒဂုံအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

ပွဲစဉ် (၁၄) အပြီးတွင် ရန်ကုန်အသင်းက ၂၇ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၂၆ မှတ်၊ ဟံသာဝတီအသင်းက ၂၅ မှတ်၊ ရောဝတီအသင်းက ၂၄ မှတ်၊ စစ်ကိုင်းအသင်းက ၂၃ မှတ်၊ ရတနာပုံအသင်းက ၂၀ မှတ်၊ ရခိုင်အသင်းက ရမှတ် ၂၀၊ ဇွဲကပင်အသင်းက ၁၅ မှတ်၊ ဒဂုံအသင်းက ၁၃ မှတ်၊ Southern အသင်းက ၁၂ မှတ်၊ မကွေးအသင်းက ၁၁ မှတ်၊ Chinland အသင်းက ကိုးမှတ် ရထားသည်။

**ညီမြတ်သော်တာ**

✱ *ကျောဖုံးမှ*

အဆိုပါမြေပြိုကျမှုကြောင့် နေအိမ်အချို့ထိခိုက်ပျက်စီးမှုများကို နယ်မြေရဲကင်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းရှင်းလင်းခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



**မိုးသည်းထန်စွာရွာ၍ မြေပြိုမှုကြောင့် တိမ်းစောင်းပျက်စီးသွားသည့် နေအိမ်ကို တွေ့ရစဉ်။**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အမျိုးသမီးကမ္ဘာ့ဖလား ဆီမီးဖိုင်နယ် အင်္ဂလန်နှင့်အမေရိကန်၊ နယ်သာလန်နှင့် ဆွီဒင်**

နာမည်ကြီး အိမ်ရှင်ပြင်သစ်၊ ဂျာမနီနှင့် အီတလီအသင်းတို့ ၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလားကို ကွာတားဖိုင်နယ်အဆင့်ဖြင့်သာ လက်ပြနှုတ်ဆက်ခဲ့ရပြီ ဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့်သို့ အင်္ဂလန်၊ အမေရိကန်၊ ဆွီဒင်နှင့် နယ်သာလန်အသင်းတို့ တက်ရောက်နိုင်ခဲ့ပြီး ဇူလိုင် ၃ ရက် နံနက် ၁ နာရီခွဲတွင်တော့ အင်္ဂလန်နှင့် အမေရိကန်အသင်း၊ ဇူလိုင် ၄ ရက် နံနက် ၁ နာရီခွဲတွင် နယ်သာလန်နှင့် ဆွီဒင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။ မှတ်တမ်းများအရ အင်္ဂလန်နှင့် အမေရိကန်အသင်းတို့ နောက်ဆုံးသုံးကြိမ်ထိပ်တိုက်တွေ့ဆုံမှုတွင် တစ်ပွဲစီ အနိုင်ရထားပြီး သရေတစ်ပွဲကျထားသည်။ နယ်သာလန်နှင့် ဆွီဒင်အသင်းတို့ နောက်ဆုံး နှစ်ကြိမ်ထိပ်တိုက်တွေ့ဆုံမှုတွင် နယ်သာလန်အသင်းက နှစ်ကြိမ်စလုံး ဆွီဒင် အသင်းကို အနိုင်ရရှိထားသည်။

**ဝမ်ဘစ်ဆာကာကို မန်ယူအသင်းခေါ်ယူ**

မန်ယူအသင်းသည် ခရစ္စတဲလ်ပဲလေ့စ်အသင်းမှ အင်္ဂလန်ယူ-၂၁ ညာနောက်ခံကစားသမား အာရွန် ဝမ်ဘစ်ဆာကာကို ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ပြီးခဲ့သည့် ရာသီတွင် ခရစ္စတဲလ်ပဲလေ့စ်အသင်းအတွက် ပရီမီယာလိဂ် ၃၅ ပွဲ ပါဝင်ကစားထားသော အဆိုပါ ညာနောက်ခံကစားသမားသည် မန်ယူအသင်းနှင့် ငါးနှစ်စာချုပ်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

**ဇာဟာအတွက် ပေါင်သန်း ၁၀၀ အထိ ပေးချေရဖွယ်ရှိနေသည့် အာဆင်နယ်**

အာဆင်နယ်အသင်းသည် အိုင်ဗရီကို့စ်တိုက်စစ်ကစားသမား ဝီဖရိုက် ဇာဟာ (၂၆နှစ်) ကို ယခုအပြောင်းအရွှေ့ကာလတွင် ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၁၀၀ ပေးချေရဖွယ်ရှိကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**မက်တားဂက်ကို ဗီလာထံသို့ ရောင်းချရန် သဘောတူညီလိုက်သည့် ဆောက်သမ်တန်**

ဆောက်သမ်တန်အသင်းသည် အင်္ဂလန်ဘယ်နောက်ခံကစားသမား မက်တားဂက်ကို ပေါင် ၁၄ သန်းဖြင့် အက်စ်တွန်ဗီလာအသင်းထံသို့ ရောင်းချရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ (၂၃ နှစ်) အရွယ် ကစားသမား၏ ပြောင်းရွှေ့ကြေးသည် အပိုဆုကြေးများပါ ထည့်ပေါင်းပါက ပေါင် ၁၇ သန်းအထိ ရောက်ရှိနိုင်ဖွယ်ရှိကြောင်းလည်း ဖော်ပြထားသည်။

**အန်ဒွန်ဘီလီကို အပြီးသတ်ခေါ်ယူနိုင်မည်ဟု တော့တင်ဟမ် မျှော်လင့်နေ**

တော့တင်ဟမ်အသင်းသည် လိုင်ယွန်အသင်းမှ အသက် (၂၂ နှစ်)အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား အန်ဒွန်ဘီလီကို ပေါင်သန်း ၆၀ ဖြင့် အပြီးသတ်ခေါ်ယူနိုင်မည်ဟု မျှော်လင့်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# မောင်တောမြို့နှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

တပ်မတော်မှ ဇွန် ၂၉ ရက် နံနက် ၄ နာရီခွဲက မောင်တောမြို့နယ် နတ်မြစ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် လှေတစ်စင်းအားတွေ့ရှိ၍ စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ဦးရှည်ကျချောင်း၀၏ တောင်ဘက်ရှိ ကမ်းစပ်၌ အဆိုပါလှေအားတွေ့ရှိပြီး ၎င်းလှေပေါ်တွင် ငွေကျပ်သိန်း ၂၃၄၄ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၂၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် တိန်းလုံကျေးရွာအုပ်စု ဝိန်းနားကျေးရွာနေ ဒေါ်နန်းခမ်းထွန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများအား တွေ့ရစဉ်။

# ကျောက်ပန်းတောင်း၌ လက်ဖက်ရည်ဆိုင်အတွင်း ကားဝင်တိုက်သဖြင့် တစ်ဦးသေ၊ ခုနစ်ဦး ဒဏ်ရာရ

**ကျောက်ပန်းတောင်း ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက် စိတ္တပါလဂူကျောင်းလမ်းခွဲထိပ် ကျောက်ပန်းတောင်း-မိတ္ထီလာကားလမ်းဘေးတွင် ယနေ့ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က ၁၂ ဘီးယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ရောက်တိုက်မိသဖြင့် တစ်ဦးသေဆုံးပြီး၊ ခုနစ်ဦး ဒဏ်ရာများ ရရှိသွားကြောင်း သိရသည်။

ကျောက်ပန်းတောင်း- မိတ္ထီလာ ကားလမ်းမကြီးအတိုင်း ကျောက်ပန်းတောင်းဘက်မှ မိတ္ထီလာဘက်သို့ ယာဉ်မောင်း အောင်ပြည့်ဖြိုး(ခ)အောင်အောင် မောင်းနှင်ပြီး ဦးမာဒင် လိုက်ပါလာသော ယာဉ်အမှတ် 5B/---- ၁၂ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက် မိုင်တိုင်အမှတ် (၅၉/၃)အနီးရှိ လက်ဖက်ရည်ဆိုင်ကို ဝင်ရောက်တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် လက်ဖက်ရည်ဆိုင်အတွင်းရှိ ဦးတင်မိုးမှာ အခင်းဖြစ်နေရာတွင်သေဆုံးသွားပြီး ယာဉ်မောင်း အောင်ပြည့်ဖြိုး(ခ)အောင်အောင်၊ ယာဉ်နောက်လိုက် ဦးမာဒင်၊ ယာဉ်ပေါ်ပါသူ မောင်ဖုန်းမြတ်မောင်သွင် (၂ နှစ်)တို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိကာ လက်ဖက်ရည်ဆိုင်အတွင်းရှိ ဦးကျော်စွာဝင်း၊ ဦးလှသန်း၊ ဦးအောင်အောင်နှင့် ဦးကြည်ထွန်းတို့တွင် ဒဏ်ရာများ ရရှိခဲ့ကြသည်။ ၎င်းဒဏ်ရာရရှိသည့် လူနာခုနစ်ဦးအနက်မှ ဦးကျော်စွာဝင်းကို မန္တလေးဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း အောင်ပြည့်ဖြိုး(ခ) အောင်အောင်(၃၈နှစ်)ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၁-၇-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၄၀ - MRTV Travelogue
၈း၁၅ - "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ" (ဒုတိယပိုင်း)
၉း၁၅ - အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အတုလကာရီဆင်မင်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ချမ်းမြသာစည်မြို့နယ် မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း
၉း၂၅ - BBC Click
၁၀း၃၀ - သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၅ - "ဓမ္မဘေရီအရှင်ဝိရိယ တောင်စွန်းဆရာတော် သာသနဓဇဓမ္မာစရိယ၊ ဒီဇဘာဏက (ပိဋကတ်တစ်ပုံဆောင်) နိကာယုဇ္ဇောတက (ဒီဃနိကာယအဂ္ဂဓမ္မာစရိယ) ဟောကြားတော်မူအပ်သော "ငြိမ်းချမ်းပါစေ"တရားတော်
၁၄း၁၅ - ပညာရေးစကားဝိုင်း "၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ" (အပိုင်း-၄)

**ညပိုင်း**

၁၆း၃၀ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၁၇း၅၅ - လျှပ်စစ်ဓာတ်အား သုံးစွဲမှုသတိပြု
၁၈း၃၀ - ဥပဒေရေးရာအဖြာဖြာ "အရေးပေါ်"
၁၈း၅၀ - "ရေနံချောင်းမြို့မှ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း တစ်စေ့တစ်စောင်း"
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ငလျင်ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်ဖို့ကြိုတင် ပြင်ဆင်ကာကွယ်ကြပါစို့ (Cut-1) (ရပ်ကွက်)
၂၀း၃၅ - "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ" (တတိယပိုင်း)

# နေပြည်တော်-မန္တလေးအမြန်လမ်း၌ ခရီးသည်တင်ယာဉ်နှင့် နွားလှည်းတိုက်မိကာ နှစ်ဦးသေဆုံး

**နေပြည်တော် ဇွန် ၃၀**

နေပြည်တော်-မန္တလေး အမြန်လမ်း မိုင်တိုင် ၂၇၂/၇ အနီးတွင် ယနေ့ နံနက် ၅ နာရီခွဲက ခရီးသည်တင်ယာဉ်နှင့် နွားလှည်းတိုက်မိကာ နှစ်ဦးသေဆုံးသွားကြောင်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်း နေပြည်တော်-မန္တလေးလမ်းပိုင်း မိုင်တိုင် ၂၇၂/၇ အနီး ယနေ့နံနက် စောစောက ယာဉ်မောင်း ဦးမြင့်ကျော် (၅၀နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် MDY 5M/---- ခရီးသည်တင်ယာဉ်သည် အမျိုးသား ၃၅ ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်းခရီးသည် ၃၉ ဦး တင်ဆောင်မောင်းနှင်လာစဉ် လမ်းကိုဖြတ်ကူးမောင်းနှင်လာသော အိုင်တိုကျေးရွာနေသူ ဦးတင်ထွန်း (၄၀နှစ်)၏ နွားလှည်းအား ဝင်ရောက်တိုက်မိခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် နွားလှည်းပေါ်ပါရှိသော ဦးတင်ထွန်းနှင့် ညီမတော်စပ်သူ ဒေါ်ညိုအေး (၃၇နှစ်)တို့မှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားသဖြင့် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ပေပင်လေးစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**



# ပန်ဆိုင်း(ကြူကုတ်)မြို့၌ လူနေအိမ်နှစ်လုံး မီးလောင်

**ပန်ဆိုင်း ဇွန် ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ပန်ဆိုင်း (ကြူကုတ်)မြို့ အမှတ်(၃) ရပ်ကွက်တွင် ယနေ့မွန်းလွဲပိုင်းက လူနေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က မန္တလေးမြို့နေ ဦးရန်မြင့်ချန်၏နေအိမ်ကို ငှားရမ်းနေထိုင်သည့် ပန်ဆိုင်းမြို့အမှတ်(၄)ရပ်ကွက် တရုတ်စာသင်ကျောင်းတွင် ပညာသင်ယူနေသည့် နမ့်တောင်းကျေးရွာနေသူ မကျော့ကြင်ကျောင်း (၁၆ နှစ်)နှင့် မောင်ကျော့ကြင်ပြည့် (၁၂နှစ်)တို့သည် နေအိမ်မီးဖိုအား မီးသုံးစွဲရာမှ မီးလောင်မှုဖြစ်ခဲ့ပြီး ဦးရန်မြင့်ချန်နေအိမ်မှတစ်ဆင့် ဦးကောင်းဝိန့်ခန့်နေအိမ်ကို မီးကူးစက်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ပန်ဆိုင်း (ကြူကုတ်) နယ်မြေမီးသတ်စခန်းမှ လက်ထောက်ဦးစီး ဦးရဲထွန်းနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇာနည်၊ မြို့စခန်းမှူး အောင်ကျော်မိုး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၂နာရီမိနစ် ၂၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန် (ပြန်/ဆက်)**

# ရွှေဘိုမြို့နယ်တွင် ရွှေထည်ပစ္စည်းများ လုယက်ခံရ

**ရွှေဘို ဇွန် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာ၌ ဇွန် ၂၉ ရက် ည ၁၀ နာရီခန့်တွင် လူတစ်ဦးက ငှက်ပျောပေါင်း ဝယ်ယူပြီး ဆိုင်ရှင်ဖြစ်သူကို ဓားဖြင့်ထောက်၍ ခြိမ်းခြောက်ကာ ရွှေလက်စွပ်နှင့် ရွှေဆွဲကြိုးကို လုယက်ယူဆောင်သွားကြောင်း ရွှေဘိုမြို့ရဲစခန်းမှူး ဒုရဲမှူး သိန်းဆန်းဦးထံမှ သိရသည်။

ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာတွင် ဇွန် ၂၉ ရက် ည ၁၀ နာရီက ဒေါ်ချစ်ဝိုင်း (၅၇ နှစ်)ထံသို့ အသက်သုံးဆယ်ကျော် အမျိုးသားတစ်ဦး ရောက်ရှိလာကာ ငှက်ပျောပေါင်းလာဝယ်သဖြင့် ငှက်ပျောပေါင်းအား ဓားနှင့်လှီးကာ ပါဆယ်ထုပ်နေစဉ် အဆိုပါဓားကိုယူပြီး ဒေါ်ချစ်ဝိုင်း၏ လည်ပင်းကိုထောက်၍ ခြိမ်းခြောက်၍ ဆွဲပြားပါ ရွှေဆွဲကြိုးတစ်ကုံး (အလေးချိန် သုံးကျပ်ခွဲသား)နှင့် ရွှေလက်စွပ် မောင်းကွင်းတစ်ကွင်း (အလေးချိန် တစ်မတ်သားခန့်)ရှိ ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်သွားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်ပေးရန် ရွှေဘိုမြို့မရဲစခန်းသို့ တိုင်တန်းသဖြင့် အမှုဖွင့်စုံစမ်းနေကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**




# ဖားကန့်မြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းချနေသည့် ယာယီတဲများကို ဖျက်ဆီး

**ဖားကန့် ဇွန် ၃၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် နန့်မော်ကျေးရွာအနီး၌ မူးယစ်ဆေးဝါး ရောင်းချဖြန့်ဖြူးနေသည့် ယာယီတဲများကို ဇွန် ၂၉ ရက်က သွားရောက်ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဝင်းအောင်ထံမှ သိရသည်။ **(ယာပုံ)**

မူးယစ်တပ်ဖွဲ့စု(၃)မှ ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နန့်မော်ကျေးရွာအနီးရှိ စွန့်ပစ်မြေစာပုံတွင် ရွက်ဖျင်တဲများထိုးပြီး မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ သွားရောက်ရှင်းလင်းရာ မူးယစ်ဆေးဝါးရှာဖွေတွေ့ရှိခြင်း မရှိသော်လည်း အဆိုပါတဲများအတွင်း မူးယစ်ဆေးဝါးများ ရောင်းချခြင်းမပြုလုပ်နိုင်ရန် ယာယီမိုးကာရွက်ဖျင်တဲခုနစ်လုံးအား ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**



# မင်းလှနှင့် တောင်ကြီးမြို့တို့၌ မှိုအဆိပ်သင့်မှုဖြစ်ကာ တစ်ဦး သေဆုံး

**နေပြည်တော် ဇွန် ၃၀-** မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဇိုင်ပြားကျေးရွာ၌ ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲက ဦးရွှေထုံ (၃၁နှစ်)နှင့် ဦးမောင်ချောင် (၆၀နှစ်)ပါ ရှစ်ဦးတို့သည် ဇိုင်ပြားကျေးရွာအနီး တောထဲ၌ တောမှို(ပေါင်းဒေါင်းမှို)များ တွေ့ရှိ၍ နေအိမ်၌ ချက်ပြုတ်စားသောက်ကြပြီးနောက် ဦးရွှေထုံမှာ မှိုအဆိပ်သင့်ကာ မူးဝေအော့အန်သဖြင့် ပဒါန်းမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ်သေဆုံးသွားသည်။ ဦးမောင်ချောင်ပါ ရှစ်ဦးမှာ မစိုးရိမ်ရသဖြင့် လက်ပံခုံကျေးရွာ ကျန်းမာရေးဦးစီးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုပေးသဖြင့် ပြန်လည်ကောင်းမွန်ခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီက ရှမ်းပြည်နယ် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ အင်္ဂလိပ်စာသင်တန်းကျောင်း ဘော်ဒါဆောင်နေ အင်းစိန်မြို့နယ် (၂)ရပ်ကွက်နေ ထူးမြတ်တင်(၂၂နှစ်)ပါ ရှစ်ဦးတို့သည် ဘော်ဒါဆောင်၏ အနောက်ဘက်၌တွေ့ရှိသည့် မှိုများအား မီးကင်စားသုံးခဲ့ရာမှ မူးဝေအော့အန်သဖြင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# အမေရိကန်သမ္မတထရမ့် မြောက်ကိုရီးယားမြေပေါ်တွင် ပထမဦးဆုံးအကြိမ် ခြေချ

**ပြုံယမ်း ဇွန် ၃၀**
ကိုရီးယားကျွန်းဆွယ်ကို ပိုင်းခြားထားသည့် စစ်မဲ့ဇုန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းတို့ တွေ့ဆုံခဲ့ကြပြီး အမေရိကန်သမ္မတ တစ်ဦးအဖြစ် မြောက်ကိုရီးယားမြေပေါ်သို့ ပထမဦးဆုံးအကြိမ်အဖြစ် တနင်္ဂနွေနေ့က ရောက်ရှိခဲ့ခြင်းဖြစ်သည်။ သမ္မတထရမ့်နှင့် ခေါင်းဆောင်ကင်တို့သည် ပန်မွန်ဂျုံ ကျေးရွာတွင် တွေ့ဆုံခဲ့ကြသည်။

၁၉၅၀-၅၃ ကိုရီးယား စစ်ပွဲတွင် တောင်ကိုရီးယား၊ မြောက်ကိုရီယားနှင့် ၎င်းတို့၏ မဟာမိတ်များ တိုက်ပွဲဖြစ်ပွားမှုကို ရပ်တန့်ရန် သတ်မှတ်ခဲ့သည့် နေရာတွင် မျဉ်းရေးဆွဲခဲ့ပြီး အဆိုပါမျဉ်းကို ကျော်လွန်၍ မြောက်ကိုရီးယား ခေါင်းဆောင်ကင်နှင့် သမ္မတထရမ့်တို့ လက်ဆွဲနှုတ်ဆက်ခဲ့သည်။ အမေရိကန်သမ္မတထရမ့်သည် မြောက်ကိုရီးယားနယ်မြေအတွင်း ခြေလှမ်းအနည်းငယ် လျှောက်လှမ်းခဲ့သည်။

ထို့နောက် ၎င်းတို့နှစ်ဦးသည် တောင်ကိုရီးယား နယ်မြေအတွင်း အတူ လျှောက်လှမ်းခဲ့ကြသည်။ ဆက်လက်ပြီး တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် ၎င်းတို့နှစ်ဦး ပေါင်းဆုံခဲ့ကြပြီး သတ်မှတ်ထားသည့်မျဉ်းတွင် ဓာတ်ပုံအရိုက်ခံခဲ့သည်။ ယနေ့သည် တစ်ကမ္ဘာလုံးအတွက် ထူးခြားသည့်နေ့ဖြစ်ရုံ သာမက မိမိအတွက်လည်း အထူးဂုဏ်ယူရသည့်နေ့ဖြစ်ကြောင်း၊ ထရမ့်က ပြောကြားခဲ့သည်။

သမ္မတထရမ့်နှင့် ခေါင်းဆောင်ကင်တို့သည် ဗီယက်နမ်တွင် တွေ့ဆုံပြီးနောက်ပိုင်း ယခုတစ်ကြိမ်သည် ပထမဦးဆုံးအကြိမ် အဖြစ်ပြန်လည်တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ ဇွန် ၂၉ ရက်ကလည်း ထရမ့်သည် ခေါင်းဆောင်ကင်နှင့် တွေ့ဆုံလိုကြောင်း တွစ်တာစာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ ၎င်းတို့နှစ်ဦး၏ ပထမဦးဆုံးအကြိမ် ထိပ်သီးအစည်းအဝေးကို လွန်ခဲ့သည့်နှစ်က စင်ကာပူနိုင်ငံတွင် ပြုလုပ်ခဲ့ပြီး နျူကလီးယားလက်နက် ကင်းစင်ရေးအတွက် ဆွေးနွေးမှုများမှာမပြတ်သားခဲ့ပေ။ ထို့နောက် ဖေဖော်ဝါရီလအတွင်း ဗီယက်နမ်နိုင်ငံတွင် ထပ်မံတွေ့ဆုံခဲ့ကြသည်။

**အေအက်ဖ်ပီ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ စစ်မဲ့ဇုန်တွင် တွေ့ဆုံကြစဉ်။

# စီးပွားဖြစ် ဝေလငါးဖမ်းခြင်းအလုပ်ကို ပြန်လည်ခွင့်ပြုခွင့်ရရန် IWC မှ ဂျပန်နုတ်ထွက်

**တိုကျို ဇွန် ၃၀**
ဂျပန်နိုင်ငံတွင် ဆယ်စုနှစ်သုံးစုကြာ စီးပွားဖြစ် ဝေလငါးဖမ်းခြင်းကို တားဆီးခဲ့ပြီးနောက် ဂျပန်ငါးဖမ်းသမားများသည် တနင်္လာနေ့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ဝေလငါးဖမ်းရန် ပြင်ဆင်နေကြသည်။ ဂျပန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ဝေလငါးဖမ်းဆီးခြင်းကော်မရှင် ( IWC) မှ နုတ်ထွက်လိုက်ပြီးနောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအုပ်စုများ၏ ဒေါသထွက်မှုကိုခံနေရသည်။



ဝေလငါး ဖမ်းဆီးနေသည်ကို တွေ့ရစဉ်။

ဂျပန်နိုင်ငံသည် ၁၉၅၁ ခုနှစ်တွင် (IWC) သို့ ဝင်ရောက်ခဲ့ပြီး ဝေလငါးအကောင်ရေကိုကာကွယ်ပေးခြင်းဖြင့် ရေရှည်တည်တံ့ရေးအတွက် အထောက်အပံ့ပြုခဲ့သည်။ ထို့နောက် ၁၉၈၈ ခုနှစ်မှစတင်ကာဂျပန်နိုင်ငံသည် စီးပွားဖြစ် ငါးဖမ်းမှုကို ရပ်ဆိုင်းခဲ့သည်။ သို့သော် ပြီးခဲ့ သည့်ဒီဇင်ဘာလမှစတင်ကာ IWC မှ နုတ်ထွက်ရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားလာသည်။

IWC ၏ စည်းမျဉ်းများအောက်တွင် စီးပွားဖြစ် ဝေလငါးဖမ်းရန် မဖြစ်နိုင်တော့သည့်အတွက်ကြောင့် လည်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပြုထားသည့်နေရာမှ အဝေးတွင် ဝေလငါးဖမ်းရန် စီစဉ်ထားပြီး အဆိုပါလုပ်ရပ်သည် ဝေလငါးဖမ်းခြင်းကို ထိခိုက်နစ်နာစေသည်။ ခေတ်မမီတော့သည် အရာဟု သတ်မှတ်ထားသည့် နိုင်ငံများအဖို့ ဒေါသထွက်စရာဖြစ်လာခဲ့သည်။ သို့သော် ဂျပန်နိုင်ငံတွင်မူ ဝေလငါးဖမ်းသည့် အသိုင်းအဝိုင်းများသည် ဝေလငါးဖမ်းခြင်း ပြန်လည်ပြုလုပ်လာခြင်းကို ကြိုဆိုခဲ့ကြသည်။ ဝေလငါးဖမ်းခြင်းမှာ ရိုးရာအစဉ်အလာဖြစ်ပြီး ပြင်ပမှ ပိတ်ပင်ကန့်သတ်မှုများကို ဆန့်ကျင်လိုခြင်းမရှိဟု ကာကွယ်ပြောဆိုကြသည်။ ဝေလငါးဖမ်းခြင်းလုပ်ငန်းသည် ဂျပန်နိုင်ငံအတွက် သံတမန်ရေးရာအရ ခေါင်းခဲစရာဖြစ်နေခဲ့သည်။

သိပ္ပံနည်းရ စမ်းသပ်မှုပြုရန် ရည်ရွယ်ချက်များနှင့် ဝေလငါးဖမ်းဆီးခြင်းလုပ်ဆောင်ခဲ့သည်ဟု အကြောင်းပြခဲ့သော်လည်း ဝေဖန်သူများကမူ ဂျပန်နိုင်ငံသည် ဝေလငါးဖမ်းဆီးခြင်းကို ခိုးကြောင်ခိုးဝှက် လုပ်ဆောင်နေကြောင်း၊ သိပ္ပံနည်းအရ မည်သည့်စံသတ်မှတ်ချက်မျှမရှိကြောင်း ပြောကြားခဲ့သည်။ ဝေလငါးအကောင်ရေကို ထိန်းသိမ်းထားပြီး ကန့်သတ်ထားသည့် ဘောင်အတွင်းမှ ဖမ်းဆီးခြင်းလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့ကာ အပြည်ပြည်ဆိုင်ရာမှ ထောက်ခံမှုရရှိလာရန် ဂျပန်အစိုးရမှ စီစဉ်လျက်ရှိသည်။

**အေအက်ဖ်ပီ**

# တင်းမာမှုများမြင့်တက်နေချိန် အစ္စရေးရဲတပ်ဖွဲ့က ပါလက်စတိုင်းဝန်ကြီး တစ်ဦးကို ဖမ်းဆီး

**ဆင်ဟွာ ဇွန် ၃၀**
အရှေ့ဂျေရုဆလင်၌ ပါလက်စတိုင်းပြည်သူများနှင့် တင်းမာမှုများဖြစ်ပွားနေချိန်တွင် ဂျေရုဆလင်အရေးဆိုင်ရာ ပါလက်စတိုင်းဝန်ကြီး ဖာဒီ အယ်လ်ဟက်ဒမီကို အစ္စရေးရဲတပ်ဖွဲ့က ဇွန် ၃၀ ရက်က ဖမ်းဆီးလိုက်ကြောင်း သိရသည်။ ရဲတပ်ဖွဲ့သည် အယ်လ်ဟက်ဒမီ၏ နေအိမ်ကို တစ်ညလုံးစီးနင်းခဲ့ပြီး ၎င်းကိုမဖမ်းဆီးမီ မိုဘိုင်းဖုန်းများကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းဆည်းလိုက်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ ဂျေရုဆလင်အရေးကိစ္စတွင် ပါလက်စတိုင်းအာဏာပိုင်၏ သံသယဖြစ်ဖွယ် လုပ်ဆောင်ချက်များကြောင့် ၎င်းကို ဖမ်းဆီးရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ပါလက်စတိုင်းပြည်သူများသည် အစ္စရေးရဲတပ်ဖွဲ့က အရှေ့ဂျေရုဆလင်၌ ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသည့် ပြည်သူများကို တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကြောင်း စွပ်စွဲခဲ့သည်။ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများအတွင်း ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် အရှေ့ဂျေရုဆလင်မှ ဒေသခံတစ်ဦးဖြစ်သည့် မိုဟာမက် အိုဘစ် သေဆုံးသွားကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးကိစ္စများဖြေရှင်းရာတွင် အလျင်စလိုမရှိကြောင်း ထရမ့်ပြော

**ဝါရှင်တန် ဇွန် ၃၀**
တရုတ်နိုင်ငံနှင့် ဖြစ်ပွားနေသည့် ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် အလျင်စလိုဖြစ်နေခြင်းမရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။ သို့ရာတွင် အမေရိကန်က တရုတ်တင်ပို့ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံရန်ကိစ္စနှင့်ပတ်သက်၍ အတည်ပြုခဲ့ခြင်းမရှိပေ။

ပြီးခဲ့သည့် စနေနေ့က ဂျပန်နိုင်ငံ အိုဆာကာ၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲမှာ မျှော်လင့်ထားသည်ထက် အခြေအနေ ကောင်းမွန်ခဲ့ကြောင်း ထရမ့်ကပြောသည်။ သမ္မတရှီနှင့် ကြီးကျယ်သည့် ဆွေးနွေးပွဲကြီးတစ်ခု လုပ်ဆောင်ခဲ့ကြောင်းနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နေသည့်အတောအတွင်း တရုတ်နိုင်ငံမှ တင်ပို့ကုန်များအပေါ် လက်ရှိ အခွန်ကောက်ခံနေမှုကို ထပ်တိုးခြင်းမပြုရန် သဘောတူခဲ့ကြောင်း ထရမ့်က ဇွန် ၂၉ ရက်နေ့က တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် ထရမ့်က အမေရိကန် နည်းပညာမြင့် ကုမ္ပဏီကြီးများ၏ တောင်းဆိုမှုအရ တရုတ်နည်းပညာကုမ္ပဏီဖြစ်သည့် ဟွာဝေးကုမ္ပဏီကို အမေရိကန်၏ အမျိုးသားလုံခြုံရေးကို ထိခိုက်မှုမရှိသည့် အဆိုပါကုမ္ပဏီများမှ ကုန်ပစ္စည်းများကို ဝယ်ယူခွင့်ပြုမည်ဟု သဘောတူခဲ့ကြောင်းကိုလည်း တွစ်တာပေါ်တွင် ရေးသားထားသည်။ သို့သော်လည်း အသေးစိတ်ကို ဖော်ပြခဲ့ခြင်းမရှိပေ။

**အင်န်အိတ်ခ်ျကေ**

# ဆူဒန်၌ ဆန္ဒပြပွဲများ ပေါ်ပေါက်လာနိုင်သည့်အတွက် တပ်ဖွဲ့ဝင်များချထား

**ခါတွန် ဇွန် ၃၀**
ဆူဒန်နိုင်ငံ၌ ဆန္ဒပြပြည်သူများအပေါ် နှိမ်နင်းမှုကို တားဆီးရန်အတွက် စည်းကမ်းကြပ်မတ်ရန် နိုင်ငံတကာအသိုင်းအဝိုင်းက တောင်းဆိုနေကြချိန်တွင် နိုင်ငံကိုလက်ရှိ အုပ်ချုပ်နေသည့် စစ်ဘက်အကြီးအကဲများကိုဆန့်ကျင်ရန် ကြိုတင်စီစဉ်ထားသည့် ဆန္ဒပြမှုများမပြုလုပ်မီ ဇွန် ၃၀ ရက်တွင် ဆူဒန်မြို့တော်၌ တပ်ဖွဲ့ဝင်များကို ချထားခဲ့ကြောင်း သိရသည်။

ခါတွန်ရှိ စခန်းချရာနေရာတစ်ခုတွင် ဇွန် ၃ ရက်က အင်အားသုံးနှိမ်နင်းခံရမှုကြောင့် ဆန္ဒပြသူများ အသက်ဆုံးရှုံးမှုဖြစ်ပွားခဲ့ပြီးနောက်တွင် million –man ဟု အမည်ပေးထားသည့် လူထုစုဝေးမည့် အစီအစဉ်သည် ဆန္ဒပြပွဲစီစဉ်သူများအတွက် စမ်းသပ်မှုတစ်ခုဖြစ်လာဖွယ်ရှိသည်။

ဆူဒန်ကာကွယ်ရေးဝန်ကြီးရုံး အပြင်ဘက်ရှိ ဆန္ဒပြပြည်သူများ စခန်းချရာနေရာကို စစ်ဘက်မှ လက်နက်ကိုင်တပ်ဖွဲ့များက အင်အားသုံးနှိမ်နင်းမှုများ ပြုလုပ်ခဲ့သည့်အတွက် ဆန္ဒပြပြည်သူ အများအပြား သေဆုံးကာ ဆန္ဒပြသူရာနှင့်ချီ၍ ဒဏ်ရာရရှိခဲ့သည်။ ယင်းနေရာ၌ ဧပြီ ၆ ရက်ကတည်းက စခန်းချကာ ဆန္ဒပြခဲ့ကြသည့် ပြည်သူများကို သေနတ်ဖြင့်ပစ်ခတ်ခြင်း၊ ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အီသီယိုးပီးယားနှင့် အာဖရိကပြည်ထောင်စုတို့က ဆန္ဒပြသူများနှင့် ဆူဒန်စစ်ဘက်အကြီးအကဲများအကြား ကြားဝင်စေ့စပ်ညှိနှိုင်းမှုပြုလုပ်ပေးလာချိန်တွင် ဆန္ဒပြပွဲသစ်တစ်ခုကို စတင်ရန် ဆန္ဒပြသူများက စီစဉ်နေကြောင်း သိရသည်။ ဥရောပသမဂ္ဂ၊ အနောက်နိုင်ငံအချို့နှင့် လူ့အခွင့်အရေး အုပ်စုများက မည်သည့်အကြမ်းဖက်မှုမျိုးကိုမှ မပြုလုပ်ရန် စစ်ဘက်အကြီးအကဲများကို တိုက်တွန်းထားသည်။

**အေအက်ဖ်ပီ**



ဆူဒန်တပ်ဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

# ရေနံထွက်ကုန်လျှော့ချရေး အချိန်ဆိုင်းထားဖို့ ရုရှားနဲ့ ဆော်ဒီတို့သဘောတူ

**ကလျာမိုးမြင့်**

**ရေနံထွက်ကုန်တွေလျှော့ချမယ့်အရေးနဲ့ပတ်သက်ပြီး ရေနံတင်ပို့နိုင်ငံများအဖွဲ့ (OPEC) နဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ကို ခြောက်လကနေ ကိုးလအထိ အချိန်ဆိုင်းထားဖို့ ရုရှားနိုင်ငံက ဆော်ဒီအာရေဗျနဲ့ သဘောတူညီလိုက်ပြီဖြစ်တယ်လို့ ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားလိုက်ပါတယ်။ အမေရိကန်ရဲ့ရောင်းလိုအားမြင့်တက်လာမှုနဲ့ ကမ္ဘာ့စီးပွားရေးနှောင့်နှေးမှုတွေကြောင့် ရေနံဈေးနှုန်းဟာ အသစ်တစ်ဖန်ပြန်ဖြစ်လာတဲ့ ဖိအားတွေရဲ့အောက် ကျရောက်လျက်ရှိပါတယ်။**



ဂျီ ၂၀ ထိပ်သီး အစည်းအဝေး၌ တွေ့ရသည့် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်နှင့် ရုရှားသမ္မတ ဗလာဒီမာ ပူတင်။

**ကိုးလအချိန်ဆိုင်းပေးနိုင်**

ဆော်ဒီစွမ်းအင်ဝန်ကြီး ခါလစ် အယ်လ်ဖရစ်က ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အိုပက်နဲ့ချုပ်ဆိုထားတဲ့စာချုပ်ဟာ အဖြစ်နိုင်ဆုံးကတော့ နောက်ထပ်ကိုးလလောက် အချိန်ထပ်ဆိုင်းပေးဖို့ရှိနိုင်ပြီး ဒီ့ထက်ပိုပြီး လျှော့ပေါ့ပေးဖို့ မလိုအပ်ဘူးလို့ ဆိုပါတယ်။ ဆော်ဒီတော်ဝင်အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်နဲ့ ဆွေးနွေးပွဲတွေပြုလုပ်ပြီးနောက် သမ္မတပူတင်က ဇွန် ၃၀ ရက်မှာ သက်တမ်းကုန်ဆုံးမယ့် အဲဒီ စာချုပ်ဟာ သူ့ရဲ့လက်ရှိ ဖွဲ့စည်းမှုအတွင်းမှာ တူညီတဲ့ ပမာဏနဲ့အတူ အချိန်ဆိုင်းပေးလိမ့်မယ်လို့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

ရေနံတင်ပို့နိုင်ငံများ အဖွဲ့၊ ရုရှားနဲ့ တခြားရေနံထုတ်လုပ်တဲ့နိုင်ငံတွေ၊ အိုပက် ပလပ်စ်လို့ခေါ်တဲ့ မဟာမိတ်အဖွဲ့တွေဟာ စာချုပ်ကိစ္စကို ဆွေးနွေးဖို့ ဇူလိုင် ၁ ရက်နဲ့ ၂ ရက်တို့မှာ တွေ့ဆုံသွားကြဖို့ရှိနေပါတယ်။ စာချုပ်ထဲမှာ ရေနံထွက်ကုန်တွေကို တစ်ရက်မှာ စည်ပေါင်း ၁ ဒသမ ၂ သန်းအထိ လျှော့ချမယ့်ကိစ္စပါဝင်ပါတယ်။

**ပါဝင်ခြင်းမရှိ**

ကမ္ဘာ့ရေနံထုတ်လုပ်မှုအကြီးဆုံးအဖြစ် ရုရှားနဲ့ ဆော်ဒီကို ဦးဆောင်နေတဲ့ အမေရိကန်ပြည်ထောင်စုကတော့ အဲဒီစာချုပ်ထဲမှာ ပါဝင်ခြင်းမရှိပါဘူး။ ကျွန်ုပ်တို့အနေနဲ့က အချိန်ရွှေ့ဆိုင်းမှုကို အားပေးထောက်ခံတယ်လို့ ရုရှားနဲ့ ဆော်ဒီအာရေဗျက ပြောကြားပါတယ်။ ရွှေ့ဆိုင်းမယ့် အချိန်အတိုင်းအတာနဲ့ ပတ်သက်ပြီးတော့ ကျွန်ုပ်တို့အနေနဲ့ ခြောက်လဖြစ်မလား၊ ကိုးလဖြစ်မလားဆိုတာကို ဆုံးဖြတ်ချက်ချရတော့မယ်။ ဒါက ကိုးလလည်းဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ဂျပန်နိုင်ငံမှာ ပြုလုပ်တဲ့ ဂျီ ၂၀ ထိပ်သီးအစည်းအဝေးပြင်ပမှာ ဆော်ဒီအိမ်ရှေ့မင်းသားနဲ့ တွေ့ဆုံမှုပြုလုပ်ခဲ့တဲ့ သမ္မတပူတင်က ပြောကြားခဲ့ပါတယ်။

**လျှော့ချဖို့မလို**

အိုပက် ပလပ်စ်ဆွေးနွေးပွဲတွေအတွက် ဗီယင်နာကို ရောက်ရှိနေတဲ့ ခါလစ်က ဆော်ဒီဘက်က သဘောထားနဲ့ပတ်သက်လို့ မေးမြန်းတဲ့အခါမှာ ၎င်းအနေနဲ့ ကိုးလအချိန်ထပ်ဆိုင်းပေးဖို့အဖြစ်နိုင်ဆုံးလို့ ထင်တယ်လို့ သတင်းထောက်တွေကို ဖြေကြားခဲ့ပါတယ်။

ဒီထက်ပိုပြီး လျှော့ချသွားဖို့နဲ့ပတ်သက်ပြီး မေးမြန်းရာမှာ ခါလစ်က ဈေးကွက်အနေနဲ့ အဲဒီလောက်ထိလျှော့ချဖို့ လိုအပ်မယ်လို့ ကျွန်တော်မထင်ဘူးလို့ ၎င်းက ပြောပါတယ်။ ဝယ်လိုအား အနည်းငယ်လျော့ကျနေတယ်ဆိုပေမယ့် ဒါကအခြေအနေကောင်းနေသေးတယ်လို့ ကျွန်တော်ထင်တယ်လို့ ၎င်းက ဆိုခဲ့ပြီး လာမယ့် ခြောက်လကနေ ကိုးလအတွင်းမှာ ဈေးကွက်တည်ငြိမ်မှုရရှိဖို့ ၎င်းအနေနဲ့ မျှော်လင့်ထားကြောင်း ပြောကြားခဲ့ပါတယ်။

**ဆွေးနွေးမှုအဆင်ပြေနိုင်**

ကိုးလအချိန်ဆိုင်းတယ်ဆိုတဲ့ သဘောက စာချုပ်ဟာ လာမယ့် ၂၀၂၀ ပြည့်နှစ်မတ်လမှာ သက်တမ်းကုန်ဆုံးမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ရုရှားဘက်က သဘောတူလိုက်တယ်ဆိုတဲ့ အဓိပ္ပာယ်က အကယ်၍ အိုပက်အဖွဲ့ရဲ့ တတိယအကြီးဆုံး နိုင်ငံဖြစ်တဲ့ အီရန်ကပါ အဲဒီအစီအစဉ်ကို ထောက်ခံမယ်ဆိုရင် အိုပက် ပလပ်စ်အဖွဲ့အနေနဲ့ အဆင်ပြေချောမွေ့တဲ့ ဆွေးနွေးပွဲဖြစ်တစ်ခု ဖြစ်ကောင်းဖြစ်လာနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။

**ပိတ်ဆို့မှုတွေတရားမဝင်**

အီရန်အပေါ် အမေရိကန်ကချမှတ်လိုက်တဲ့ အရေးယူပိတ်ဆို့မှုအသစ်တွေကြောင့် အီရန်ရဲ့ ရေနံတင်ပို့မှုဟာ လျော့ကျသွားခဲ့ပြီဖြစ်ပါတယ်။ အီရန်နိုင်ငံအတွင်းမှာ အကျင့်ပျက်ခြစားတဲ့ အုပ်ချုပ်မှုစနစ်ကို ပြောင်းလဲပစ်ဖို့ ကြိုးပမ်းတဲ့ အရေးယူပိတ်ဆို့မှုလို့ ဝါရှင်တန်ကတော့ ခေါင်းစဉ်ပေးထားပါတယ်။ သို့သော်လည်း အီရန်ဘက်ကတော့ အမေရိကန်ကချမှတ်တဲ့ အရေးယူပိတ်ဆို့မှုတွေကို တရားမဝင်ဘူးလို့ဆိုနေသလို အိမ်ဖြူတော်ဟာ ပြည်သူတွေကို စိတ်ပိုင်းဆိုင်ရာ အရ နောက်ကောက်ကျသွားစေတဲ့ နည်းနဲ့ ဆက်သွားနေတယ်လို့ ပြောခဲ့ပါတယ်။

အိုပက်ပလပ်စ်အဖွဲ့အတွင်း မဟာဗျူဟာကျတဲ့ ရင်းနှီးဆက်ဆံမှုဟာ ရေနံဈေးကွက်တည်ငြိမ်မှုဆီ ဦးတည်စေခဲ့ပြီး ဈေးကွက် ဝယ်လိုအား အခြေအနေတွေအပေါ်မူတည်တဲ့ ထုတ်လုပ်မှုလျှော့ချဖို့နဲ့ တိုးမြှင့်ဖို့ နှစ်ခုစလုံးကို ခွင့်ပြုပေးလျက်ရှိတယ်လို့ ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအမှုဆောင်ချုပ် ဒီမစ်ထရိဗ်က ပြောပါတယ်။ ၂၀၁၉ ခုနှစ်စတင်ချိန်ကစပြီး ရေနံစိမ်း ဈေးနှုန်းဟာ ၂၅ ရာခိုင်နှုန်းမက ခုန်တက်ခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေးနှေးကွေးမှုက ဝယ်လိုအားနဲ့ ဈေးကွက်အတွင်း အမေရိကန်ရေနံ လွှမ်းမိုးမှုကို ဖိအားပေးလျက် ရှိပါတယ်။

**လှုံ့ဆော်နိုင်**

သဘောတူစာချုပ်အသစ်ဟာ ကမ္ဘာလုံးဆိုင်ရာ ရေနံစတော့ဈေးကွက်ကို လျှော့ချဖို့ ကူညီပေးနိုင်ပြီး ဈေးကွက်ကို ညီမျှစေတဲ့အပြင် လာမယ့် အနာဂတ် စွမ်းအင်ထောက်ပံ့မှုတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေပိုများလာအောင် လှုံ့ဆော်ပေးနိုင်လိမ့်မယ်လို့ ခါလစ်က ပြောကြားပါတယ်။ ဆော်ဒီ - ရုရှား ရင်းနှီးဆက်ဆံမှုဟာ ထုတ်လုပ်သူတွေနဲ့ သုံးစွဲသူတွေရဲ့ အကျိုးစီးပွားနဲ့ ကမ္ဘာ့စီးပွားရေးအဆက်မပြတ် တိုးတက်စေဖို့အတွက် အာမခံပေးနိုင်မယ့် စကြံတစ်ခုအဖြစ် ဆောင်ကြဉ်းပေးခဲ့တယ်လို့ ခါလစ်က တွစ်တာပေါ်မှာ ရေးသားဖော်ပြထားပါတယ်။

**ဒေါသထွက်စေနိုင်**

ရုရှားနဲ့ ဆော်ဒီအာရေဗျတို့ဟာ အိုပက်အဖွဲ့တွေ မစုဝေးကြခင်ကတည်းက သဘောတူညီမှုနဲ့ ပတ်သက်ပြီး ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒီကြေညာမှုက အိုပက်အဖွဲ့ကြီးမှာပါဝင်တဲ့ သေးငယ်တဲ့ အဖွဲ့ဝင်တွေကို ဒေါသထွက်ကောင်းထွက်စေနိုင်ပါတယ်။ ရုရှား - ဆော်ဒီ ဆွေးနွေးပွဲတွေကနေ ထွက်ပေါ်လာတဲ့ ခေါင်းကြီးသတင်းတွေကို ကြည့်ရှုပြီးသွားတဲ့နောက်မှာ ကိုယ်စားလှယ်တစ်ဦးက အိုပက်အစည်းအဝေးကို ဘယ်သူလိုအပ်လဲလို့ ပြောပါတယ်။ ကိုယ်စားလှယ်အချို့ကတော့ အီရန်ဟာ ဇူလိုင် ၁ ရက်မှာ ဒါကို ဆန့်ကျင်ကောင်း ဆန့်ကျင်နိုင်သေးတယ်လို့ ဆိုကြပါတယ်။

**ပါးနပ်စွာဖြေရှင်းမှု**

ရုရှားစွမ်းအင်ဝန်ကြီး အလက်ဇန်းဒါး နိုဗက်က အီရန်အပါအဝင် အိုပက်အဖွဲ့ဝင်နိုင်ငံအများစုဟာ ရေနံထွက်ကုန်လျှော့ချရေးစာချုပ် အချိန်ဆိုင်းဖို့ ထောက်ခံကြောင်း ဖော်ပြခဲ့ပြီးဖြစ်တယ်လို့ ၎င်းအနေနဲ့ ယုံကြည်တယ်။ ဝယ်လိုအားလျော့ကျနေတဲ့ အချိန်အတောအတွင်း ရေနံထွက်ကုန်တွေကို လျှော့ချဖို့ အချိန်ဆိုင်းမှုကို ခြောက်လထက် ကိုးလရွှေ့ဆိုင်းတာက လိမ္မာပါးနပ်စွာဖြေရှင်းလိုက်တာဖြစ်နိုင်တယ်လို့ ၎င်းက မှတ်ချက်ချခဲ့ပါတယ်။

**ကိုးကား- သည်ဂါဒီယန်**

> **"ကိုးလအချိန်ဆိုင်းတယ်ဆိုတဲ့ သဘောက စာချုပ်ဟာ လာမယ့် ၂၀၂၀ ပြည့်နှစ် မတ်လမှာ သက်တမ်း ကုန်ဆုံးမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်"**

## နိုင်ငံတကာသတင်းတိုတွာ

### အီရတ်အပေါ် ကူညီပေးမှုများအား ကုလလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ အတည်ပြု

**ဘဂ္ဂဒက် ဇွန် ၃၀**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှကိုယ်စားလှယ်များသည် အီရတ်နိုင်ငံ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် ၎င်းတို့ အကူအညီပေးထားသည့် အရာများကို စနေနေ့က အတည်ပြုပြောကြားခဲ့သည်။ လုံခြုံရေးကောင်စီမှ အဖွဲ့ဝင်များသည် အီရတ်နိုင်ငံ၏ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့တွင် အီရတ်နိုင်ငံ၏ လိုအပ်ချက်များနှင့် ပြည့်မီအောင် ၎င်းတို့ကူညီပေးထားမှုများကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆိုင်ရာ အမေရိကန်ကိုယ်စားလှယ် ဂျွန်နသန်ကိုဟင်က ပြောကြားခဲ့သည်။ လုံခြုံရေးကောင်စီအဖွဲ့ဝင်များသည် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂကူညီထောက်ပံ့ရေးလုပ်ရှားမှုအတွက် ၎င်းတို့၏ ထောက်ပံ့ပေးမှုများကို ထပ်မံပြောကြားခဲ့သည်။ အီရတ်အစိုးရအနေဖြင့် ပြန်လည်သင့်မြတ်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်နိုင်ရန် ကူညီပေးခဲ့ကြောင်းပြောကြားခဲ့သည်။

**ဆင်ဟွာ**

### ဆော်ဒီမင်းသားနှင့် ဂျပန်ဝန်ကြီးချုပ်တို့ အရှေ့အလယ်ပိုင်းဒေသကိစ္စရပ်များ ဆွေးနွေး

**တိုကျို ဇွန် ၃၀**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသားမိုဟာမက်ဘင်ဆယ်လ်မန်နှင့်တွေ့ဆုံပြီး အရှေ့အလယ်ပိုင်းဒေသ ပြဿနာများပြေလျော့စေရေးတို့အတွက် အတူတကွ လက်တွဲလုပ်ဆောင်ရန် သဘောတူခဲ့ကြသည်။

၎င်းတို့နှစ်ဦးသည် အိုဆာကာမြို့တွင် ဇွန် ၃၀ ရက်က တွေ့ဆုံခဲ့ကြပြီး နှစ်နာရီကြာဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးရာတွင် လာမည့်နှစ် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးကို ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်တွင် အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး မစ္စတာအာဘေးမှ ကူညီပေးလိုသည်ဟု ပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦးသည် အရှေ့အလယ်ပိုင်းဒေသကိစ္စရပ်များနှင့် ပတ်သက်ပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။ မစ္စတာအာဘေးက အရှေ့အလယ်ပိုင်းဒေသတွင် ပါဝင်ပတ်သက်မှုရှိသည့် နိုင်ငံများကြားတွင် ပူးပေါင်းဆောင်ရွက်ခြင်းမှာ အရေးပါသည့်အရာဖြစ်ကြောင်းပြောကြားခဲ့သည်။ ထို့ပြင် ဆော်ဒီအာရေဗျသည်စီးပွားရေးတွင် ရေနံကို မှီခိုနေရမှုအပေါ်လျှော့ချနိုင်ရန် ဂျပန်နိုင်ငံမှလည်း ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း မစ္စတာအာဘေးက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဆဒုံးမြို့ရေလွှမ်းမှုကြောင့် ရေဘေးသင့်မိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား ဇွန် ၃၀**

ကချင်ပြည်နယ်အတွင်း ဇွန် ၂၆ ရက်က စတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ကြီးနားခရိုင် ဆဒုံးမြို့ အတွင်း ရေလွှမ်းမှုအခြေအနေနှင့် မန်ဝိန်းကြီးကျေးရွာအုပ်စု အတွင်း မိုးရွာသွန်းမှုကြောင့် ရေလွှဲဆည်နှင့် ကြိုးတံတားပျက်စီးမှု အခြေအနေတို့ကို ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေး ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ မြို့သစ် ရပ်ကွက် သံလမ်းကူးနေရာ၌ လမ်းတိုးချဲ့ပြီးစီးသည့်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်သွားမည့်အခြေအနေ နှင့် အောင်နန်းရပ်ကွက် အောင်ချမ်းသာလမ်း ကတ္တရာခင်း နိုင်ရေးကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုမှတစ်ဆင့် ဆဒုံးမြို့သို့ ထွက်ခွာခဲ့ကာ ဆဒုံးမြို့ ၂၅ ခုတင်ဆံ့ဆေးရုံအတွင်း ဆေးဝါး ကုသမှု ခံယူနေသော လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများပေးအပ်ပြီး ဆဒုံးချောင်းရေလျှံမှုကြောင့် ရပ်ကွက်(၂)၊ ဈေးအတွင်း နုန်းမြေများတင်ကျန်နေမှု၊ နုန်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် လီဆူနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရပ်ကွက် (၂) နှင့် ရပ်ကွက် (၅) မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ယခု မိမိတို့အစိုးရအဖွဲ့ အနေဖြင့် ဆဒုံးမြို့သဘာဝဘေးကြောင့် မြို့သူမြို့သားများ၏ လိုအပ်ချက်များအတွက် အတတ်နိုင်ဆုံး ကူညီဖြည့်ဆည်း ပေးနိုင်ရေးနှင့် ဆဒုံးမြို့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

များအား တိုက်ရိုက်အကျိုးပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများမှ ခွဲဝေလျာထားပြီး ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များနှင့် ပြည်သူများ ပူးပေါင်းပါဝင်မှုရှိမှသာ အဘက်ဘက်မှ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီ ယောဟန်က အားပေးစကားပြောကြားပြီး ဆဒုံးမြို့သူ မြို့သားများက ဒေသအတွက်လိုအပ်ချက်များဖြစ်သည့် စိုက်ပျိုး ရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အားကစား ကွင်း၊ မူးယစ်ဆေးဝါးပြဿနာများနှင့် မြို့တွင်းလမ်းနှင့်တံတား များရရှိရေး၊ စနစ်တကျရှိသည့် ဈေးဖြစ်ပေါ်လာစေရေးတို့ကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၏ ပြန်လည်ဖြေရှင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဆဒုံးမြို့ရှိ ဗုဒ္ဓ ဘာသာကျောင်းအတွက် ငွေကျပ် ၁၅ သိန်းနှင့် ခရစ်ယာန် အသင်းတော် များအတွက် ငွေကျပ် ၁၆ သိန်း ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီး များက ရေဘေးသင့်မိသားစုများအတွက် ဆန်အိတ် ၁၂၀၊ ပညာရေးဌာနမှ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်နှင့် ကျောင်းသုံး ကိရိယာများ၊ ကျောင်းဝတ်စုံနှင့် ကျောပိုးအိတ်များ၊ ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှ Hygiene Kit 161 နှင့် ခေါက်ဆွဲခြောက်? 

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိုင်းမော် မြို့နယ် ဆိုင်လော်ကျေးရွာအတွင်း ဆိုင်လော်နှင့် ဂျတ်မိုင်ယန် ကျေးရွာချင်းဆက် လန်နချောင်းကူးကြိုးတံတား ရေကြီးရေ လျှံမှုကြောင့် မျောပါပျက်စီးမှုအခြေအနေနှင့် မန်ဝိန်းကျေးရွာ အတွင်း ဆွတ်ဂျတ်ရေလွှဲဆည်တာပေါင်ကျိုးပေါက်မှုအခြေ အနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံများ အခက်အခဲမဖြစ် စေရေးအတွက် တံတားနှင့် ရေလွှဲဆည်တို့ကို အမြန်ဆုံးပြုပြင် တည်ဆောက်နိုင်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ဝိုင်းမော်မြို့နယ် ဝါရှောင်ရေလွှဲဆည် ကြံ့ခိုင်မှုအခြေအနေနှင့် ရေလှောင်ကန် ဆည်ယူနိုင်ရေးအတွက် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြ ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဘော်လခဲမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ဘော်လခဲ ဇွန် ၃၀**

ကယားပြည်နယ် ဘော်လခဲမြို့နယ်တွင် ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာ ပြည်သူများနှင့်တွေ့ဆုံခြင်းကို ယမန်နေ့ က ချိုကွဲ့ကျေးရွာခန်းမဆောင်၌ ကျင်းပ သည်။

ပြည်နယ်ဝန်ကြီးချုပ်က တွေ့ဆုံ ပွဲများပြုလုပ်ရာတွင် ဒီမိုကရေစီ အခြေခံ စနစ်၏ ဆက်စပ်မှုများဖြစ်ရာ ရည်ရွယ် ချက်၊ ရည်မှန်းချက်များ ပေါက်မြောက် အကောင်အထည်ဖော်နိုင်ရန်အတွက် ကျင်းပခြင်းဖြစ်ပြီး နောင်လာနောက်သား များအတွက် ကောင်းမွန်မှန်ကန်သည့် အတွေးအမြင်များပေးနိုင်ရန် မျှဝေပေး ရန်လိုကြောင်း၊ ယခုခရီးစဉ်တွင် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မနားမနေဘဲ အကောင်းဆုံးဝန်ဆောင် မှုများပေးနိုင်ရန်အတွက် လိုက်ပါ ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်း များ၏ အခန်းကဏ္ဍတွင် ပံ့ပိုးမှုများအား ကောင်းမှသာ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ ဌာနနှင့်အစိုးရသည် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကြိုးပမ်း ဖော်ဆောင်ပေးရသူများဖြစ်ပြီးမိမိတို့ နှစ်ခုတည်းနှင့် ဆောင်ရွက်၍ မရဘဲ ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ပေး စေလိုကြောင်း ၊ ကျေးလက်ဒေသများရှိ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက် လာစေရေး ဆောင်ရွက်ပေးရမည်ဖြစ် ကြောင်း၊ ကျေးရွာတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိတို့ကျေးရွာ သန့်ရှင်း သာယာလှပရေးဆောင်ရွက် ရန်တာဝန်ရှိပြီး မိမိတို့၏ ရုပ်ပိုင်း၊ စိတ်ပိုင်း ဆိုင်ရာများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ပါက ပြောင်းလဲကြရမည်ဖြစ် ကြောင်း၊ တက်ရောက်လာသူများက တင်ပြသင့် တင်ပြထိုက်သည်များကို အပြုသဘောဖြင့် တင်ပြဆောင်ရွက် ပေးရန် ပြောကြားသည်။

ဆက်လက်ပြီး မိုင်းထမ်း၊ ဝမ်ချယ်၊ နန်းနောက်၊ ချိုကွဲ့၊ စောင်းလော့ကျေးရွာ ဒေသခံပြည်သူများနှင့် ကျောင်းအုပ် ဆရာ ဆရာမများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေ အနေများကို ပြန်လည်ရှင်းလင်းဖြေ ကြားခဲ့ပြီး ဝမ်ချယ်ကျေးရွာ ဆွမ်းစား ကျောင်းဆောင်အတွက် ငွေကျပ် ငါးသိန်းနှင့် စောင်းလော့ကျေးရွာ ဘုန်းကြီးကျောင်းအတွက် ငွေကျပ် ငါးသိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို အလှူငွေပေးအပ်စဉ်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီး ချုပ်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ စည်ပင်သာယာ ရေးနှင့် လူမှုရေးဝန်ကြီး၊ ဗမာတိုင်းရင်း သားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ် ဥပဒေ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖိုးရယ်**



ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# နေရပ်စွန့်ခွာကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများထောက်ပံ့

**ဘားအံ ဇွန် ၃၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲလရော ဒေသတွင် မြေမြှုပ်မိုင်းအန္တရာယ်များ ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူ များသည် ၂၀၁၆ ခုနှစ် စက်တင်ဘာလ အစောပိုင်းမှစ၍ မြိုင်ကြီးငူအထူးဒေသသို့ ပြောင်းရွှေ့နေထိုင် ခိုလှုံလျက်ရှိရာ ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ သည် မြိုင်ကြီးငူဒေသ နေရပ်စွန့်ခွာ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်း ဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိုင်ကြီးငူ နန်းဦးဘေးမဲ့တောရကျောင်း တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဉာဏိကအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကာ ထီးဖိုးကလုံး-မြိုင်ကြီးငူ လမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းစရိတ် ငွေကျပ် ၁၄၁၀၀၀၀၀ ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မြိုင်ကြီးငူ အထူးဒေသ အေးလင်းမြတ်ရှင်ကွင်း ကျောက်ထက် အက္ခရာတင်ဓမ္မာရုံ၌ နေရပ်စွန့်ခွာ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်း သုံး ဝတ်စုံများကို ထောက်ပံ့ပေးအပ်ရာ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ သည့် ကျောင်းဝတ်စုံ ၃၉၈ စုံ၊ ဗလာစာ အုပ် ၃၉၈ ဒါဇင်၊ ပြည်နယ်အစိုးရအဖွဲ့မှ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၄၀၀၊ မုန့်အမျိုးမျိုး၊ ခေါက်ဆွဲခြောက်နှင့် ဆရာ ဆရာမများအတွက် လက်စွဲဆိုလာမီး အိမ်များကို ထောက်ပံ့ပေးအပ်ခဲ့ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုင်းပျဉ်းမြို့၌ ၂၀၁၉ ခုနှစ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မိုင်းပျဉ်း ဇွန် ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့တွင် ၂၀၁၉ ခုနှစ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က မြို့မအားကစားကွင်း၌ ကျင်းပ သည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအာကာတင်ဦးက အားကစား ပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက အားကစားပြိုင်ပွဲ များအတွက် ရန်ပုံငွေကျပ် သိန်း ၆၀ နှင့် အားကစားပစ္စည်းများကို ထောက်ပံ့ ပေးအပ်သည်။

အဆိုပါ အားကစားပြိုင်ပွဲများတွင် အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲများပါဝင်ပြီး မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အားကစားဝါသနာရှင်များ၊ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# မိုးကုတ်မြို့နယ်၌ သဖန်းပင်-ရေပူ ကတ္တရာလမ်းသစ်ဖွင့်

**မိုးကုတ် ဇွန် ၃၀**

မိုးကုတ်မြို့နယ် ရေပူအုပ်စု သဖန်းပင်-ရေပူ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်က ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးနိုင်ငံကျော် ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ သည်။ အဆိုပါ သဖန်းပင်-ရေပူ လမ်းခင်းခြင်းဆောင်ရွက်ရာတွင် ငွေကျပ် သိန်းပေါင်း ၂၇၀၀ ကျော် ကုန်ကျကာ လမ်းအကျယ် ၂၂ ပေနှင့် လမ်းအရှည်မှာ ပေ ၉၅၀၀ ရှိကြောင်း သိရသည်။

**ကျော်ဇေယျာမြင့်(မိုးကုတ်)**

# မူဆယ်မြို့နယ်တွင် တအာင်း(ပလောင်) သက်ကြီးအဆိုရှင်များကို ဂုဏ်ပြုချီးမြှင့်

**မူဆယ် ဇွန် ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်တွင် တအာင်းဂီတနှင့်ရုပ်ရှင်အစည်းအရုံးအဖွဲ့မှ ကြီးမှူးကျင်းပသည့် တအာင်း(ပလောင်)သက်ကြီးအဆိုရှင်များ ဂုဏ်ပြုချီးမြှင့်ပွဲကို ယမန်နေ့က မူဆယ် ၁၀၅ မိုင်၌ ပြုလုပ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန်နှင့် တာဝန်ရှိသူများ၊ တအာင်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ ဒုဥက္ကဋ္ဌ ဦးမိုင်းလှရွှေနှင့် တာဝန်ရှိသူများ၊ တအာင်း စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ တအာင်း ဂီတနဲ့ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ တအာင်းသက်ကြီးသက်ငယ်အဆိုတော်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်သည်။



တအာင်း(ပလောင်)သက်ကြီးအဆိုရှင်များ ဂုဏ်ပြုချီးမြှင့်ခြင်း မူဆယ်မြို့၌ ကျင်းပစဉ်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန်နှင့် တအာင်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ ဒုဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားခဲ့သည်။ "ကျွန်တော်တို့အနေနဲ့ အခုလိုပွဲလုပ်တယ်ဆိုတာ သက်ကြီးအဆိုရှင်တွေ အခွေထွက်ပြီး နှစ် ၂၀ နီးပါးရှိတဲ့ အဆိုရှင်တွေ ပြန်ပြီးဖော်ထုတ်ပေးတဲ့အနေနဲ့ ပြုလုပ်ရခြင်းဖြစ်ပါတယ်။ နောက်နောင်လည်း ကျွန်တော်တို့အနေနဲ့ ဂီတသင်တန်းတွေ၊ အဆိုပြိုင်ပွဲတွေ လုပ်ဖို့အတွက် ရည်ရွယ်ချက်တွေရှိပါတယ်" ဟု တအာင်းဂီတနှင့် ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးခမ်းလိတ်က ပြောသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ပွဲကို တအာင်းအဆိုတော်ဟောင်းများနှင့် ခေတ်သစ်မျိုးဆက်သစ်အဆိုတော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# ကူးတို့လှေပို့ဆောင်ရာတွင် ကျောင်းသား ကျောင်းသူများ အသက်ကယ်အင်္ကျီဖြင့်စီးနင်းရန် အသိပညာပေး

**စစ်တွေ ဇွန် ၃၀**

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာအချို့တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများမှာ ကူးတို့လှေဖြင့် သွားလာကျောင်းတက်နေရသည်။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းလိုင်စင်များဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကူးတို့လှေလိုင်စင်စီတို့အား ကူးတို့လှေပို့ဆောင်ရာတွင် ကျောင်းသား ကျောင်းသူများကို အသက်ကယ်အင်္ကျီဝတ်ဆင်ပြီး လိုက်ပါစီးနင်းစေရန်အတွက် ကူးတို့လိုင်စင်စီများ၊ ကျောင်းသား ကျောင်းသူများပါဝင်သည့် အစီအစဉ် အသိပညာပေးလုပ်ငန်းစဉ်ကို ပညာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး လိုင်စင်စီများတွင်လည်း အသက်ကယ်အင်္ကျီများ လုံလောက်စွာထားရှိ၍ ကူးတို့လှေ ပို့ဆောင်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။



ကျောင်းသား ကျောင်းသူများ အသက်ကယ်အင်္ကျီဝတ်ဆင် စီးနင်းကြရန် ကွင်းဆင်းအသိပညာပေးဆောင်ရွက်စဉ်။

ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ တောင်ပြို လက်ဝဲမြို့ စည်ပင်သာယာရေးအဖွဲ့မှအပ ကျန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့စည်ပင်သာယာရေးအဖွဲ့များသည် စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းလိုင်စင်များဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသောလုပ်ငန်းရှင်များကို ကူးတို့လှေပို့ဆောင်ရာတွင် ကျောင်းသား ကျောင်းသူများကို အသက်ကယ်အင်္ကျီ ဝတ်ဆင်ပြီး လိုက်ပါစီးနင်းစေရန်အတွက် အသိပညာပေးခြင်းများ ပညာရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မြစ်ကြီးနား၌ စတုတ္ထအကြိမ်မြောက် ဓာတ်သတ္တုလက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ပေးအပ်

**မြစ်ကြီးနား ဇွန် ၃၀**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စတုတ္ထအကြိမ်မြောက် ဓာတ်သတ္တုလက်လုပ်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ပေးအပ်ပွဲကို ဇွန် ၂၈ ရက်က မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ပြည်နယ်သတ္တုတွင်းဦးစီးဌာနရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက အမှာစကားပြောကြားသည်။

ပြည်နယ်သတ္တုတွင်းဦးစီးဌာန ရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးစောယုက ကချင်ပြည်နယ်အတွင်း ဓာတ်သတ္တုတူးဖော်ရေး လက်လုပ်လက်စားလုပ်ကွက်များအား ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်၊ ဥပဒေ၊ နည်းဥပဒေများအရ စိစစ်ခွင့်ပြုပေးခဲ့ရာ ယခုခွင့်ပြုပေးအပ်ပွဲမှာ စတုတ္ထအကြိမ်မြောက် ပေးအပ်ခြင်းဖြစ်ပြီး စုစုပေါင်းပေးအပ်နိုင်မှုမှာ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်အတွင်း ကုမ္ပဏီ ၂၈ ခုသို့ အသေးစားလုပ်ကွက် ၈၉ ကွက် လုပ်ငန်းရှင် ၂၉ ဦးသို့ လက်လုပ်လက်စား ၂၉ ကွက် စုစုပေါင်းလုပ်ကွက် ၁၁၈ ကွက်အား လုပ်ပိုင်ခွင့်ချထားပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍ လျှောက်ထားသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုမိန့်များ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့မှ တာဝန်ရှိသူများက လက်လုပ်လက်စားကွက်လျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ ဝန်ကြီးက လက်လုပ်လက်စားကွက် လုပ်ပိုင်ခွင့်ရကုမ္ပဏီနှင့် လုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်လက်မှတ်များ လွှဲပြောင်းပေးအပ်သည်။

စတုတ္ထအကြိမ်မြောက် ဓာတ်သတ္တုလက်လုပ်လက်စား လုပ်ပိုင်ခွင့်ပြုလက်မှတ်ကို မံစီမြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့မှ ရွှေလုပ်ကွက် ၁၆ ကွက်နှင့် သလင်းကျောက်လုပ်ကွက် တစ်ကွက် စုစုပေါင်းလုပ်ကွက်၁၇ ကွက်အား ခွင့်ပြုလက်မှတ်များ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# လယ်ဝေးမြို့နယ်တွင် ဝါးအခြေခံလက်မှုထည် သင်တန်းဆင်း

**လယ်ဝေး ဇွန် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်လယ်ဝေးမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော် အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနနှင့် FARM Project တို့ ပူးပေါင်းဖွင့်လှစ်သော ဝါးအခြေခံလက်မှုထည်သင်တန်းဆင်း အခမ်းအနားကို ဇွန် ၂၈ ရက်က လယ်ဝေးမြို့နယ် အေလာရှိ စိုက်ပျိုးရေးအသိပညာပေးစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် FARM Project Manager နေပြည်တော် စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းဦးနှင့် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းအတွက် ထောက်ပံ့ကြေးများကို နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက ပေးအပ်ခဲ့သည်။



ဝါးအခြေခံလက်မှုထည် သင်တန်းဆင်းပွဲ ကျင်းပစဉ်။

ဝါးအခြေခံလက်မှုထည်သင်တန်းကို ဇွန် ၁၄ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၂၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၀-၆-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၁၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၁၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၅/၉၂၅ | ကျပ် | ၉၃၀/၉၄၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၅/၉၃၅ | ကျပ် | ၉၄၅/၉၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၁၅ | ကျပ် | ၈၄၀/၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၀၅ | ကျပ် | ၉၄၀/၉၅၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၅ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၅ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၉ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၂၀ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၇ · ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၂ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ · ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၁ · ၁၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၆ · ၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ · ၃၈၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ ယူနန်



ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**အမှန်တော့ ကျွန်တော် ယူနန်ပြည်နယ်ကို လွန်ခဲ့တဲ့ငါးနှစ်ကျော်လောက်က ရောက်ခဲ့တယ်။ ရောက်ခဲ့ပုံက ရှမ်းပြည်နယ် မူဆယ်မြို့ကတစ်ဆင့် ကုန်းကြောင်းနဲ့ ကျယ်ခေါင်မြို့ကို သွားခဲ့တာ။ ဒီတုန်းက နယူးစတားလိုက်ကုမ္ပဏီက ဦးကျော်ကျော်ဝင်း၊ သူ့မိသားစုနဲ့ အတူသွားခဲ့ကြတာ။ Device က ဆရာဦးတင်ဇံကျော်လည်းပါတယ်။**

မူဆယ်စီးပွားရေးဇုန် စတင်တည်ဆောက်စဉ်က ဖြစ်တယ်။ မင်္ဂလာမူဆယ်စီမံချက်ကို အကောင်အထည်ဖော်စ ကျွန်တော်က စီးပွားရေးဟောပြောပွဲတစ်ခုလည်း လုပ်ပေးခဲ့တယ်။ တစ်ဖက်နိုင်ငံမှာ လုပ်ငန်းတွေ လုပ်နေသူတွေကလည်း တက်ရောက်ကြတယ်။ မူဆယ်ကို လားရှိုးကတစ်ဆင့် သွားရောက်ခဲ့တာ။ ခရီးလမ်းက အတော်ရှုပ်တာ။ တော်ရုံနဲ့ မရောက်နိုင်ဘူး။ ကွတ်ခိုင်မြို့က ထွက်လာပြီး တဖြည်းဖြည်းမှောင်လာခဲ့တယ်။ မရောက်နိုင်တာမို့ အတော်စိတ်မရှည်ဖြစ်ရတယ်။ ယာဉ်မောင်းသူကလည်း ဆရာကြီး မကြာတော့ပါဘူး ရောက်တော့မယ်လို့ မကြာခဏ ကျွန်တော့်ကို နှစ်သိမ့်တယ်။ ရုတ်တရက်တောင်ကြောတစ်ကွေ့ကို ဖြတ်လာတော့ အဝေးမှာ မီးရောင်တွေမြင်တော့ မူဆယ်လားလို့ မေးမိတယ်။ မဟုတ်ဘူး ဆရာကြီး၊ ဒါက တရုတ်ပြည်၊ မူဆယ်က အမှောင်ထဲမှာလို့ ကျွန်တော့်ကို ပြန်ပြောခဲ့တယ်။

**ယူနန်ပြည်နယ်သို့ ဒုတိယအကြိမ်**

ဒီတစ်ခေါက်တော့ ယူနန်ပြည်နယ်မြို့တော် ကူမင်းကို သွားခဲ့တာ။ အမှန်တော့ ဒီခရီးကို စီစဉ်ခဲ့တာ နှစ်နှစ်နီးပါး။ အကြောင်း မညီညွတ်လို့ နေ့ညရွှေ့ခဲ့တယ်။ ယူနန်တက္ကသိုလ်မှာရှိတဲ့ မြန်မာလေ့လာရေးဗိမာန်ဌာနမှာ ဟောပြောပွဲလုပ်ဖို့။ တစ်ဖက်ကလည်း ယူနန်ပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားအဖွဲ့တွေအတွက် ဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းတွေကို လေ့လာဖို့။ ကျွန်တော်နဲ့အတူ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးနဲ့ အကြံပေးအဖွဲ့က ဦးမိုးဇော်ဦး၊ ကျွန်တော်တို့သုံးဦး ရန်ကုန်ကတစ်ဆင့် ကူမင်းမြို့ကို လေယာဉ်နဲ့ လာခဲ့တာ။ ခရီးက နှစ်နာရီလောက်ပဲ ကြာတယ်။ ကူမင်းလေယာဉ်ကွင်းမှာ ယူနန်တက္ကသိုလ်က တာဝန်ရှိသူတွေက လာကြိုတယ်။ တစ်ဦးက ယူနန်တက္ကသိုလ်က မအိအိခိုင်။ ဒါက မြန်မာနာမည်ယူထားတဲ့ တရုတ်အမျိုးသမီး။ သူက တည်းခိုမယ့်ဟိုတယ်ကို ပို့ဆောင်ခဲ့တယ်။ ဟိုတယ်နားမှာပဲ နေ့လယ်စာ စားကြတယ်။ နေ့လယ်စာ စားချိန်မှာ ဌာနကဆရာနှစ်ဦးလည်း ပါဝင်ခဲ့တယ်။ အစားအသောက်တွေက မျိုးစုံ။ ရှမ်းအစားအစာနဲ့ ဆင်တယ်။ မာလာဟင်းတွေလည်း ပါဝင်တယ်။

ညနေဘက်မှာ တိုင်းရင်းသားယဉ်ကျေးမှုကပွဲကို ခေါ်ဆောင်ခဲ့တယ်။ ပွဲက ခမ်းနားလိုက်တာ။ မြန်မာနယ်စပ်မှာရှိနေတဲ့ တရုတ်နိုင်ငံက တိုင်းရင်းသားတွေရဲ့ အဆိုအကတွေ၊ တချို့ကတော့ တိဗက်လူမျိုးတွေရဲ့အကတွေ။ ရုတ်တရက် ဘာကြောင့် တိဗက်ယဉ်ကျေးမှုကို တင်ပြနေသလဲဆိုတာ စဉ်းစားမရဘူး။ နောက်မှ ယူနန်ပြည်နယ်ဟာ တိဗက်ဒေသနဲ့ ကပ်နေတဲ့ ဒေသဖြစ်တာကို အမှတ်ရမိတယ်။ နောက်တစ်နေ့မနက် နံနက်စာစားပြီး မအိအိခိုင်နဲ့အတူ ယူနန်တက္ကသိုလ်ကို ထွက်ခဲ့ကြတယ်။ ဟိုတယ်နဲ့ သိပ်မဝေးလှဘူး။ ယူနန်တက္ကသိုလ်ဝင်းထဲ ဝင်တဲ့အခါ ပတ်ဝန်းကျင်က အလွန်လှပပြီး စိမ်းလန်းနေတာကို တွေ့ရတယ်။ ကျောင်းသားတွေနဲ့ စည်ကားနေတယ်။ ကျွန်တော်ဟောပြောမယ့် အဆောက်အအုံကို မရောက်မီ တက္ကသိုလ်ကို လိုက်ပြတယ်။ အဆောက်အအုံတွေက သပ်သပ်ရပ်ရပ်၊ ထူးခြားတဲ့ အဆောက်အအုံတစ်ခုကတော့ ရှေးတရုတ်မင်းတွေလက်ထက် မင်းမှုထမ်းတွေ စာမေးပွဲဖြေတဲ့နေရာ။

အမှန်တော့ အုပ်ချုပ်ရေးယန္တရားကို တာဝန်ယူတဲ့ပြည်သူ့ဝန်ထမ်းတွေအတွက် စနစ်တကျ စာမေးပွဲတွေစစ်ပြီး စနစ် တကျ ရွေးချယ်တာဝန်ပေးခဲ့တဲ့စနစ်ကို လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၀၀ ကျော်ကတည်းက တရုတ်နိုင်ငံမှာ ဆောင်ရွက်ခဲ့တာ။ မင်းမှုထမ်းတွေကို စနစ်တကျရွေးချယ်ပြီး အရည်အသွေးမြှင့်တင်မှုတွေ ဆောင်ရွက်ခဲ့တယ်။ ဒီစနစ်ကို အနောက်နိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀၀ လောက်မှာ လုပ်နိုင်ခဲ့တာ။ တရုတ်နိုင်ငံရဲ့ ယဉ်ကျေးမှုအဆင့်အတန်းက မြင့်မားလှတာ တွေ့ရတယ်။

**ယူနန်တက္ကသိုလ်မှာ ဟောပြောခဲ့ရ**

ဟောပြောမယ့် အချိန်နီးကပ်ပြီမို့ ကျွန်တော်တို့အဖွဲ့ ခန်းမဆောင်ထဲကို သွားကြတယ်။ ဟိုရောက်တော့ ပရိသတ်တွေက အပြည့်။ ဒုတိယပါမောက္ခချုပ်နဲ့ မြန်မာလေ့လာရေးဗိမာန်ရဲ့ အကြီးအကဲ။ ပါမောက္ခလီချန်ယန်က ကျွန်တော်တို့ကို နွေးနွေးထွေးထွေး နှုတ်ဆက်ခဲ့တယ်။ မြန်မာနိုင်ငံက ယူနန်မှာ တာဝန်ယူနေတဲ့ ကောင်စစ်ဝန်ဦးထွန်းအောင်ကျော်လည်း တက်ရောက်ခဲ့တယ်။ ကျွန်တော်တို့ လာကြမယ်ဆိုတာသိလို့ ဟောပြောပွဲကို လာခဲ့တယ်လို့ ပြောတယ်။ ကျွန်တော်တို့က တာဝန်ကြီးမှာစိုးတဲ့အတွက် ကြိုတင်ပြီး အကြောင်းမကြားခဲ့ဘူး။

ပါမောက္ခလီချန်ယန်က ကျွန်တော်တို့အဖွဲ့ကို မိတ်ဆက်ပေးပြီး သူ့ဌာနမှာ တာဝန်ယူနေတဲ့ ဆရာ ဆရာမတွေကိုလည်း တစ်ဦးချင်း မိတ်ဆက်ခဲ့တယ်။ ပရိသတ်တွေအထဲမှာ မြန်မာနိုင်ငံပညာတော်သင်ကျောင်းသား ကျောင်းသူတွေ ပါတယ်။ ဘွဲ့လွန်သင်တန်း တက်နေကြသူတွေ၊ သူတို့ကို မြင်ရတော့ ကျွန်တော်ကျေနပ်မိတယ်။ သင်တန်းတွေတက်၊ သုတေသနတွေ လုပ်နေကြတာ။

ကျွန်တော်က ခေါင်းစဉ်သုံးခုကို အခြေခံပြီး ဟောပြောဖို့ စီစဉ်ခဲ့တာ။ ကြိုတင်ပြီး ပါမောက္ခလီချန်ယန်ကို အကြောင်းကြားခဲ့တယ်။ ကျွန်တော်က မြန်မာနိုင်ငံမှာ အစိုးရသစ်အနေနဲ့ တာဝန်ယူဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးအစီအစဉ်တွေကို ပြည့်ပြည့်စုံစုံတင်ပြခဲ့တယ်။ ငြိမ်းချမ်းရေးရဖို့ အစိုးရသစ်က ကြိုးစားအားထုတ်ခဲ့တယ်။ (၂၁) ရာစု ပင်လုံညီလာခံကို သုံးကြိမ်တိုင်တိုင် ကျင်းပခဲ့တယ်။ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ဆွေးနွေးပွဲတွေအကြိမ်ကြိမ် ပြည်တွင်းမှာရော ပြည်ပမှာပါ ကျင်းပခဲ့တယ်။ သဘောတူညီမှုတွေကိုလည်း ရနိုင်ခဲ့တယ်။ ဒါပေမယ့် မျှော်လင့်ချက်အတိုင်း အပြည့်အဝ မအောင်မြင်ခဲ့ဘူး။ စိန်ခေါ်မှုတွေ ရင်ဆိုင်နေရတုန်း။ ယုံကြည်မှုတွေ တည်ဆောက်ဖို့ ပုံစံအမျိုးမျိုး ကြိုးစားနေတာ။

ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးမှုဟာ ဆက်စပ်နေတာ။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရတဲ့အချိန်ကစပြီး ပဋိပက္ခတွေ မျိုးစုံဖြစ်ခဲ့တာမို့ ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရတယ်။ တစ်ဖက်ကလည်း ဖွံ့ဖြိုးမှုနောက်ကျခဲ့တာမို့ ပဋိပက္ခကို အားပေးသလိုဖြစ်ခဲ့တယ်။ ငြိမ်းချမ်းရေးဖွံ့ဖြိုးမှု သံသရာလည်နေခဲ့တာ။ ငြိမ်းချမ်းရေးရဖို့ ခေတ်အဆက်ဆက်က အစိုးရတွေလည်း ပုံစံအမျိုးမျိုးနဲ့ ကြိုးစားအားထုတ်ခဲ့ကြတယ်။ ဒါပေမယ့် တည်ငြိမ်တဲ့၊ စဉ်ဆက်မပြတ်တဲ့ ငြိမ်းချမ်းရေး မရခဲ့ဘူး။

ကျွန်တော့်အနေနဲ့ တာဝန်ရှိသူတွေရဲ့ ခွင့်ပြုချက်အရ ငြိမ်းချမ်းရေးအတွက် စီးပွားရေးလို့ခေါ်တဲ့ Business for peace (B4P) စီမံချက်ကို လုပ်ခွင့်ရခဲ့တယ်။ NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပခဲ့တယ်။ တစ်ဖက်ကလည်း တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက တာဝန်ရှိသူတွေနဲ့ ဆက်သွယ်ပေးခဲ့တယ်။ စီးပွားရေးလုပ်ဖို့ အခွင့်အလမ်းတွေ ဖော်ထုတ်ခဲ့တယ်။ B4P နဲ့ ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ တင်ပြခဲ့တယ်။

**ကျောင်းသားများနှင့်အပြန်အလှန်ဆွေးနွေးခဲ့ကြ**

ကျွန်တော်ဟောပြီးချိန် အတူပါလာတဲ့ဦးအောင်စိုးနဲ့ဦးမိုးဇော်ဦးတို့ကလည်း ဖြည့်စွက်ပြီး တင်ပြခဲ့ကြတယ်။ သူတို့ရဲ့ ရှုထောင့်အမြင်ဟာလည်း အလွန်တန်ဖိုးရှိလှပါတယ်။ အခုလို ကျွန်တော်တို့ တင်ပြပြီးချိန်မှာ သဘာပတိပါမောက္ခလီချန်ယန်က ပရိသတ်တွေကို မေးခွန်းတွေမေးဖို့ ဖိတ်ခေါ်ခဲ့တယ်။ တိုက်တွန်းခဲ့တယ်။ ဆရာတွေ၊ ကျောင်းသားတွေက မေးခွန်းတွေမျိုးစုံမေးကြတယ်။ အခုလို စိတ်ဝင်တစား မေးခွန်းမေးကြတာကို၊ ကျွန်တော်တို့က ကြိုဆိုမိတယ်။ ကျေနပ်မိတယ်။ အမှန်တော့ အပြန်အလှန်မေးခွန်းထုတ်ခြင်းဟာ ရှင်သန်တဲ့ပညာရေးအသိုင်းအဝိုင်းရဲ့အနှစ်သာရတစ်ခုသာဖြစ်တယ်။ မေးခွန်းတွေမေးရင်း၊ ဆွေးနွေးရင်း အသိတရားတွေ တိုးလာနိုင်မှာ၊ ကျွန်တော်က ကြိုးစားပြီး ဖြေခဲ့တယ်။ အခမ်းအနားကို ပါမောက္ခလီချန်ယန်က မိန့်ခွန်းပြောရင်း နိဂုံးချုပ်ခဲ့တယ်။ နိဂုံးချုပ်စဉ်မှာ ယူနန်တက္ကသိုလ် မြန်မာလေ့လာရေးဗိမာန်မှာ အကြံပေးဘုတ်အဖွဲ့ဝင်တစ်ဦးအနေနဲ့ တာဝန်ယူပေးဖို့ ဖိတ်ကြားခဲ့တယ်။ အခုလို မမျှော်လင့်ဘဲ ကမ်းလှမ်းတာကို အံ့သြမိသလို ဝမ်းသာကြည်နူးမိပါတယ်။

> **“ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးမှုဟာ ဆက်စပ်နေတာ။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရတဲ့ အချိန်ကစပြီး ပဋိပက္ခတွေ မျိုးစုံဖြစ်ခဲ့တာမို့ ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရတယ်။ တစ်ဖက်ကလည်း ဖွံ့ဖြိုးမှုနောက်ကျခဲ့တာမို့ ပဋိပက္ခကို အားပေးသလိုဖြစ်ခဲ့တယ်။ ငြိမ်းချမ်းရေးဖွံ့ဖြိုးမှု သံသရာလည်နေခဲ့တာ။ ငြိမ်းချမ်းရေးရဖို့ ခေတ်အဆက်ဆက်က အစိုးရတွေလည်း ပုံစံအမျိုးမျိုးနဲ့ ကြိုးစားအားထုတ်ခဲ့ကြတယ်။ ဒါပေမယ့် တည်ငြိမ်တဲ့၊ စဉ်ဆက်မပြတ်တဲ့ ငြိမ်းချမ်းရေး မရခဲ့ဘူး။”**

လွန်ခဲ့တဲ့ငါးနှစ်ကျော်က ကနေဒါနိုင်ငံ University of British Columbia မှာ ဟောပြောပွဲတစ်ရက် ကျင်းပပြီးချိန်မှာ ဂုဏ်ထူးဆောင်ပါမောက္ခတာဝန်ကို ပေးအပ်ခြင်းခံခဲ့ရပါတယ်။

ဟောပြောပွဲပြီးချိန်မှာ မြန်မာနိုင်ငံက ကျောင်းသားကျောင်းသူတွေကို နှုတ်ဆက်ကြတယ်။ ယူနန်တက္ကသိုလ်က တာဝန်ရှိသူတွေနဲ့လည်း ဓာတ်ပုံရိုက်ခဲ့ကြတယ်။ ခန်းမရဲ့အဝင်မှာ ၁၉၂၃ ခုနှစ်က ယူနန်တက္ကသိုလ်ဖွင့်လှစ်ခဲ့စဉ် တာဝန်ရှိသူတွေရဲ့ ဆီဆေးပန်းချီကားကြီးအရှေ့မှာလည်း ဓာတ်ပုံရိုက်ပြန်တယ်။ ယူနန်တက္ကသိုလ်မှာ ၁၉၅၂ ခုနှစ်က ဝန်ကြီးချုပ်ဦးနုက လာရောက်ပြီး အများပြည်သူအတွက် မိန့်ခွန်းပြောခဲ့ကြောင်း အသိပေးခဲ့တယ်။ ဒါကြောင့်လည်း နှစ်ပေါင်း ၅၀ ကျော်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဖိတ်ကြားလိုကြောင်း ပြောခဲ့ပါတယ်။ ကျွန်တော်က သိပ်ဖြစ်စေချင်တာ။

**မြန်မာနိုင်ငံနှင့်စီးပွားဆက်ဆံရေး ပိုမိုဆောင်ရွက်ဖို့ တိုက်တွန်း**

နေ့လယ်စာကို တက္ကသိုလ်ရဲ့ စားသောက်ဆိုင်မှာ စားသောက်ကြတယ်။ ဟိုတယ်တစ်ခုလိုပါပဲ။ ဟင်းမျိုးစုံ။ စားသောက်ရင်း ပညာရေးနဲ့ပတ်သက်ပြီး မြန်မာပြည်က တက္ကသိုလ်တွေနဲ့ ဆက်သွယ်ဖို့ဆွေးနွေးခဲ့ကြတယ်။ နေ့လယ်စာစားပြီး ဟိုတယ်မှာ ခဏနားခဲ့တယ်။ ညနေပိုင်းမှာတော့ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီဌာနချုပ်က နိုင်ငံခြားရေးတာဝန်ခံရုံးက ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ ဆွေးနွေးခဲ့ကြတယ်။ အမျိုးသမီးက အသက်ငယ်ငယ်ထက်မြက်တယ်။ တရုတ်နိုင်ငံတိုးတက်ခဲ့ပုံနဲ့ ယူနန်ပြည်နယ်တိုးတက်မှုကို ပြည့်ပြည့်စုံစုံ တင်ပြခဲ့တယ်။ မြန်မာနိုင်ငံနဲ့ စီးပွားရေးဆက်သွယ်ဆက်ဆံမှုတွေ အခုထက်ပိုမိုဆောင်ရွက်ဖို့ တိုက်တွန်းခဲ့ပါတယ်။

အမှန်တော့ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်ခဲ့တယ်။ နှစ်ပေါင်း ၄၀ တိတိ နှစ်စဉ်ဂျီဒီပီတိုးတက်မှုနှုန်း ၁၀ ဂဏန်းကျော်ခဲ့ပြီး ဆင်းရဲနွမ်းပါးသူ သန်းပေါင်းရာကျော်ကို ဆင်းရဲတွင်းမှ လွတ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့တယ်။ အခုဆိုရင် အမေရိကန်ပြည်ထောင်စုနဲ့ စီးပွားရေးယှဉ်ပြိုင်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်နေတာ တွေ့ရတယ်။

ကျွန်တော် အရင်တုန်းက တရုတ်နိုင်ငံကို မကြာခဏ ရောက်ခဲ့တယ်။ ဒီတစ်ခေါက်မှာ တိုးတက်မှုတွေဟာ အံ့သြစရာကောင်းလှတာ။ ကူမင်းလေယာဉ်ကွင်းဟာ အလွန်ခမ်းနားလှတာ။ လမ်း၊ တံတားတွေကလည်း ဥရောပနိုင်ငံတွေ၊ အမေရိကန် ပြည်ထောင်စုအတိုင်းပဲ။ ဒါကြောင့်လည်း သူတို့ရဲ့အောင်မြင်မှုကို ဝင့်ကြွားစွာ အခုလို ဖော်ထုတ်နိုင်ခဲ့တာဖြစ်တယ်။ ဒုညွှန်ချုပ်နဲ့ အစည်းအဝေးအပြီး ညစာစားပွဲကို တည်ခင်းခဲ့တယ်။ အစားအသောက်တွေကလည်းမျိုးစုံ။ တရုတ်စာဆိုပေမယ့် ပုံစံကတစ်မျိုး။ နံနက်စောစော ကူမင်းကနေ မြန်မာနိုင်ငံနယ်စပ်မှာရှိတဲ့ ရွှေလီမြို့ကို လေယာဉ်နဲ့ ခရီးထွက်ဖို့ စီစဉ်ခဲ့တယ်။ ဟိုတယ်ကနေ လေယာဉ်ကွင်း၊ လေယာဉ်ကွင်းကနေ လေယာဉ်နဲ့ ရွှေလီမြို့ကို ထွက်လာခဲ့ကြတယ်။ ကူမင်းတက္ကသိုလ်က ဆရာဇော်ရယ်၊ မအိအိခိုင်တို့လည်းပါတယ်။ လေယာဉ်ခရီးက တစ်နာရီကျော်ကြာတာမို့ ရွှေလီမြို့ပေါ် ရောက်ပြီး ဆင်းဖို့ ကြိုးစားပေမယ့် ရာသီဥတုအခြေအနေဟာ ဆိုးလွန်းတာမို့ မဆင်းနိုင်ခဲ့ဘူး။ မဆင်းဘဲပျံဝဲနေခဲ့တယ်။ နောက်ရာသီဥတု အခြေအနေမကောင်းတော့တာမို့ ကူမင်းမြို့ကို ပြန်ခဲ့ကြရတယ်။ ခရီးအစီအစဉ်တွေကလည်း ပျက်ခဲ့တယ်။ နောက်တစ်ရက်သွားဖို့လည်း မဖြစ်နိုင်တာမို့ ရန်ကုန်ကို မီရာလေယာဉ်နဲ့ အတော်ကြိုးစားပြီး ပြန်ခဲ့ကြတယ်။ ပါလာတဲ့ အထုပ်တွေကို ထားခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ် ခရီးက ရည်ရွယ်ထားသလို အပြည့်အစုံမဖြစ်ပေမယ့် အောင်မြင်တဲ့ခရီးတစ်ခုဖြစ်ခဲ့ပါ တယ်။ ။

## မိုးမိတ်မြို့နယ် အခြေခံပညာကျောင်းများတွင် ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ(မူကြမ်း) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မိုးမိတ် ဇွန် ၃၀**

ရှမ်းပြည်နယ်လွှတ်တော်ကရေးဆွဲသည့် အခြေခံပညာကျောင်းများတွင်ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ (မူကြမ်း)အပေါ် အလုပ်ရုံဆွေးနွေးပွဲကို ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ် မြို့နယ်ခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းက ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ(မူကြမ်း)တွင် အခြေခံပညာကျောင်းများ၌ သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်၍အာဟာရပြည့်ဝသော အစားအသောက်များရရှိနိုင်စေရန်နှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော အစားအသောက်များကို အချိန်မီတားမြစ်ထိန်းချုပ်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

မြောက်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုင်းသီဟက အဆိုပါဥပဒေမူကြမ်းတွင် အခန်း ၁၃ ခန်း ပါရှိပြီး အဓိကကဏ္ဍအနေဖြင့် အခန်း(၇)မှ စတင်၍ ဝိုင်းဝန်းဆွေးနွေးသွားကြရန် ပြောကြားခဲ့သည်။

အခြေခံပညာကျောင်းများတွင် ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ(မူကြမ်း)တွင် ပညာရှင်ဖြစ်သော ကျန်းမာရေးဝန်ထမ်းများနှင့် ကျောင်းသားကိုယ်စားလှယ်များကိုလည်းထည့်သွင်း၍ ဖွဲ့စည်းထားစေလိုကြောင်း လက်ခုပ်တန်းရပ်ကွက်နေ ကိုဇော်က ပြောသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်ဥပဒေအရာရှိနှင့် မြို့နယ်အတွင်းရှိ ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းဈေးသည်များက အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စည်သူဌေး (မိုးမိတ်သား)**



**အခြေခံပညာကျောင်းများတွင် ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ(မူကြမ်း) အလုပ်ရုံဆွေးနွေးပွဲကို မိုးမိတ်မြို့၌ ကျင်းပစဉ်။**

# တယ်လီနောမြန်မာ၏ တိုးတက် ပညာရေး ပလက်ဖောင်းတွင် ထပ်ဆောင်းဝန်ဆောင်မှုများ တိုးချဲ့

**ရန်ကုန် ဇွန် ၃၀**

တယ်လီနောမြန်မာ၏ ပညာရေးဆိုင်ရာဝန်ဆောင်မှုပလက်ဖောင်းတစ်ခုဖြစ်သော တိုးတက် ပညာရေးဝန်ဆောင်မှုမှတစ်ဆင့် ပြည်တွင်းရှိ ဝန်ဆောင်မှုကို အသုံးပြုနေသူ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များအတွက် အပိုထပ်ဆောင်း ပညာရေး ဝန်ဆောင်မှုများကို ဇွန် ၂၆ ရက်မှစ၍ တိုးချဲ့ပေးအပ်နေပြီဖြစ်ကြောင်း သိရသည်။

တိုးတက်ပညာရေးဝန်ဆောင်မှုပလက်ဖောင်းကို မိတ်ဖက်အဖွဲ့အစည်း လေးခု ဖြစ်သည့် MONO Technology Myanmar, TMAM Limited, ConceptX နှင့် 360ed(Visioneering Learning)တို့ ပူးပေါင်းပေးအပ်ခြင်း ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လက်မှတ်ရေးထိုးသည့် အခမ်းအနားကို ဇွန် ၂၆ ရက်က ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပခဲ့ကာ အပိုထပ်ဆောင်း ပညာရေးဝန်ဆောင်မှု အသစ် နှစ်ခုအနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု SMS ဝန်ဆောင်မှုနှင့် ဘာသာစကားလေ့လာခြင်းဆိုင်ရာ Interactive Voice Response(IVR) ဝန်ဆောင်မှုများကို တိုးချဲ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"တယ်လီနောအနေနဲ့ အခုလို နိုင်ငံတစ်ဝန်းက အသုံးပြုသူတွေအတွက် ပညာရေး ဝန်ဆောင်မှုပလက်ဖောင်းတစ်ခုကို ပေးအပ်နိုင်ခဲ့တဲ့အတွက် ဝမ်းမြောက်မိပါတယ်။ တိုးတက် ဝန်ဆောင်မှုမှာ အခု ရရှိနေတဲ့ ဝန်ဆောင်မှုတွေဟာ ကျောင်းသားကျောင်းသူ တွေနဲ့ လူငယ်တွေ တစ်ဦးချင်းစီတိုင်းရဲ့ကျွမ်းကျင်မှုတွေ၊ ဗဟုသုတတွေကို အချိန်တို အတွင်း အဆင့်မြင့်မားလာစေနိုင်မှာဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးဆိုင်ရာ အရာရှိချုပ် Amaresh Kumar က ပြောကြားသည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲ အထောက်အကူပြု SMS ဝန်ဆောင်မှုတွင် ကျောင်းသားကျောင်းသူများသည် ၎င်းတို့၏ မိုဘိုင်းဖုန်းများမှတစ်ဆင့် သက်ဆိုင်ရာ ပညာရပ် သင်ခန်းစာများကို အလွယ်တကူ ရယူသင်ကြားသွားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများသည် မြန်မာ၊ အင်္ဂလိပ်၊ ဇီဝဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဘောဂဗေဒ ဘာသာရပ်များအနက် သင်ယူလိုသည့် ဘာသာရပ်များအတွက် သင်ခန်းစာများအလိုက် ဝန်ဆောင်မှုများကို ဖုန်းနံပါတ် ၆၆၂၂ သို့ (MYAN၊ EN၊ BIO၊ CHEM၊ PHYS၊ ECO နှင့် အနောက်တွင် ON)ဟု ရိုက်၍ ပေးပို့လိုက်ခြင်းဖြင့် စာရင်းပေးသွင်း ရယူသင်ကြားနိုင်မည်ဖြစ်ကာ ဘာသာရပ်တစ်ခုစီအတွက် တစ်ပတ်စာ ဝန်ဆောင်ခမှာ ၃၁၅ ကျပ် ကျသင့်မည်ဖြစ်ကြောင်း၊ စာရင်းပေးသွင်းပြီး သည်နှင့် စာရင်းပေးသွင်းလိုက်သည့် တစ်ဘာသာချင်းစီအတွက် တစ်ရက်လျှင် SMS နှစ်စောင်ကို မနက် ၉ နာရီနှင့် နေ့လယ် ၃ နာရီတွင် ရရှိမည်ဖြစ်ပြီး အဆိုပါ SMS များတွင် မှန်/မှား အဖြေမှန်ရွေးချယ်ခြင်းနှင့် ကွက်လပ်ဖြည့်ပါ သင်ခန်းစာ များအတွက် မေးခွန်းများနှင့် အဖြေများ ပြည့်စုံစွာပါရှိမည်ဖြစ်ကြောင်း၊ သင်ခန်းစာ များကို သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများပါဝင်သည့်အဖွဲ့နှင့် သက်ဆိုင်ရာ ဘာသာရပ်သင်ကြားသည့် တက္ကသိုလ်ဝင်တန်း ဆရာ ဆရာမများ ပူးပေါင်းပြုစုထား ကြောင်း သိရသည်။

ဘာသာစကားလေ့လာခြင်းဆိုင်ရာ ဝန်ဆောင်မှုတွင် အသုံးပြုသူများအနေဖြင့် အင်္ဂလိပ်၊ ထိုင်း၊ ကိုရီးယားနှင့် ဂျပန် ဘာသာစကားများအတွက် စကားစုများ၊ နေ့စဉ်သုံး စကားရပ်များနှင့် သဒ္ဒါသင်ခန်းစာများကို ရယူသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုကိုရယူရန်အတွက် ဘာသာရပ်တစ်ခုချင်းစီအလိုက် သတ်မှတ်ထားသည့် ကုတ်နံပါတ်များသို့ တိုက်ရိုက်ဖုန်းခေါ်ဆို၍ စာရင်းပေးသွင်း ရယူနိုင်ကြောင်း၊ ခေါ်ဆို ရမည့် နံပါတ်များမှာ အင်္ဂလိပ်ဘာသာအတွက် ၃၀၇၁၊ ထိုင်းဘာသာအတွက် ၃၀၇၂၊ ကိုရီးယား ဘာသာအတွက် ၃၀၇၃ နှင့် ဂျပန် ဘာသာအတွက် ၃၀၇၄ တို့ဖြစ်ကြောင်း၊ ဘာသာရပ်တစ်ခုချင်းစီအတွက် စာရင်းပေးသွင်းခန္ဓန်းထားမှာ တစ်ပတ်လျှင် ၃၁၅ ကျပ်ဖြစ်ကြောင်း၊ စာရင်းပေးသွင်းပြီးသည်နှင့် ပေးအပ်ထားသည့် သင်ခန်းစာများကို ခုနစ်ရက်အတွင်း အကန့်အသတ်မရှိ ဖုန်းခေါ်ဆို၍ သင်ယူနိုင်မည်ဖြစ်ကြောင်း၊ သင်ခန်းစာများကို တစ်ပတ်လျှင်တစ်ကြိမ် အသစ်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**




# ဂိမ်းဝါသနာရှင်များအတွက် App Touch ဂိမ်းဝန်ဆောင်မှုသစ်ကို MPT မိတ်ဆက်ထား

**ရန်ကုန် ဇွန် ၃၀**

ပြည်တွင်းမှ ဂိမ်းဝါသနာရှင်များအတွက် ဂိမ်းဝန်ဆောင်မှုအသစ်ဖြစ်သည့် App Touch ဝန်ဆောင်မှုကို MPT က ဟွာဝေးမြန်မာနှင့် ပူးပေါင်း၍ ဇွန်လ စတုတ္ထပတ် အတွင်းက စတင်မိတ်ဆက်ခဲ့ပြီး ထိုဝန်ဆောင်မှုကို အသုံးပြုခြင်းဖြင့် နိုင်ငံတစ်ဝန်းမှ MPT သုံးစွဲသူများအနေဖြင့် ဂိမ်းအစီအစဉ်များအားလုံးကို ဈေးနှုန်းသက်သာစွာဖြင့် ဝန်ဆောင်မှုတစ်ခုတည်းမှ ရယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း MPT မှ သတင်းထုတ် ပြန်ချက်အရ သိရသည်။

App Touch ဝန်ဆောင်မှုတွင် အန်းဒရွိုက်ဖုန်းများအတွက် လိုင်စင်ရယူထား ပြီးဖြစ်သည့် ဒေါင်းလုပ်ယူနိုင်သော နာမည်ကြီး အရည်အသွေးမြင့် ဂိမ်းအစီအစဉ် များကို ထည့်သွင်းပေးထားကာ သုံးစွဲသူများအနေဖြင့် Action၊ Casual and Puzzle၊ Chess and Cards၊ Music၊ Racing၊ Role Playing၊ Sports နှင့် Strategy စသည့် အမျိုးအစားစုံ ဂိမ်းပေါင်း ၂၀၀၀ ကျော်ကို ရယူကစားနိုင်မည် ဖြစ်ကြောင်း၊ ဝန်ဆောင်မှုကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ရယူသုံးစွဲသူများအနေဖြင့် နာမည်ကျော် ဂိမ်းအမျိုးမျိုးကို ကျသင့်သလောက်ပေး အစီအစဉ်(Pay per Download-PPD)ဖြင့် ကြိုက်သလောက် ဒေါင်းလုပ်ဆွဲ၍ ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

App Touch ဝန်ဆောင်မှုကို အသုံးပြုရန်အတွက် MPT သုံးစွဲသူများအနေဖြင့် အက်ပလီကေးရှင်းကို http://apptouch.vip ဝက်ဘ်ဆိုက်တွင်လည်းကောင်း၊ လိုတရဝက်ဘ်ပေါ်တယ်လ် https://lotaya.mpt.com.mm/event/228 တွင် လည်းကောင်း ဒေါင်းလုပ်ရယူနိုင်ပြီး အက်ပလီကေးရှင်းကို install လုပ်ပြီးပါက SMS ပေးပို့၍ ဝန်ဆောင်မှုကို ရယူနိုင်မည်ဖြစ်သည်။ တစ်ရက်စာအတွက် 8550 သို့ GD သို့မဟုတ် ON ဟုလည်းကောင်း၊ တစ်ပတ်စာအတွက် 8550 သို့ GW ဟုလည်းကောင်း၊ တစ်လစာအတွက် 8550 သို့ GM ဟုလည်းကောင်း SMS ပေးပို့၍ ရယူနိုင်ကာ ဝန်ဆောင်ခမှာ တစ်ရက်စာအတွက် ၉၉ ကျပ်၊ တစ်ပတ်စာ အတွက် ၄၉၉ ကျပ်နှင့် တစ်လစာအတွက် ၉၉၉ ကျပ် ကျသင့်မည်ဖြစ်သည်။

စာရင်းသွင်းရယူထားသည့် သုံးစွဲသူများသည် VIP အသုံးပြုသူအဆင့် ရရှိ မည်ဖြစ်ပြီး AppTouch တွင် ပါဝင်သည့် ဂိမ်းများအားလုံးကို ရယူဆော့ကစား နိုင်မည်ဖြစ်သလို အက်ပလီကေးရှင်းအတွင်း ဝယ်ယူမှုများအားလုံးတွင်လည်း လျှော့ဈေးရရှိမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရယူထားခြင်းမရှိသူများအနေဖြင့်မူ ဂိမ်းများကို ဝယ်ယူလိုပါက ဒေါင်းလုပ်တစ်ကြိမ်ဆွဲတိုင်း အနည်းဆုံး ၃၀၀ ကျပ်မှစ၍ အများဆုံး ကျပ် ၃၂၀၀၀ အထိ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် MPT က အဆိုပါဝန်ဆောင်မှုကို ရယူသုံးစွဲမည့်သူများအတွက် ပရိုမိုးရှင်းအစီအစဉ်ကို ပြုလုပ်ထားပြီး ရွှေဒင်္ဂါးပြား နှစ်ဆု၊ ဖုန်းဟန်းဆက်နှစ်လုံးနှင့် MPT ငွေဖြည့်ကတ် ဆုများကို မဲဖောက်ပေးသွားမည်ဖြစ်ကာ ပရိုမိုးရှင်းကာလမှာ ဩဂုတ် ၂၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

# ဒီဇိုင်းဆန်းသစ်တဲ့ motorized ဆယ်လ်ဖီကင်မရာနဲ့ ဆမ်ဆောင်းရဲ့ Galaxy A80 စမတ်ဖုန်းသစ်



စမတ်ဖုန်းမော်ဒယ်သစ်တွေရဲ့မျက်နှာပြင်တွေကို လုံးဝ မျက်နှာပြင်အပြည့် (Full Screen) အနေနဲ့ ထုတ် လုပ်လာချိန်မှာ မိုဘိုင်းဖုန်းထုတ်လုပ်တဲ့ ကုမ္ပဏီတွေ အနေနဲ့ ဆယ်လ်ဖီ ကင်မရာတွေကို ဖုန်းမျက်နှာပြင်ပေါ် ကနေ ဖျောက်ပစ်ဖို့ ဒီဇိုင်းအမျိုးမျိုး ဖန်တီးထုတ်လုပ်နေ ကြပါတယ်။ ဖုန်းအများစုမှာ ဆယ်လ်ဖီကင်မရာဟာ ဖုန်းကိုယ်ထည်ထဲကထွက်လာတဲ့ ဒီဇိုင်းမျိုးကို လုပ်နေ ချိန်မှာ ဆမ်ဆောင်းရဲ့ Galaxy A80 ကတော့ တစ်မူ ထူးခြားပြီး နောက်ဘက်က ပင်မကင်မရာကိုပဲ Motorized Selfie ကင်မရာအဖြစ် ဒီဇိုင်းထုတ်ထားတာ ဖြစ်ပါတယ်။

ဆမ်ဆောင်း Galaxy A80 ဟာ မျက်နှာပြင် အကျယ် ၆ ဒသမ ၇ လက်မရှိပြီး ဖုန်းရဲ့ screen မှာ ကင်မရာတွေ၊ စပီကာတွေ မပါတော့ဘဲ full screen display ဖြစ်လာပါတယ်။ Screen အမျိုးအစားက Super AMOLED ဖြစ်ပြီး Resolution က 1080 x 2400 pixels ရှိလို့ ရုပ်ထွက် အရည်အသွေး လည်း အထူးကောင်းမွန်ပါတယ်။ မျက်နှာပြင်ကို ထိခိုက် မှုတွေက ကာကွယ်နိုင်မယ့် Gorilla Glass 3 နဲ့ ဖုံး အုပ်ကာကွယ်ထားပါတယ်။ Display ပိုင်းမှာ ထူးခြား ချက်အနေနဲ့ ဆမ်ဆောင်းရဲ့ Always-on display လုပ်ဆောင်ချက်လည်း ပါဝင်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက် Android 9.0 (Pie)ကို One UI နဲ့တွဲပြီး အသုံးပြု ထားပါတယ်။ Qualcomm SDM730 Snapdragon 730(8nm) Chipset ပေါ်မှာ Octa-core CPU ကို အသုံးပြုထားသလို RAM က 8GB ရှိလို့ စွမ်းရည်မြင့်မားပြီး ဂိမ်းအမျိုးမျိုးနဲ့ အက်ပလီကေးရှင်း အမျိုးမျိုးကို ပေါ့ပေါ့ပါးပါး အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အင်တာနယ်မင်မိုရီက 128GB ပါဝင်ပါတယ်။ အားနည်းချက်ကတော့ မင်မိုရီကတ်အတွက် အပေါက်မပါလို့ ကတ်ထပ်စိုက်ပြီးသုံးလို့ ရနိုင်မှာမဟုတ်ပါဘူး။ ဆင်းကတ်အနေနဲ့တော့ GSM ဆင်းကတ် နှစ်ကတ် ထည့် သွင်းအသုံးပြုနိုင်ပြီး အင်တာနက်အတွက် 4G ကွန် ရက်ကို ထောက်ပံ့ပေးနိုင်ပါတယ်။

ဆမ်ဆောင်း Galaxy A80 ရဲ့အဓိက ထူးခြားမှု ကတော့ ကင်မရာပိုင်းဖြစ်ပြီး နောက်ကင်မရာဟာ ၄၈ မဂ္ဂါပစ်ဇယ်ရှိတဲ့ ပင်မကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ် ultra wide ကင်မရာနဲ့ TOF 3D ကင်မရာတို့ ပါဝင်တဲ့ Triple ကင်မရာ ဖြစ်ပါတယ်။ Panorama နဲ့ HDR ရိုက်ကူးမှုတွေ ပါဝင်ပြီး ဗီဒီယိုပိုင်းမှာလည်း အရည် အသွေးမြင့်ဗီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ထူး ခြားချက်ကတော့ ဆယ်လ်ဖီကင်မရာဟာ သီးသန့် မပါ ဝင်တော့ဘဲ နောက်ကင်မရာကိုပဲ motorized Pop-up Rotating လုပ်ဆောင်ချက်နဲ့ ဆယ်လ်ဖီကင်မရာ အဖြစ် လှည့်သုံးထားတာဖြစ်ပါတယ်။ ဆယ်လ်ဖီ ကင်မရာ လုပ်ဆောင်ချက်ကို သုံးတော့မယ်ဆိုရင် နောက်ကင်မရာဟာ ကိုယ်ထည်ထဲကနေ အပေါ်ကို မြင့်တက်လာပြီး ကင်မရာကို ဆယ်လ်ဖီကင်မရာအဖြစ် လှည့်ပေးလိုက်မှာဖြစ်ပါတယ်။ ဒါကြောင့် ဆယ်လ်ဖီ အနေနဲ့လည်း အရည်အသွေးအကောင်းဆုံး ဓာတ်ပုံနဲ့ ဗီဒီယိုတွေကို ရိုက်ကူးနိုင်မှာဖြစ်သလို နောက်ကင်မရာနဲ့ အတူပါတဲ့ flash မီးကိုပါ ဆယ်လ်ဖီကင်မရာမှာ သုံးနိုင် မှာဖြစ်ပါတယ်။

အခြားထူးခြားချက်တွေအနေနဲ့တော့ Fingerprint Sensor ဟာ ဖုန်းကိုယ်ထည်နောက်မှာ မပါဝင် တော့ဘဲ Screen ထဲမှာပဲ under display အနေနဲ့ ပါဝင်လာတာဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာတော့ Li-Po 3700 mAh ဘက်ထရီ ပါဝင်ပြီး အလျင်အမြန် အားသွင်းနိုင်မယ့် Fast battery charging 25W လုပ်ဆောင်ချက်လည်း ပါဝင်ပါတယ်။

Galaxy A80 ကို နိုင်ငံတကာဈေးကွက်မှာ မေလ အတွင်းက စတင်မိတ်ဆက်ပြသပြီး ရောင်းချခဲ့ပေမယ့် ပြည်တွင်းဈေးကွက်ကိုတော့ လက်ရှိအချိန်အထိ မဝင် ရောက်သေးဘဲ ဇူလိုင်လလယ်ပိုင်းလောက်မှ ဝင်ရောက် ဖို့ရှိပါတယ်။ လက်ရှိအချိန်မှာတော့ အကြိုမှာယူမှုတွေ ကို လက်ခံနေပြီး ဈေးနှုန်းက ကျပ် ၉၉၉၀၀၀ ခန့် ဖြစ်ပါ တယ်။

**သူရဖြိုး**

# ဟွာဝေး၏ P30 စမတ်ဖုန်းများကို ၈၅ ရက်အတွင်း အလုံးရေ ၁၀ သန်းရောင်းချခဲ့ရ

**ရန်ကုန် ဇွန် ၃၀**

Huawei ၏ တန်ဖိုးမြင့် အရည်အသွေးမြင့်ဖုန်း စီးရီးစ်ဖြစ်သော P Series ထဲမှ နောက်ဆုံးထွက် ဖြစ်သည့် P30 Series စမတ်ဖုန်းများသည် Super Sensing Leica Quad Camera၊ 10x Hybrid Zoom နှင့် Ultra-Long Battery Life အစရှိသည့် လုပ်ဆောင်ချက်များ ကြောင့် ကမ္ဘာတစ်ဝန်း၌ ၈၅ ရက်အတွင်း အလုံးရေ ၁၀ သန်းအထိ ရောင်းချခဲ့ရကြောင်း ဟွာဝေး မြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဟွာဝေး P30 Series တစ်ခုတည်း၏ ရောင်း အားသည် စတင်မိတ်ဆက်ပြီး ၈၅ ရက်အတွင်း ၁၀ သန်းအထိ ရှိခဲ့ကြောင်း၊ ယခင် ထုတ်လုပ်ခဲ့ သည့် P20 Series မှာ အလုံးရေ ၁၀ သန်း ရောင်းအားသို့ ရောက်ရှိရန် ယခုထက် ၆၂ ရက် ပိုမိုစောင့်ဆိုင်းခဲ့ရကြောင်း အဆိုပါ သတင်းထုတ် ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ဟွာဝေး ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို နိုင်ငံပေါင်း ၁၇၀ကျော်တွင် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံက သုံးစွဲလျက်ရှိ ကြောင်း၊ ဟွာဝေးသည် ၂၀၁၅ ခုနှစ်က စမတ်ဖုန်း တင်ပို့မှု၌ တတိယနေရာသို့ ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်၊ ဂျာမနီ၊ ဆွီဒင်၊ ရုရှား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် သုတေသနစင်တာပေါင်း ၁၅ ခုကို တည်ထောင်ထားကာ ဟွာဝေးမှ စမတ်ဖုန်း၊ ကွန်ပျူတာနှင့် တက်ဘလက်များ၊ ဝတ်ဆင်နိုင် သောကိရိယာများ၊ ကြိုးမဲ့အင်တာနက်ချိတ်ဆက် နိုင်မည့် ရွေ့လျားကိရိယာများ၊ အိမ်သုံး ထုတ်ကုန် များ၊ အင်တာနက် သိုလှောင်ခြင်းဝန်ဆောင်မှုနှင့် ထုတ်ကုန်(Device Cloud Services)များကို ထုတ်လုပ် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရ သည်။

**ကျော်ဇင်ဦး**




GGI
INSURANCE • အာမခံ
အတိုးရ
ကျောင်းသားအသက်အာမခံ
Student Life Insurance
" လုံခြုံကြွယ်ဝ သင့်ရင်သွေးအနာဂတ်ဘဝ "
" Securing your child's future "
ရည်ရွယ်ချက်
- ရင်သွေးငယ်များ၏ အနာဂတ် ပညာရေးအတွက် စိတ်အေး ချမ်းသာမှုရှိစေရန်
အာမခံထားသူ(ရင်သွေးငယ်)၏ အသက်ကန့်သတ်ချက်
- ၁ နှစ်မှ ၁၂ နှစ်ထိ
အာမခံဝယ်ယူနိုင်သူ (ဖခင် (သို့)မိခင်) ၏ အသက်ကန့်သတ်ချက်
- ၁၈ နှစ်မှ ၅၅ နှစ်ထိ
အာမခံသက်တမ်း
- အနည်းဆုံး(၈)နှစ်မှအများဆုံး(၁၉)နှစ်အထိ
ပရီမီယံပေးသွင်းရမည့်ကာလ
- အနည်းဆုံး(၅)နှစ်မှ အများဆုံး(၁၆)နှစ်အထိ
ပရီမီယံပေးသွင်းခြင်း
- (၁)လတစ်ကြိမ်၊ (၃)လတစ်ကြိမ်၊
- (၆)လတစ်ကြိမ်၊ (၁)နှစ်တစ်ကြိမ်
အာမခံအကျိုးခံစားခွင့်
- ပညာသင်ထောက်ပံ့ငွေအကျိုးခံစားခွင့်
- သေဆုံးမှုအကျိုးခံစားခွင့်
- ထာဝစဉ်မသန်စွမ်းအကျိုးခံစားခွင့်
- ပရီမီယံကင်းလွတ်ခွင့်
Contact +95 9 4000 6 8811 ~ 33
Grand Guardian Life Insurance Co.,Ltd.
1104 ~1106, 11th Floor, Crystal Tower, Kyun Taw Street,Kamayut Township, Yangon.
E-mail : gglisales@ggipinsurance.com
Securing Your Future
လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ

Majeed Bai

A M

ESTD - 1949



Congratulations

70th YEARS

Anniversary

CAIRO TAILORS

YANGON OFFICE
No.190.37th.street.(Middle Block)Kyauktada Township.Yangon
Ph 01372743.385136.391578

NAYPYITAW BRANCH
No.(Na:54.55.56).Tha Pyay Gone Market.Nay pyi Taw.
Ph:0673432451.0673414146.0673414757

MANDALAY BRANCH
No.(A.8.A.9).26 Street.Between(64×65).Aung Myay Thar San Township.
Mandalay.
Ph:02 -4061027.4061072

## Invitation for Bids - Advertisement

**The Republic of the Union of Myanmar**
**Modernization of Public Finance Management Project**
**ICT: Supply of Software: Lot 1:VMware for DR Site of JPAC, Lot 2:Security for DR Site of JPAC**
**Ref No: MPFMp-JPAC-D1-GS-604**

1. This Invitation for Bids is for ICT supply of software - a total of two packages – Disaster Recovery Site for Data Center of Pyidaungsu Hluttaw Office.
